# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

■ ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်　　၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့၊　　အတွဲ [၅၅]၊ အမှတ် [၁၄၇]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အက်စ်တိုးနီးယားလွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော်　ဖေဖော်ဝါရီ　၂၄**

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ကျရောက်သော အက်စ်တိုးနီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အက်စ်တိုးနီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုမာခ့် ဟင်းဒရစ်ခ် အီဗက်ခ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

*စာမျက်နှာ ၃ ကော်လံ ၅* ✻

## (၈)ကြိမ်မြောက် အာရှ-ပစိဖိတ် မျိုးဆက်ပွား ကျန်းမာရေးနှင့် အခွင့်အရေးများဆိုင်ရာ ညီလာခံ၏ အရေးပါမှုများဆွေးနွေး

စာမျက်နှာ-၃

## အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

စာမျက်နှာ-၈

## သမိုင်းရာဇဝင်တွင် သစ္စာမဲ့သည့်လုပ်ရပ်များကြောင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီး သူ့ကျွန်ဘဝကျရောက်ခဲ့၊ ယင်းသစ္စာမဲ့မှု၏အကျိုးဆက်အဖြစ် ပဋိပက္ခများကို ယနေ့တိုင် ဖြေရှင်းနေရဆဲဖြစ်

စာမျက်နှာ-၅

# မြန်မာနိုင်ငံမြောက်ဖျားပိုင်း မိုးရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေ ထူးခြားစွာမြင့်တက်



မြစ်ကြီးနားမြို့တွင် ဧရာဝတီမြစ်ရေ ထူးခြားစွာ မြင့်တက်လာသည်ကို တွေ့ရစဉ်။

**သတင်းနှင့်ဓာတ်ပုံ-မင်းရာဇာ(မြစ်ကြီးနား)**

**မြစ်ကြီးနား　ဖေဖော်ဝါရီ　၂၃**

မြန်မာနိုင်ငံ၏ မြောက်ဖျားပိုင်းတွင် မိုးရွာသွန်းခြင်းနှင့် အပူချိန်များမြင့်တက်လာ၍ ရေခဲများအရည်ပျော်ကျလာခြင်းတို့ကြောင့် ဧရာဝတီမြစ်ရေသည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ဖေဖော်ဝါရီ ၂၂ ရက် ည ၁၀ နာရီခွဲတွင် ၅၀၃ စင်တီမီတာသို့ရောက်ရှိခဲ့ပြီး ၁၆ နာရီအတွင်း ၁၂ ပေအထိ မြင့်တက်ခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ယနေ့နံနက် ၁၁ နာရီထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ဗန်းမော်နှင့် ကသာမြို့တို့တွင် ၇ ပေမှ ၈ ပေခန့်၊ နောက် သုံးရက်မှ ငါးရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၅ ပေမှ ၆ ပေခန့်နှင့် နောက် ခြောက်ရက်မှ ၁၁ ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် လက်ရှိရေမှတ်ထက် ၄ ပေမှ ၅ ပေခန့် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၌ ဖေဖော်ဝါရီ ၂၁ ရက်က ၁၄၁ စင်တီမီတာ၊ ဖေဖော်ဝါရီ ၂၂ရက် ညနေ ၆ နာရီခွဲခန့်တွင် ၄၆၆ စင်တီမီတာ၊ ဖေဖော်ဝါရီ ၂၂ ရက် ည ၁၀ နာရီခွဲတွင် ၅၀၃ စင်တီမီတာအထိ မြင့်တက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၃ ရက်

*စာမျက်နှာ ၁၀ ကော်လံ ၁* ●




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## အလုပ်လုပ်နိုင်သူနှင့် အလုပ်အကိုင်အခွင့်အလမ်း

နေအိမ်တစ်အိမ်၌ အလုပ်လုပ်နိုင်သူနှင့် အလုပ်မလုပ်နိုင်သူနှိုင်းယှဉ်ရာတွင် အလုပ်လုပ်နိုင်သူများပြီး ကိုယ်စီအလုပ်လုပ်ကြပါမှဝင်ငွေကောင်းပြီး ကြီးပွားတိုးတက်နိုင်ပါသည်။ ထို့အတူ ဒေသတစ်ခု သို့မဟုတ် နိုင်ငံတစ်နိုင်ငံသည်လည်း အလုပ်လုပ်သူဦးရေများပြီး အလုပ်လုပ်ကြပါမှ ကြီးပွားတိုးတက်နိုင်ပါသည်။ အလုပ်လုပ်နိုင်အောင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းသည် ပဓာနအကျဆုံးဖြစ်ပါသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ အလုပ်လုပ်နိုင်သည့် အသက်အရွယ်အပိုင်းအခြားဖြစ်သော အသက် ၁၅ နှစ်မှ ၆၄ နှစ်အကြား လူဦးရေ များပြားနေခြင်းကြောင့် လူဦးရေ ဆုလာဘ် (Population Bonus) ရရှိပိုင်ဆိုင်ထားသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ တစ်နည်းဆိုလျှင် အလုပ်လုပ်နိုင်သူများပြားနေသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ အလုပ်လုပ်နိုင်သောဦးရေ များပြားနေခြင်းသည် နိုင်ငံအတွက်ကြီးပွားတိုးတက်ရန် အလားအလာကောင်းများပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ မိတ်ဖက်နိုင်ငံများဖြစ်သည့် ထိုင်း၊ တရုတ်၊ ဂျပန်၊ ကိုရီးယားစသော နိုင်ငံများတွင် အသက်အရွယ်ကြီးရင့်သူများ ပိုမိုများပြားလာသည့်အတွက် ၂၀၄၀ ပြည့်နှစ်အရောက်တွင် အလုပ်လုပ်နိုင်သူဦးရေသည် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားနိုင်ကြောင်း ကမ္ဘာ့ဘဏ်က ကြိုတင်ဟောကိန်းထုတ်ထားပါသည်။ မြန်မာနိုင်ငံတွင် အလုပ်လုပ်နိုင်သူဦးရေများပြားနေခြင်းသည် ကံကောင်းသည်ဟု ဆိုရပေမည်။

သို့ရာတွင် ဤသို့အလုပ်လုပ်နိုင်သူဦးရေ များပြားနေသော်လည်း အလုပ်အကိုင်များကို များများဖန်တီးပေးနိုင်စွမ်းမရှိလျှင် အကျိုးကျေးဇူးကို ခံစားရလိမ့်မည်မဟုတ်ပေ။ အလုပ်အကိုင်များ များများ ဖန်တီးပေးရန်လိုအပ်မည်ဖြစ်ပါသည်။ အလုပ်အကိုင်များ ဖန်တီးပေးသည်ဆိုရာ၌ အလုပ်အကိုင်ပေးနိုင်သော စက်ရုံ၊ အလုပ်ရုံများအပါအဝင် အလုပ်လုပ်နိုင်သောနေရာများ၊ အလုပ်ပေးနိုင်မည့်နေရာများကို သက်ဆိုင်ရာ ဒေသအစိုးရများက ဘက်ပေါင်းစုံဖြေလျှော့မှုများနှင့်အတူ ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်ထူထောင်ခွင့်များပေးနိုင်ရန် ဆောင်ရွက်ဖို့လိုအပ်ပါသည်။ အလုပ်များများပေးနိုင်မည့် စက်ရုံ၊ အလုပ်ရုံများ ဒေသအနှံ့ ဖွင့်လှစ်ထားနိုင်ဖို့ လိုပါသည်။

အလုပ်အကိုင်ခန့်ထားမည့် ကုမ္ပဏီအဖွဲ့အစည်းများ၊ အသေးစား၊ အလတ်စားစီးပွားရေး လုပ်ငန်းများအနေဖြင့်လည်း မိမိတို့၏ အကျိုးအမြတ်တစ်ခုတည်းကိုသာ မစဉ်းစားဘဲ "ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ" ဆိုသည့်အတိုင်း အမျိုးသားရေးစိတ်ဓာတ်ကိုရှေးရှုကာ အလုပ်အကိုင်များ ပိုမိုခန့်ထားရေးကို အလေးထားဆောင်ရွက်သင့်ပါသည်။

ယခုအခါ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းက အလုပ်အကိုင်ပြပွဲများ မကြာခဏပြုလုပ်ပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးလျက်ရှိသည်။ အလုပ်အကိုင်ပြပွဲ (Job Fair) များသည် အလုပ်ခန့်ထားလိုသူ အလုပ်ရှင်နှင့် အလုပ်လိုသူများအကြား တစ်နေရာတည်း ထိတွေ့ခန့်အပ်နိုင်သော အဓိက Platform တစ်ခု ဖြစ်လာသည်။ သို့ဖြစ်၍ အလုပ်လုပ်နိုင်သူဦးရေများပြားနေသော ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများ များများပေါ်ပေါက်ရေး ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |




## ဖားကန့်မြို့နယ်အတွင်း လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်



**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၃**

မြစ်ကြီးနားမြို့ လေဆိပ်အတွင်း ခရီးသည်နားနေဆောင်သစ် ဆောက်လုပ်ပြီးစီးမှု၊ ရှဒေါင်ကျေးရွာ၌ မြစ်ကြီးနား-နမ္မတီးလမ်းပိုင်းတိုးချဲ့ကတ္တရာလမ်းခင်းနေမှုတို့ကို ဖေဖော်ဝါရီ ၂၁ ရက်က ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသူရမျိုးတင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကမန်းဒူနော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် နမ္မတီးမြို့ရှိ မြောက်ပိုင်းတော်ဝင်ကျောက်စိမ်း ကုမ္ပဏီနှင့် တရုတ်နိုင်ငံ ထိန်မင်လမ်းတံတားတည်ဆောက်ရေး ကုမ္ပဏီတို့ ပူးပေါင်း ဆောက်လုပ်လျက်ရှိသည့် မြစ်ကြီးနား-တနိုင်း-ပန်ဆောင်လမ်း ဖောက်လုပ်ရေးစီမံကိန်း၊ လမ်းလုပ်ငန်းကြီးကြပ်ကွပ်ကဲမှုရုံး၌ ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လဝါး-နမ္မတီးစံပြကတ္တရာ လမ်း မိုင် ၂၀ ဖောက်လုပ်ရေးနှင့် တံတားခုနစ်စင်း တည်ဆောက်ရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ဆွေးနွေးကြသည်။

ထို့ပြင်လမ်းဦးစီးဌာနမှ တာဝန်ယူဆောက်လုပ်လျက်ရှိသည့် ရေအေးချောင်းတံတား တည်ဆောက်နေမှုနှင့် နမ္မတီး-လဝါးလမ်းပိုင်းကို စက်ယန္တရားကြီးများဖြင့် ဖောက်လုပ်နေမှု၊ တံတားငယ်များတည်ဆောက်နေမှု၊ လမ်းဘေးဝဲယာများတွင် ရေမြောင်းများ ဖောက်လုပ်နေမှုနှင့် နန့်ကောင်းချောင်းအတွင်း လဝ-ကာမိုင်း- လုံးခင်း- ဖားကန့်လမ်း မိုင် (၅/၆-၆/၀)ကြား အရှည်ပေ ၉၀၀ ရှိ နန့်ကောင်းတံတားတည်ဆောက်နေမှု၊ ကာမိုင်း-မအူပင် ခြောက်မိုင်ပြောင်းဖူးစေ့ ကျောက်စီလမ်းခင်းကျင်းနေမှု၊ မအူပင်တံတားဆောက်လုပ်နေမှု၊ ရေကာတာဆောက်လုပ်မည့် စီမံကိန်းနေရာနှင့် ကာမိုင်းမြို့ မြို့မ(၁)ရပ်ကွက် အင်းတော်ချောင်းပေါ်တွင် ကာမိုင်းတံတားသစ်စီမံကိန်း၌ ပေ ၃၀၀ အရှည်ရှိ RCC တံတားသစ်အတွက် ဘိုးတိုင်များ ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## သုဝဏ္ဏဝတီမြို့၌ ယာဉ်အန္တရာယ်ဖြစ်စေနိုင်သော ဈေးဆိုင်များအား စိစစ်ပေးစေလို

**ထင်သာမြင်သာ ပြုပြင်စရာ**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်း (သိမ်ဆိပ်)အနီး တည်ရှိနေသော သစ်သီးဈေးဆိုင်များသည် ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမကြီးနှင့် နီးကပ်စွာတိုးချဲ့ဖွင့်လှစ်ရောင်းချနေကြသောကြောင့် ယာဉ်အန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နိုင်ကြောင်း သိရသည်။



အဆိုပါ သစ်သီး(ရာသီပေါ်) ဈေးဆိုင်များသည် မော်တော်ကားလမ်းနားအထိ နီးကပ်စွာတိုးချဲ့ပြီး နေရာယူဈေးရောင်းချခြင်းကြောင့် အဝေးပြေးကားများ မောင်းနှင်ရာတွင် ကျဉ်းမြောင်းသော လမ်းလေးခွဆုံရာနေရာဖြစ်ခြင်း၊ သိမ်ဆိပ်-ဝီယော်-ပိန္နဲတော- လေးကေမော်တော်ကားလမ်း၏ ထွက်ပေါက်ဖြစ်ခြင်း၊ စာသင်ကျောင်း၊ စက်သုံးဆီအရောင်းဆိုင်ရှိခြင်းကြောင့် ကျောင်းသားကျောင်းသူများအတွက် အန္တရာယ်ရှိနိုင်ခြင်းကြောင့် မြို့ပြအင်္ဂါရပ်နှင့်အညီ သက်ဆိုင်ရာ တာဝန်ရှိသူတို့က စည်းကမ်းနှင့်အညီ စစ်ဆေးဆောင်ရွက်ပေးရန် ဒေသခံပြည်သူများက မျှော်လင့်နေကြသည်။ ယင်းဈေးဆိုင်များသည် ယခင်ဆိုင်ခန်းများရှိနေရာမှ ယခုအခါ ရှေ့သို့ ပေ ၂၀ ခန့် တိုးချဲ့ရောင်းချလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

## မြန်မာမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒဆိုင်ရာ ဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

မဇ္ဈိမမီဒီယာနှင့် Action Aid Myanmar တို့ ဦးစီးကျင်းပသော မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ (Policy Dialogue on Media Development in Myanmar)ကို ဖေဖော်ဝါရီ ၂၁ ရက်က ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်တွင် ကျင်းပသည်။ ယင်းဆွေးနွေးပွဲတွင် မြန်မာသတင်းမီဒီယာကောင်စီ၊ မဇ္ဈိမသတင်းဌာန၊ Action Aid Myanmar၊ မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံသံရုံး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)၊ စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများမဟာမိတ်အဖွဲ့၊ ပေါင်းကူးဖောင်ဒေးရှင်း၊ နိုင်ငံတကာမီဒီယာအထောက်အပံ့(IMS)၊ မြန်မာဂျာနယ်လစ်အင်စတီကျု၊ Internews မီဒီယာအဖွဲ့အစည်းများ၊ မီဒီယာသမားများ တက်ရောက်ကြပြီး မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒပိုင်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၃-၂-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၆၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၆၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀/၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | |
|---|---|
| ဒီဇယ် | ၇၉၀၀၀/၈၂၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၈၈၀၀၀/ ၉၂၀၀၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | | |
|---|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - | ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - | ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - | ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - | ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - | ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - | ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - | ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - | ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - | ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - | ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - | ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - | ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၄·၀ |
| ဥရောပ | တစ်ယူရို | ၁၃၇၃·၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၄·၄၅ |
| ထိုင်း | တစ်ဘတ် | ၃၄·၆၅၃ |
| အိန္ဒိယ | တစ်ရူပီး | ၁၈·၀၅ |
| တရုတ် | တစ်ယွမ် | ၁၈၉·၀၂ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၅·၀၆ |

ခင်ရတနာ-စုစည်းသည်။



၂၀၁၄ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံတွင် တရားမဝင် ငါးဖမ်းစက်လှေတစ်စင်းအား ဖျက်ဆီးနှစ်မြှုပ်စဉ်။

# အင်ဒိုနီးရှားရေပိုင်နက်တွင် တရားမဝင် ငါးဖမ်းလှေအစင်း ၃၀ကို ဖျက်ဆီးနှစ်မြှုပ်

**ဂျကာတာ ဖေဖော်ဝါရီ ၂၃**

ကမ္ဘာ့အကြီးဆုံး ကျွန်းစုနိုင်ငံတစ်ခုဖြစ်သည့် အင်ဒိုနီးရှားသည် ၎င်း၏ ပင်လယ်ရေပိုင်နက်အတွင်း တရားမဝင်ငါးဖမ်းမှုများကို တိုက်ဖျက်ရေးအတွက် လှုပ်ရှားဆောင်ရွက်မှုများကို စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိရာ နိုင်ငံအတွင်း ဖမ်းဆီးထိန်းသိမ်းထားသော ပြည်တွင်းနှင့်ပြည်ပမှ လှေအစင်းပေါင်း ၃၀ ကို ရေအောက်သို့ နှစ်မြှုပ်ပစ်ခဲ့ကြောင်း သိရသည်။

နှစ်မြှုပ်ခဲ့သည့် ရေယာဉ်(အလွတ်) ၃၀ အနက် ၁၁ စင်းမှာ ဗီယက်နမ်နိုင်ငံမှဖြစ်ပြီး ရှစ်စင်းမှာ မလေးရှားနိုင်ငံမှဖြစ်ကာ ခုနစ်စင်းမှာ ဖိလစ်ပိုင်နိုင်ငံမှ လှေများဖြစ်ကြသည်။ ကျန်လှေများသည် အင်ဒိုနီးရှားနိုင်ငံအတွင်းမှ လှေများဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ၏ နေရာငါးခုတို့တွင် တနင်္လာနေ့က အဆိုပါလှေများကို အင်ဒိုနီးရှား တရားမဝင်ငါးဖမ်းမှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၊ အင်ဒိုနီးရှားရေတပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့၊ အင်ဒိုနီးရှားရေကြောင်းလုံခြုံရေးအေဂျင်စီနှင့် ရှေ့နေချုပ်ရုံးတို့၏ ရှေ့မှောက်တွင် နှစ်မြှုပ်စေခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ ပင်လယ်ပိုင်နက်အတွင်း ခွင့်ပြုချက်မရဘဲ ငါးခိုးဖမ်းနေခြင်းကြောင့် အဆိုပါလှေများအားဖမ်းဆီးခဲ့ကြောင်း ငါးလုပ်ငန်းဝန်ကြီး ဆူဇီပတ်ဂျီအက်စတူဒီက ပြောသည်။ အင်ဒိုနီးရှားနိုင်ငံတွင် သမ္မတဂျိုကိုဝီဒိုဒိုလက်ထက်မှစတင်ကာ တရားမဝင်ငါးဖမ်းလှေများ ၁၅၁ စင်းထိအောင် နှစ်မြှုပ်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ဆီးရီးယား အပစ်အခတ်ရပ်စဲရေး အမေရိကန်နှင့် ရုရှား အစီအစဉ်ကြေညာ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၃**

အိုင်အက်စ်နှင့် အယ်လ်ခိုင်ဒါ ချုံဆရာတပ်ဦးကဲ့သို့ သူပုန်အဖွဲ့များကိုချန်လှပ်၍ စနေနေ့တွင် အကျိုးသက်ရောက်မည့် ဆီးရီးယား အပစ်အခတ် ရပ်စဲရေးအစီအစဉ်ကို အမေရိကန်နှင့်ရုရှားတို့က ကြေညာလိုက်သည်။

လူပေါင်း ၂၅၀၀၀၀ ကျော် သေဆုံးခဲ့သော ငါးနှစ်ကြာ ပြည်တွင်းစစ်ကို အဆုံးသတ်ရန် ဆန့်ကျင်ဘက် ကျောထောက်နောက်ခံပြု အားပေးနေသော ဝါရှင်တန်နှင့်မော်စကိုတို့အကြား သံတမန်နည်းလမ်းအရ သဘောတူညီသည့် အပစ်အခတ် ရပ်စဲရေးအတွက် ပထမဆုံး ခြေလှမ်းဖြစ်ကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။ အဆိုပါ သဘောတူညီချက်ကို တနင်္လာနေ့တွင် သဘောတူလိုက်ခြင်းဖြစ်သည်။

သမ္မတအိုဘားမားနှင့် ဗလာဒီမာပူတင်တို့သည် ဖုန်းဖြင့်ဆက်သွယ်ဆွေးနွေးခဲ့သည်။ ဆီးရီးယားနိုင်ငံအတွင်း အကျပ်အတည်းအခြေအနေသည် ပြောင်းလဲမှုရနိုင်ကြောင်း ကရင်မလင်ခေါင်းဆောင်က ပြောသည်။

ထို့အပြင် ဆီးရီးယားနိုင်ငံအတွင်း နိုင်ငံရေးဆွေးနွေးမှုများ ဖြစ်မြောက်ရေး အကူအညီပေးသွားမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ပြောသည်။

အဆိုပါ သဘောတူညီချက် အောင်မြင်စေရန် နှစ်နိုင်ငံစလုံးက မြေပြင်နှင့် ဝေဟင်တိုက်ခိုက်နေမှုများကို ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဗြိတိန်အခြေစိုက် လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောသည်။

**(ရိုက်တာ)**

# အာဖဂန်နိုင်ငံသား ၁၄ ဦး သေဆုံးခဲ့သည့် အသေခံဗုံးခွဲမှု တာလီဘန်တို့ လက်ချက်ဖြစ်ကြောင်း အွန်လိုင်းတွင် ဖော်ပြ

**ကဘူးလ် ဖေဖော်ဝါရီ ၂၃**

တနင်္လာနေ့ ညနေပိုင်းက ပါဝန်အရှေ့ပိုင်းပြည်နယ်တွင် လူ ၁၄ ဦး သေစေခဲ့သည့် အသေခံဗုံးခွဲတိုက်ခိုက်မှုကို တာလီဘန်စစ်သွေးကြွများက လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

တာလီဘန်အသေခံဗုံးခွဲသမား မိုဟာမက်ရာဆိုလ်းသည် တနင်္လာနေ့က ပါဝန်ပြည်နယ် စီယာဂတ်ဒေသရှိ ကင်းလှည့်ရဲတပ်ဖွဲ့ကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ရဲအရာရှိ မတ်ရှ်တက်နှင့် ၎င်း၏ကိုယ်ရံတော်အချို့ကိုသတ်ခဲ့ကြောင်း အင်္ဂါနေ့တွင် တာလီဘန်တို့က အွန်လိုင်းတွင် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

အသေခံဗုံးခွဲသူသည် တနင်္လာနေ့ညက ကဘူးလ်မြို့မှ ၅၅ ကီလိုမီတာအကွာ စီယာဂတ်ဒေသတွင် အာဖဂန်ဒေသရဲအဖွဲ့ အေအယ်ပီနှင့် ဒေသခံခုနစ်ဦးအပါအဝင် လူ ၁၄ ဦးကို ဗုံးခွဲတိုက်ခိုက်ခဲ့ပြီး ၎င်းကိုယ်တိုင်လည်း အသေခံဗုံးခွဲမှုအတွင်း သေဆုံးခဲ့ရသည်။

အာဖဂန်အစိုးရသည် တပ်မတော်နှင့် ရဲအဖွဲ့များ ရောက်ရှိမှုကို ကန့်သတ်ထားသည့် ကျေးရွာများနှင့်ဒေသများကို ကာကွယ်ရန် အေအယ်ပီအဖွဲ့အစည်းကို ၂၀၁၀ ပြည့်နှစ်က တည်ထောင်ခဲ့သည်။

အာဖဂန်ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဆွေးနွေးရန်နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုတွင် တာလီဘန်တို့ပါဝင်လာစေရန် အင်္ဂါနေ့တွင် ကဘူးလ်၌ လေးနိုင်ငံဆွေးနွေးမှု မပြုလုပ်မီတစ်ရက်အလိုတွင် စီယာဂတ်ဒေသ၌ အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**




# လစ်သီယံဘက်ထရီများ လေယာဉ်ပေါ် သယ်ဆောင်မှုပိတ်ပင်မည်

**မွန်ထရီရယ် ဖေဖော်ဝါရီ ၂၃**

လေယာဉ်မှူးများနှင့် လေယာဉ်များ မီးဘေးအန္တရာယ် စိုးရိမ်ရသည့်အတွက် ခရီးသည်တင်လေယာဉ်များပေါ်တွင် လစ်သီယံအိုင်းယွန်းဘက်ထရီများ ကို ကုန်ပစ္စည်းအနေဖြင့် သယ်ယူပို့ဆောင်မှုကို တားမြစ်သွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂ လေကြောင်းဆိုင်ရာ အေဂျင်စီက တနင်္လာနေ့တွင် ပြောသည်။

နာရီများတွင်အသုံးပြုသော လစ်သီယံအိုင်းရွှန်းဘက်ထရီများကို တစ်ကမ္ဘာလုံးရှိ ခရီးသည်တင်လေယာဉ်များ ပေါ်သို့ သယ်ဆောင်ခွင့်ကို ပိတ်ပင်သွားမည်ဖြစ်သည်။ တားမြစ်ပိတ်ပင်မှုတွင် နာရီတွင် အသုံးပြုနိုင်သည့်အား ပြန်သွင်း၍ မရသော လစ်သီယံအိုင်းရွှန်း ဘက်ထရီများနှင့် ဆဲလ်ဖုန်းနှင့်လက်တော့များတွင် အသုံးပြုနိုင်သည့် လစ်သီယံအိုင်းရွှန်းဘက်ထရီများလည်း ပါဝင်သည်။

အဆိုပါပိတ်ပင်မှုသည် ဧပြီ ၁ရက်မှ စတင်အကျိုးသက်ရောက်မည်ဖြစ်ကြောင်း နိုင်ငံပေါင်း ၃၆ နိုင်ငံဖြင့် ဖွဲ့စည်းထားသော အပြည်ပြည်ဆိုင်ရာ လေကြောင်းအဖွဲ့က ပြောသည်။

**(ရိုက်တာ)**

# မက်ဆီဒိုးနီးယားနယ်စပ်တွင် ရွှေ့ပြောင်းသွားလာသူများကို ဂရိရဲများ စတင်ဖယ်ရှား

**အေသင် ဖေဖော်ဝါရီ ၂၃**

ဂရိရဲများသည် အင်္ဂါနေ့က ဂရိနှင့်မက်ဆီဒိုးနီးယားနယ်စပ်မှ ရွှေ့ပြောင်းသွားလာသူများအား စတင်ဖယ်ရှားခဲ့သည်။ မက်ဆီဒိုးနီးယားအာဏာပိုင်များကနယ်စပ်ဖြတ်ကျော်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ထပ်မံတင်းကျပ်လိုက်ခြင်းကြောင့် ရွှေ့ပြောင်းသွားလာသူ ရာပေါင်းများစွာ သောင်တင်နေချိန်တွင် ထိုသို့ဖယ်ရှားမှုများ ပြုလုပ်ခဲ့ကြောင်း သတင်းရင်းမြစ်များက ဖော်ပြသည်။

ရွှေ့ပြောင်းသွားလာသူများစွာတို့သည် နယ်စပ်မှတစ်ဆင့် မက်ဆီဒိုးနီးယားသို့ ဖြတ်ကျော်ရန်ကြိုးစားခဲ့ပြီးနောက်တွင် နှောင့်နှေးကြန့်ကြာနေမှုနှင့်နယ်စပ်ဖြတ်ကျော်မှုအပေါ် ကန့်သတ်ထိန်းချုပ်လာမှုအပေါ် မကျေမနပ်ဖြစ်ခဲ့ပြီး တနင်္လာနေ့က အိုင်းဒိုမီနီနယ်မြေအတွင်းရှိ ရထားသံလမ်းများပေါ်တွင် ဆောင့်ကြောင့်ထိုင်နေခဲ့ကြသည်။

အရှေ့မတက်မီထိုနေရာသို့ ဂရိရဲများနှင့်ဘတ်စ်ကားများ ဝင်ရောက်လာကြောင်း ရိုက်တာသတင်းဌာနမှ မျက်မြင်သက်သေတစ်ဦးက ပြောသည်။ မက်ဆီဒိုးနီးယားနယ်စပ်ဘက်အခြမ်းတွင် လူ ၆၀၀ ခန့်ကို ဂရိရဲများက ဝန်းရံထားသည်ကို တွေ့မြင်ရကြောင်း မျက်မြင်သက်သေက ပြောသည်။

အာဏာပိုင်များက နယ်စပ်ဖြတ်ကျော်မှုအတွက် နိုင်ငံကူးလက်မှတ်နှင့် အခြားသော ခရီးသွားလာခွင့်အထောက်အထားများတောင်းခံလိုက်ပြီးနောက် တနင်္လာနေ့တွင် ပဋိပက္ခများ တိုးလာခဲ့သည်။

**(ရိုက်တာ)**

# ဂျပန်ဘိုးအင်း ၇၃၇ လေယာဉ်အင်ဂျင်စက်မီးလောင် ခရီးသည်များအား အချိန်မီကယ်ထုတ်

**တိုကျို ဖေဖော်ဝါရီ ၂၃**

ခရီးသည် ၁၆၅ ဦးတင်ဆောင်လာသည့် ဂျပန်နိုင်ငံ JAL လေကြောင်းပိုင် စီးပွားရေးလုပ်ငန်းသုံး ဂျက်လေယာဉ်တစ်စင်းသည် ဖေဖော်ဝါရီ ၂၃ ရက်က ဂျပန်နိုင်ငံမြောက်ပိုင်း ဟော့ကိုင်းဒိုး လေဆိပ်မှအတက်တွင် လေယာဉ်၏ ယာဘက်အင်ဂျင်မှမီးခိုးများ ထွက်လာခဲ့သဖြင့် အရေးပေါ် ပြန်လည်ဆင်းသက်ကာ ခရီးသည်များအား ကယ်ထုတ်ခဲ့ရကြောင်း သိရသည်။ အမျိုးသမီးသုံးဦးမှာ ဒဏ်ရာအနည်းငယ် ရရှိထားပြီး ကုသမှုခံယူလျက်ရှိသည်။

အဆိုပါ ဘိုးအင်း ၇၃၇ လေယာဉ်ပေါ်တွင် လေယာဉ်အမှုထမ်းအပါအဝင် စုစုပေါင်းခရီးသည် ၁၆၅ ဦးလိုက်ပါလာပြီး ညနေ ၃ နာရီတွင် အင်ဂျင်မီးလောင်ခဲ့ခြင်းဖြစ်သည်။ ခရီးသည်များအား မိနစ် ၂၀ အတွင်း အရေးပေါ်ထွက်ပေါက်များမှတစ်ဆင့် ကယ်ထုတ်နိုင်ခဲ့သည်။ ရာသီဥတုဆိုးရွားမှုကြောင့် အင်ဂျင်လောင်ခြင်းဖြစ်ကြောင်း လေကြောင်းအဖွဲ့က ပြောကြားသည်။

လေယာဉ်ပေါ်လိုက်ပါလာသူ NHK အမှုထမ်းတစ်ဦးက လေယာဉ်အင်ဂျင်မှ မီးခိုးငွေ့များ ထွက်လာသည်ကိုမြင်တွေ့ရကြောင်း လေယာဉ်အမှုထမ်းများ အရေးပေါ် သတိပေးကြေညာပြီးနောက် ခရီးသည်များအား ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# သမိုင်းရာဇဝင်တွင် သစ္စာမဲ့သည့်လုပ်ရပ်များကြောင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီး သူ့ကျွန်ဘဝကျရောက်ခဲ့ ယင်းသစ္စာမဲ့မှု၏ အကျိုးဆက်အဖြစ် ပဋိပက္ခများကို ယနေ့တိုင် ဖြေရှင်းနေရဆဲဖြစ်





**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ ဗထူးတပ်နယ်မှ သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် သစ္စာတရားနှင့်ပတ်သက်၍ **“မင်းမှာသစ္စာ၊ လူမှာကတိ”** ဆိုသည့် စကားရပ်ရှိကြောင်း၊ **သမိုင်းရာဇဝင်တွင် သစ္စာမဲ့သည့်လုပ်ရပ်များကြောင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီး သူ့ကျွန်ဘဝကျရောက်ခဲ့ကြောင်း**၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင်လည်း သစ္စာမဲ့သည့်လုပ်ရပ်ဖြစ်သည့်လုပ်ကြံမှုကြောင့် နိုင်ငံ့ခေါင်းဆောင်များဆုံးရှုံးခဲ့ရကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း သစ္စာမဲ့သည့် လက်နက်ကိုင်များကြောင့် တိုင်းပြည်ပြိုကွဲမည့် အန္တရာယ်မှ တပ်မတော်က ပေးဆပ်မှုများစွာဖြင့် ထိန်းသိမ်းကာကွယ်ခဲ့ရကြောင်း၊ **ယင်းသစ္စာမဲ့မှု၏ အကျိုးဆက်အဖြစ် ပဋိပက္ခများကို ယနေ့တိုင် ဖြေရှင်းနေရဆဲဖြစ်ကြောင်း**၊ အတိတ်သမိုင်းအရ မိမိတိုင်းပြည်အပေါ် သစ္စာမဲ့မှု၊ ပြည်ပနိုင်ငံအပေါ် သစ္စာခံမှု၊ တပ်မတော်အပေါ် သစ္စာမဲ့မှုများကြောင့် နိုင်ငံ့အရေးကိစ္စများတွင် များစွာရှုပ်ထွေးခဲ့ကြောင်း၊ ထိုသို့ထပ်မံမဖြစ်လာစေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ချက်အချို့ ထည့်သွင်းထားခြင်းဖြစ်ကြောင်း။

တပ်မတော်၏လုပ်ငန်းတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးဖြစ်ပြီး ဒို့တာဝန်အရေးသုံးပါးနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူ့အကျိုးစီးပွားဖော်ဆောင်ရန်ဖြစ်ကြောင်း၊ တပ်မတော်၏သမိုင်းကြောင်းသည် နိုင်ငံတော်သမိုင်းကြောင်းနှင့်ခွဲခြား၍မရဘဲ ယှဉ်တွဲနေခဲ့ကြောင်း၊ လက်ရှိအခြေအနေအထိ ရောက်ရှိအောင်လည်း တပ်မတော်အနေဖြင့် အသက်ခန္ဓာသွေးချွေးများစွာ ပေးဆပ်ခဲ့ရကြောင်း၊ လက်ရှိ ပြည်သူ့ဆန္ဒနှင့်အညီ လျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်ခိုင်မာမာဖြစ်စေရေး၊ မယိမ်းယိုင်သွားစေရေးသည်လည်း တပ်မတော်၏ အမျိုးသားနိုင်ငံရေးတာဝန်ပင်ဖြစ်ကြောင်း။

နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ရှင်းလင်းပြောကြားရာတွင် **“တိမ်တောင်သဖွယ် မင်းရေးကျယ်”** ဆိုသကဲ့သို့ နိုင်ငံရေးသည် လွန်စွာကျယ်ပြန့်ကြောင်း၊ နိုင်ငံရေးသမား၊ နိုင်ငံရေးပါတီများအနေဖြင့် ယင်းတို့၏မူဝါဒအရ ပြောဆိုစည်းရုံးမှု လုပ်ဆောင်မှုများဆောင်ရွက်ကြကြောင်း၊ နိုင်ငံ့အရေးမှာမူ တိုင်းပြည်၏အကျိုးစီးပွား၊ ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံ့အရေး၊ အမျိုးသားရေးကိုသာ လုပ်ဆောင်ခြင်းဖြစ်ပြီး လွတ်လပ်ရေးရရှိချိန်မှစတင်၍ တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အမျိုးသားနိုင်ငံရေးအဖြစ် တပ်မတော်မှ ပြည်သူနှင့်လက်တွဲ၍ ဦးဆောင်ခဲ့သည်ကို သမိုင်းအရ တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေမှ မပျက်ယွင်းအောင်၊ ပိုမိုတိုးတက်အောင် ဆက်လက်ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း။

လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးနှင့်ပတ်သက်၍ တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုမရှိပါက မိမိတို့သွားနေသည့် ဒီမိုကရေစီစနစ် ခိုင်မာမှုမရှိနိုင်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအများစုသည် ဒီမိုကရေစီစနစ်ကို ပုံစံအမျိုးမျိုးဖြင့် သွားနေကြကြောင်း၊ ထိုအထဲတွင် လက်နက်ကိုင်ပဋိပက္ခများရှိနေသည့် မိမိနိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်ကို တည်တည်ငြိမ်ငြိမ်ဖြင့် သွားနိုင်ရန်အတွက် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းအောင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အတတ်နိုင်ဆုံး လိုက်လျောလုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ ထို့အပြင် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကိုလည်း စိတ်ရှည်သည်းခံစွာ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ပထမငါးနှစ်သက်တမ်းတွင် ဒီမိုကရေစီခြေကုပ်ရရှိခဲ့ပြီးဖြစ်၍ ဒီမိုကရေစီဒုတိယသက်တမ်းတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အား မဖြစ်မနေရရှိအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဗထူးတပ်နယ်မှ အရာရှိကြီးများနှင့် နည်းပြအရာရှိများ၊ သင်တန်းအသီးသီးမှ သင်တန်းသားအရာရှိ ၉၇၂ ဦး၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)မှ ဗိုလ်လောင်းများနှင့် အခြားအဆင့်သင်တန်းသားစစ်သည် စုစုပေါင်း ၁၄၃၂ ဦးတို့ တက်ရောက်ခဲ့ကြပြီး တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် သင်တန်းသား အရာရှိများနှင့် ဗိုလ်လောင်းများ၊ သင်တန်းသားစစ်သည်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။ **(အောက်ပုံ)(မြဝတီ)**



### ☆ ကျောဖုံးမှ

အမျိုးသမီး ၂၁၉၀ စုစုပေါင်း ၃၆၅၇ ဦးသည် ကျောက်မဲမြို့ပေါ်နှင့် မိုးမိတ်၊ နမ့်ခမ်းမြို့နယ်များရှိ ကျေးရွာများသို့ တိမ်းရှောင်လျက်ရှိသည်။

အဆိုပါတိုက်ပွဲများနှင့်ပတ်သက်ပြီး တိုင်းရင်းသားညီအစ်ကိုအချင်းချင်းအကြား ညှိနှိုင်းဖြေရှင်းနေကြောင်း မြေပြင်သတင်းများအရလည်းကောင်း၊ နှစ်ဖက်အဖွဲ့အစည်းများ၏ ထုတ်ပြန်ကြေညာချက်များအရလည်းကောင်း သိရှိရသည့်အတွက် တပ်မတော်အနေဖြင့် စောင့်ကြည့်ခဲ့ကြောင်း၊ သို့သော် ဒေသခံပြည်သူများအနေဖြင့် ဘေးဒုက္ခများ ပိုမို ကြုံတွေ့လာရသဖြင့် ဖေဖော်ဝါရီ ၁၂ ရက်တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက SSA (ရှက်ဆစ်) အဖွဲ့မှ JMC-S ဒုတိယဥက္ကဋ္ဌ(၁) ဦးစိုင်းအောင်မြထံသို့ SSA (ရှက်ဆစ်)အဖွဲ့ကို သဘောတူသတ်မှတ်ပေးထားသည့် နေရာသို့ ပြန်လည်ထွက်ခွာစေရန်နှင့် SSA (ရှက်ဆစ်)အဖွဲ့ နယ်မြေ ကျော်လွန်ဝင်ရောက်ခဲ့မှုအပေါ် ပြင်းထန်စွာကန့်ကွက်ကြောင်း အကြောင်းကြားစာပေးပို့ခဲ့ပြီး မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးဗဟိုဌာန (Myanmar Peace Center) သို့လည်း အကြောင်းကြားခဲ့ကြောင်း သိရှိရသည်။

သို့ရာတွင် SSA (ရှက်ဆစ်)အဖွဲ့အနေဖြင့် သတ်မှတ်နေရာသို့ ပြန်လည်ထွက်ခွာသွားမည်မဟုတ်ကြောင်း အကြောင်းပြန်ကြားခဲ့သည့်အပြင် လက်နက်ကိုင်အင်အားများ ပိုမိုဖြည့်တင်းဝင်ရောက်လာခြင်း၊ ၎င်းအဖွဲ့များ၏ လှုပ်ရှားမှုများသည် ဒို့တာဝန်အရေးသုံးပါးနှင့် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်စေခြင်းများကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ် အခန်း(၁) ပုဒ်မ(၂၀)(င) အရလည်းကောင်း၊ အခန်း(၇) ပုဒ်မ (၃၄၁)အရ လည်းကောင်း၊ ပြဋ္ဌာန်းချက်များနှင့်အညီ နယ်မြေခံတပ်များဖြင့် အဆိုပါနယ်မြေအတွင်း ရောက်ရှိလှုပ်ရှားလျက်ရှိသော လက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို ရှင်းလင်းလျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ထူးခြားမြစ်ရေ အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ဧရာဝတီမြစ်ရေသည် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက် ည ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ကြီးနားမြို့တွင် ၅၀၃ စင်တီမီတာသို့ရောက်ရှိခဲ့ပြီး ၁၆ နာရီအတွင်း ၁၂ ပေခန့် မြင့်တက်ခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့နံနက် ၁၁ နာရီ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါမြစ်ရေသည် နောက်တစ်ရက်မှ သုံးရက်အတွင်း ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ခုနစ်ပေမှ ရှစ်ပေခန့်၊ နောက်သုံးရက်မှ ငါးရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ငါးပေမှ ခြောက်ပေခန့်နှင့် နောက်ခြောက်ရက်မှ ၁၁ ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် လက်ရှိရေမှတ်ထက် လေးပေမှ ငါးပေခန့် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

သို့ဖြစ်၍ မြစ်ကြောင်းများအတွင်း သွားလာနေကြမည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေရုတ်တရက်တိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ဥပဒေအတွေး ရေးပါရစေ (အပိုင်း-၇)

ဦးဟန်ညွန့်(ဥပဒေ)



**ဥပဒေအမြင်အမျိုးမျိုး**

မြန်မာ့တရားဥပဒေ၊ မြန်မာ့တရားစီရင်ရေးနှင့် စပ်လျဉ်း၍ မြန်မာ့သမိုင်း၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့ထုံးတမ်းများတွင် အထင်အရှား ပေါ်ထွန်းခဲ့သည့် ဥပဒေပညာရှင်၊ သမိုင်းပါမောက္ခ၊ ထင်ရှားသော သုတေသီများ၏ အယူအဆ၊ အတွေးအခေါ်၊ အမြင်အမျိုးမျိုးကို အောက်ပါအတိုင်း လေ့လာနိုင်ကြပေသည်။

**ဒေါက်တာဘဟန်၏အမြင်**

**ဥပဒေပညာရှင်၊ သုတေသီ ဒေါက်တာဘဟန်**က-

"ရှေးခေတ်မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်ကို လေ့လာရာတွင် အခြားနိုင်ငံများကဲ့သို့ မြန်မာနိုင်ငံတွင် ဘုရင်သည် တရားဥပဒေ၏ မဏ္ဍိုင်၊ တရားဥပဒေများပေါ်ပေါက်ထွန်းကားရာ အချက်အချာကြီး ဖြစ်ပေသည်။ ဘုရင်သည် နိုင်ငံတော်၏ အမြင့်မားဆုံးသော တရားသူကြီးအဖြစ် လွှတ်တော်မှတစ်ဆင့် အုပ်ချုပ်စီမံသည်။ လွှတ်တော်သည် နိုင်ငံ၏အမြင့်မားဆုံးသော တရားလွှတ်တော်ချုပ်ပင်ဖြစ်သည်။ လွှတ်တော်တွင် ဝန်ကြီးလေးပါးနှင့် ၎င်းတို့အား ကူညီဆောင်ရွက်ပေးရသည့်ဝန်ထောက်များနှင့် ချန်စာရီ (chancery) ရှိသည်။ လွှတ်တော်တွင် နာယကအဖြစ် ဆောင်ရွက်သူမှာ ဥပရာဇာအိမ်ရှေ့မင်းပေတည်း။ တစ်ခါတစ်ရံ ဘုရင်ကိုယ်တိုင် လွှတ်တော်သို့ တက်ရောက်လေ့ရှိသည်။ လွှတ်တော်သည် နန်းတော်ဝင်းအတွင်းရှိ အလွန်ကျယ်ပြန့်သော ခန်းမဆောင်ကြီးတွင် ထိုင်သည်။ ကြီးလေးသော ပြစ်ဒဏ်များကို လွှတ်တော်မှတစ်ဆင့် စီရင်ချမှတ်ရသည်။ မြန်မာနိုင်ငံရှိ ခရိုင်တိုင်းတွင် ခရိုင်ဝန်များရှိသည်။ ခရိုင်ဝန်များသည် သက်ဆိုင်ရာ ခရိုင်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကိစ္စများကို တာဝန်ယူဆောင်ရွက်ရသည်။ မြို့ဝန်များထိုင်သော မြို့ဝန်ရုံးများမှ စီရင်ဆုံးဖြတ်ချက်များကို မကျေနပ်၍ တင်သွင်းသော အယူခံမှုများကို ခရိုင်ဝန်များက လက်ခံကြားနာ၍ဆုံးဖြတ်ပေးလေသည်။ ခရိုင်ဝန်များ ချမှတ်သော စီရင်ချက်များကို အယူခံဝင်လိုလျှင် လွှတ်တော်သို့ တင်သွင်းရသည်။ မြို့ဝန်များ၏ လက်အောက်တွင် မြို့သူကြီးနှင့် ရွာသူကြီးများရှိ၍ ၎င်းတို့သည် အသေးအဖွဲ့မှုခင်းများကို စစ်ဆေးကြားနာ၍ စီရင်ဆုံးဖြတ်ပေးနိုင်သည်"ဟု **"အိန္ဒိယနှင့် မြန်မာနိုင်ငံဥပဒေသမိုင်း"** စာအုပ်တွင်ဥပဒေအမြင်ကို တင်ပြရေးသားခဲ့သည်။

**ဒေါက်တာမောင်၏အမြင်**

**မြန်မာ့တရားစီရင်ရေးနှင့် စပ်လျဉ်း၍ တရားဝန်ကြီး ဥပဒေပညာရှင်၊ ဒေါက်တာမောင်**က-

"မြန်မာဘုရင်များ၏ လက်ထက်တွင်ရာဇဝတ်နှင့် တရားမ စီရင်ပိုင်ခွင့်များမှာ တသီးတခြားရှိခဲ့ကြောင်း အခိုင်အမာပြောဆိုနိုင်သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့် ငြိမ်းချမ်းသာယာရေးကို အကာအကွယ်ပေးရန် ပြစ်ဒဏ်ထားခြင်းများသည် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးလုပ်ငန်းများနှင့် တသီးတခြားဟု မှတ်ယူကြရသည်။ ထို့ကြောင့် ရာဇဝတ်တရားစီရင်ရေးကို အုပ်ချုပ်ရေးအရာရှိများက ဆောင်ရွက်ရပြီး တရားမ တရားစီရင်ရေးကို ဘုရင်က ခန့်ထားသောတရားသူကြီးများ သို့မဟုတ် သက်ဆိုင်ရာအမှုသည်များ၏ သဘောတူညီချက်အရ ရွေးချယ်တင်မြှောက်သော ခုံလူကြီးများက စီရင်ဆုံးဖြတ်ပေးရသည်။ သာမန်အားဖြင့် နောက်ဆုံးအယူခံဝင်သောအမှုများကို ဘုရင်ထံတင်သွင်းကြရသည်။ ခုံလူကြီးများ၏ အဆုံးအဖြတ်ကိုမူ အယူခံဝင်ခွင့်မရှိပေ။ ကမ္ဘာလေးရပ် အခြင်းစီရင်ခြင်း (Trial by Ordeal) ဖြင့် ဆုံးဖြတ်သော အမှုများကိုလည်း အယူခံဝင်ရောက်နိုင်ခွင့်မရှိပေ။ တရားသူကြီးတစ်ဦး၏ စီရင်ဆုံးဖြတ်ချက်တစ်ရပ်ကို လက်ခံရန် သဘောတူသည့်အနေဖြင့် သက်ဆိုင်ရာ အမှုသည်များက စီရင်ချက်ချမှတ်ပြီးသည့်နောက် လက်ဖက်စားကြလျှင်လည်း အယူခံဝင်ရောက်နိုင်ခွင့်မရှိ

> **တရားဥပဒေဟူသည် အဓိကအားဖြင့် ဥပဒေပြုအာဏာပိုင်က ပြုလုပ်သော ဥပဒေဖြစ်သည်။ ခေတ်အဆက်ဆက်က ပြုလုပ်လာခဲ့ကြသော ဥပဒေများကို ခေတ်နှင့်လျော်အောင် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည်ကို ပယ်ဖျက်၊ အသစ်ပြုလုပ်သင့်သည်ကို ပြုလုပ်ကျင့်သုံးရသည်။ ယခုခေတ်တွင် ဥပဒေတွေများသည်။ တစ်ခေတ်ပြောင်းတိုင်း၊ အတွေးအခေါ်သစ်ဝင်တိုင်း ဥပဒေအားလုံးကို တစ်ထိုင်တည်း၊ တစ်ဆက်တည်း အသစ်ရေးဆွဲပြဋ္ဌာန်းရန်မလွယ်**

တော့ပေ"ဟူ၍ **"မြန်မာ့တရားဥပဒေများ ပြန့်ပွားတိုးတက်လာပုံ"** စာအုပ်တွင် ရေးသားဖော်ပြခဲ့သည်။

**ဒေါက်တာထင်အောင်၏အမြင်**

**ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာထင်အောင်**က-

"မြန်မာဘုရင်များလက်ထက်တွင် ရာဇဝတ်နှင့် တရားမ စီရင်ပိုင်ခွင့်များကို လက်တွေ့အားဖြင့် သီးခြားခွဲခြားခဲ့သည်။ ကျေးရွာသူကြီးသည် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍတွင် အနိမ့်ကျဆုံးဖြစ်သည်။ ၎င်း၏ အထက်တွင်မူ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ပတ်သက်၍ သီးခြားတာဝန်များထမ်းဆောင်ရသော အရာရှိများရှိသည်။ ကျေးရွာသူကြီးသည် အထူးအရာရှိ ငယ်ဟုပင် ခေါ်ဆိုရပေမည်။ အကြောင်းမှာ ၎င်း၏ ရာထူးမှာ ဆွေစဉ်မျိုးဆက်အလိုက် ဆက်ခံခွင့်ရသည်။ သားသမီးများက ဖခင်သူကြီး၏ ရာထူးကို ဆက်ခံနိုင်ခွင့်ရှိကြသည်။ ရွေးကောက်တင်မြှောက်ရသော ရာထူးလည်းဖြစ်သည်။ ကျေးရွာသူ ရွာသားအများ၏ဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ရသောကြောင့်တည်း။ တစ်ဖန် ဘုရင်က ခန့်ထားသဖြင့် ဘုရင့်အမှုတော်ထမ်းတစ်ဦးလည်း ဖြစ်သည်။

ကျေးရွာသူကြီးသည် ရာဇဝတ်မှုအသေးအဖွဲ့များနှင့် ကန့်သတ်ထားသော တန်ဖိုးထက်မပိုသည့် တရားမမှုများကို စစ်ဆေးစီရင်ပိုင်ခွင့် ရှိသည်။

မြန်မာတရားစီရင်ရေး၏ရည်မှန်းချက်မှာ သက်ဆိုင်ရာနှစ်ဖက်အမှုသည်များ၏ ကျေနပ်မှုကို အများဆုံးဖန်တီးရယူပေးရန်ဖြစ်၍ ၎င်းတို့အချင်းချင်း ညီညွတ်မျှတပြီး ချစ်ခင်မှုမပျက်ကြစေရန် ရည်သန်ပေသည်။ ဤရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရာ၌ သတ်မှတ်ပြဋ္ဌာန်းထားသော တရားဥပဒေများအရ ဆောင်ရွက်ကြရသည့်အပြင် တရားမျှတမှု အခြေခံသဘောတရားနှင့် ဘက်မလိုက်ဘဲ စစ်ဆေးကြားနာခြင်းတို့ဖြင့် အကောင်အထည်ဖော်ကြရပေသည်။ ထို့ကြောင့် အနုညာတခုံသမာဓိများဖြင့် တရားမှုခင်းများကို စစ်ဆေးကြားနာဆုံးဖြတ်ခြင်းဖြင့် အကောင်အထည်ဖော်ကြပေသည်။

မြန်မာ့လူ့ဘောင်တွင် မည်သူမျှ တရားဥပဒေကို ကျော်လွန်၍မရ။ ဘုရင်နှင့် ဘုရင့်အမှုတော်ထမ်းများသည်ပင်လျှင် အခြားတိုင်းသူပြည်သားများကဲ့သို့ တရားဥပဒေများကို လိုက်နာကြရသည်။ မြန်မာ့အစဉ်အလာ ဥပဒေသဘောမှာ "တရားဥပဒေမြစ်ဖျားခံရာသည် ဓလေ့ထုံးစံ (custom) ပင်ဖြစ်သည်" ဟူ၍ **"မြန်မာ့ဥပဒေပုံပြင်များ"** စာအုပ်တွင် ဖော်ညွှန်းရေးသားခဲ့သည်။

**ဒေါက်တာဘဦး၏အမြင်**

**နိုင်ငံတော်တရားဝန်ကြီးချုပ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သော ဒေါက်တာဘဦးက "ကျွန်ုပ်၏မြန်မာပြည်" စာအုပ်တွင်**-

"တရားသူကြီးခင်ဗျား- ကျွန်တော့်အမှုသည်အတွက် ကျွန်တော့်မှာတာဝန်ရှိသလို တရားသူကြီးတစ်ဦးအနေနဲ့ လူကြီးမင်းအပေါ်မှာလည်း ကျွန်တော့်မှာ တာဝန်ရှိတဲ့အပြင် အများပြည်သူနဲ့ပတ်သက်လို့လည်း ကျွန်တော့်မှာ တာဝန်ရှိပါတယ်။ ကျွန်တော့်အမှုသည်နှင့် ပတ်သက်လို့ ကျွန်တော့်တာဝန်က သူ့အနေနှင့် တရားမျှတမှုကို ရသလားဆိုတာ ကြည့်ပေးဖို့ဖြစ်ပါတယ်။ တရားသူကြီးနဲ့ပတ်သက်လို့ ကျွန်တော့်တာဝန်ကတော့ တရားသူကြီးအနေနှင့် ဥပဒေကို မှန်မှန်ကန်ကန် အဓိပ္ပာယ်ကောက်ယူသလားဆိုတာ ကြည့်ပေးဖို့ဖြစ်ပါတယ်။ အများပြည်သူနဲ့ ပတ်သက်တဲ့ ကျွန်တော့်တာဝန်ကတော့ တရားစီရင်ရာမှာ ဘက်လိုက်မှုမရှိဘဲ ဥပဒေကို နည်းလမ်းတကျ ကျင့်သုံးဆောင်ရွက်မှုရှိသလားဆိုတာ ကြည့်ပေးဖို့ဖြစ်ပါတယ်" ဟု ဥပဒေတာဝန်၊ ဥပဒေအသိ၊ ဥပဒေကျင့်စဉ်ကို ပီပီပြင်ပြင်ရေးသားခဲ့သည်။

**ဒေါက်တာမောင်မောင်၏အမြင်**

**အငြိမ်းစားနိုင်ငံတော်သမ္မတ၊ ဥပဒေပညာရှင်၊ ဒေါက်တာမောင်မောင်**က-

"တရားဥပဒေဟူသည် အဓိကအားဖြင့် ဥပဒေပြုအာဏာပိုင်က ပြုလုပ်သော ဥပဒေဖြစ်သည်။ ခေတ်အဆက်ဆက်က ပြုလုပ်လာခဲ့ကြသော ဥပဒေများကို ခေတ်နှင့်လျော်အောင် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည်ကိုပယ်ဖျက်၊ အသစ်ပြုလုပ်သင့်သည်ကို ပြုလုပ်ကျင့်သုံးရသည်။ ယခုခေတ်တွင် ဥပဒေတွေများသည်။ တစ်ခေတ်ပြောင်းတိုင်း၊ အတွေးအခေါ်သစ်ဝင်တိုင်း ဥပဒေအားလုံးကို တစ်ထိုင်တည်း၊ တစ်ဆက်တည်း အသစ်ရေးဆွဲပြဋ္ဌာန်းရန်မလွယ်။ သို့ရာတွင် အများပြည်သူ၏ဘဝ၊ အတွေးအခေါ်သစ်နှင့် တည်ဆဲဥပဒေများအကြား လွန်စွာကွာခြားနေလျှင်ကား ပြည်သူတို့က ဥပဒေကို ယုံကြည်လေးစားအားထားခြင်းနည်းပါးလာကာ ဥပဒေ၏ထက်မြက်မှုသတ္တိ လျော့နည်းလာတတ်သည်" ဟု သတိပေးရေးသားခဲ့သည်။

"ထို့ကြောင့် ရှေးထုံးကိုမပယ်နှင့်ဟူသော ပုံသေအယူအဆဖြင့် ဥပဒေဟောင်းတွေကို မပြုမပြင် ထာဝစဉ်လိုက်နာနေခြင်းသည် မကောင်း။ အဟောင်းဟူသမျှ မကောင်းဟူသော အယူအဆဖြင့် စိတ်ကူးရတိုင်းပြင်ခြင်းသည်လည်းမကောင်း" ဟု ဥပဒေအမြင်၊ ဥပဒေအတွေးရေးခဲ့ပေသည်။

(ဆက်လက်ဖော်ပြပါမည်)

# ကောက်ရငွေကျပ် သိန်း ၂၀ ကျော် ပိုင်ရှင်ထံ ပြန်လည်ပေးအပ်



**ကျွန်းလှ ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ပိတောက်မြိုင်ရပ်ကွက်တွင် ဖေဖော်ဝါရီ ၂၁ ရက်နံနက် ၈ နာရီက အိတ်အနက်ဖြင့်ထည့်ထားသောငွေများ ကောက်ရခဲ့ကြောင်း သိရသည်။

ကျွန်းလှမြို့ ပိတောက်မြိုင်ရပ်ကွက် သော်ကလမ်းနေ ဦးပြေအေးသည် အိမ်ရှေ့ရပ်ထားသော လှည်းပေါ်မှ ပလတ်စတစ်အိတ်အနက်တစ်လုံးတွေ့ရှိကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးအား ဖုန်းဖြင့် အကြောင်းကြားသဖြင့် ဆယ်အိမ်မှူးများ ခေါ်ယူပြီးဖွင့်ကြည့်စစ်ဆေးရာငွေများထည့်ထားကြောင်း တွေ့ရ၍ အများပြည်သူရှေ့တွင်ရေတွက်ကာ မြို့နယ်အုပ်ချုပ်ရေးမှူးထံ အပ်နှံခဲ့ကြောင်း သိရသည်။

အဆိုပါကောက်ရငွေ ကျပ်သိန်းနှစ်ဆယ်ငါးသောင်းငါးထောင်နှင့် အိတ်အတွင်းပါ ပစ္စည်းများအား ဖေဖော်ဝါရီ ၂၂ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး အကူအညီဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပိုင်ရှင်ဖြစ်သူ ကျွန်းလှမြို့နယ် နောင်ကောက်ကျေးရွာနေ မောင်ထွန်းထွန်းနိုင်နှင့် မောင်မျိုးမင်းထက်တို့ထံ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

# ထိုင်းနိုင်ငံရှိ မြန်မာအမျိုးသမီးအလုပ်သမများအတွက် သင်တန်းပို့ချ

**မဟာချိုင် ဖေဖော်ဝါရီ ၂၃**

ထိုင်းနိုင်ငံ မဟာချိုင်မြို့ ဝေလ ရပ်ကွက်ရှိ မြန်မာ့ဂုဏ်ဆောင် အခြေခံပညာ မူလတန်းကျောင်း၌ ဖေဖော်ဝါရီ ၂၁ ရက်က ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမများအတွက် အမျိုးသမီး အခွင့်အရေးဆိုင်ရာ သင်တန်းကို ပို့ချပေးခဲ့ကြောင်း ယင်းကျောင်းမှ ဆရာမဒေါ်ခင်သန္တာစိုးက ဆက်သွယ်ပြောကြားသည်။

ထိုင်းနိုင်ငံအတွင်းရှိ မြန်မာအလုပ်သမများအတွက် အိမ်တွင်းအကြမ်းဖက်ခံရမှုများ မဖြစ်ပွားစေရေးနှင့် အမျိုးသမီးများ၏အခွင့်အရေးဆိုင်ရာများကို သိရှိစေရန် ရည်ရွယ်ကာ ထိုင်းနိုင်ငံ ချင်းမိုင်မြို့ အခြေစိုက် အလုပ်သမားကူညီရေးအဖွဲ့ဖြစ်သော MAP (Migrant Assistance Program) ဖောင်ဒေးရှင်းမှ အမျိုးသမီးအခွင့်အရေးနှင့် အလုပ်သမားကူညီရေး တက်ကြွလှုပ်ရှားသူများဖြစ်ကြသော သင်တန်းနည်းပြများက ပို့ချပေးခဲ့ခြင်းဖြစ်ပြီး အဆိုပါ အမျိုးသမီးအခွင့်အရေးဆိုင်ရာသင်တန်းကို မြန်မာအလုပ်သမ ၂၀ခန့် တက်ရောက်ဆွေးနွေးခဲ့ကြောင်း ယင်းသင်တန်းနည်းပြများထံမှ သိရသည်။

"ထိုင်းနိုင်ငံမှာ အလုပ်လုပ်တဲ့အပေါ်မှာ ကျွန်မတို့ တစ်ရက်ကို လုပ်အားခ ဘတ်ငွေ ၃၀၀ ရရှိတဲ့ဝင်ငွေက လုံလောက်မှု ရှိ မရှိကို ဒီနေ့ပြုလုပ်ခဲ့တဲ့ သင်တန်းဆွေးနွေးပွဲမှာ တက်ရောက်လာတဲ့ သင်တန်းသူတွေနဲ့ မေးမြန်းဆွေးနွေးဖြစ်ခဲ့ကြပါတယ်။ ကုန်ကျစရိတ်တွေ များတာကြောင့် တစ်ရက်ရရှိ ဝင်ငွေလည်းမလောက်ကြဘူးလေ။ ထိုင်းနိုင်ငံမှာ နေထိုင်စားသောက်ကုန်ကျစရိတ်တွေ များတာကြောင့် လုပ်အားခရငွေကို တိုးမြှင့်ပေးစေလိုတယ်လို့ အမျိုးသမီးအလုပ်သမားတွေက ဆွေးနွေးခဲ့ကြပါသေးတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါသင်တန်း၌ သင်ကြားပို့ချ ဆွေးနွေးပေးခဲ့မှုများကြောင့် အမျိုးသမီးများ အိမ်တွင်းအကြမ်းဖက်ခံရမှုများတွင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ အကြမ်းဖက်မှုများအကြောင်းတို့ကို သိရှိခွင့်ရခဲ့ကြောင်း၊ ကိုယ်တိုင်ပင်လျှင် တစ်နည်းနည်းဖြင့် အိမ်တွင်းအကြမ်းဖက်မှုကိုခံခဲ့ရသည်ကို ယခုမှသိရှိခဲ့ကြောင်းဖြင့် မဟာချိုင်မြို့ ထိုင်းလုံစီ အလုပ်ရုံ၌ အလုပ်လုပ်ကိုင်နေသူတစ်ဦးက ပြောကြားခဲ့သည်။

စိုးဝင်း(SP)

ပြည်သူ့လွှတ်တော်အစည်းအဝေး

# အယ်နီညိုရာသီဥတုနှင့်ပတ်သက်သည့် အရေးကြီးအဆိုအား လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ သဝဏ်လွှာ နှစ်ခု မှတ်တမ်းတင်ခြင်းနှင့် အယ်နီညိုရာသီဥတုနှင့်ပတ်သက်သည့် အရေးကြီးအဆိုအား ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ အောက်လွှတ်တော် (State Duma) ဥက္ကဋ္ဌ H.E. Mr. Sergei E. Naryshkin ထံမှပေးပို့သော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာနှင့် ဗီယက်နမ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Nguyen Sinh Hung ထံမှ ပေးပို့သော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာတို့ကို မှတ်တမ်းတင်သည်။

ယင်းနောက် မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း တင်သွင်းထားသည့် **"ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာခြင်းနှင့် ၂၀၁၆ ခုနှစ်တွင် ဖြစ်ပေါ်လာမည့် အယ်နီညို (El Nino) အကျိုးသက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝန်း ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်စီမံဆောင်ရွက်နိုင်ရေးနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်ရေးကို ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးတို့က ဆွေးနွေးကြသည်။


**အောင်မြေသာစံ မဲဆန္ဒနယ်မှ ဒေါက်တာလှမိုး**က ပြင်းထန်သည့် အယ်နီညိုရာသီဥတု နောက်ဆက်တွဲဆိုးကျိုးကို ခံစားရနိုင်သည့် အရှေ့တောင်အာရှနိုင်ငံများ အသီးသီးသည် ဖြစ်ပေါ်လာနိုင်သည့် အရာများကို ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ NGO များနှင့်ပေါင်းစပ်ပြီး နိုင်ငံအသီးသီးတွင် ရေချိုရေသန့် လုံလောက်စွာရရှိရေး ဆောင်ရွက်ခြင်း၊ လူနှင့်တိရစ္ဆာန် အစားအစာ ကြိုတင်စုဆောင်းခြင်း၊ အပူချိန်မြင့်မားသည့်အတွက် ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများကို ကြိုတင်ကာကွယ်ရန် အစီအမံများထားရှိခြင်း၊ ငတ်မွတ်ခေါင်းပါးမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရာဇဝတ်မှုများကို မည်သို့ဖြေရှင်းမည်ဆိုသည့် ကြိုတင်စီမံမှုများကို စီမံထားကြပြီးဖြစ်ကြောင်း မီဒီယာများမှတစ်ဆင့် ကြားသိရကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ရုတ်တရက်ဖြစ်ပေါ်လာနိုင်သည့် ငလျင်လှုပ်ခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းကျခြင်း၊ တောမီးလောင်ခြင်း စသည့်ဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက မည်သို့ဖြေရှင်းကြမည်ဆိုသည့် အစီအမံများကို သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက စီမံချက်များ ရေးဆွဲထားပြီးဖြစ်ကြောင်း၊ စီမံချက်များ အသီးသီးရေးဆွဲပြီးသော်လည်း ဇာတ်တိုက်လေ့ကျင့်မှု မျိုးမရှိသည်ကို တွေ့ရပါကြောင်း၊ ဇာတ်တိုက်လေ့ကျင့်မှု မရှိသည့်အတွက် သဘာဝဘေးများဖြစ်ပေါ်သည့်အခါ လိုအပ်သည်ထက်ပို၍ ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရပါကြောင်း၊ နိုင်ငံတော်အရန်ဆန် သိုလှောင်မှု ဆောင်ရွက်ရာတွင်လည်း ဆန်ရောင်းချမှုဥပဒေ သို့မဟုတ် မူဝါဒများ ချမှတ်ပြဋ္ဌာန်းပြီး ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးသည်။



အောင်မြေသာစံမဲဆန္ဒနယ်မှ
ဒေါက်တာလှမိုး

**နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင်**က ယခုနှစ်တွင် အယ်နီညိုရာသီဥတု ဖြစ်ပေါ်နေသည့်အတွက်ကြောင့် ယခင်နှစ်များထက် မိုးနည်းမှုနှင့် ပူပြင်းခြောက်သွေ့မှုကို ခံစားရမည်ဖြစ်ကြောင်း၊ ယခုအချိန်၌ပင် ရေပြတ်လပ်မှုများနေရာ တော်တော်များများ၌ စတင်ဖြစ်ပေါ်နေပြီဖြစ်ကြောင်း၊ မီးလောင်ကျွမ်းမှုများသည်လည်း မကြာခဏဆိုသလို ဖြစ်ပေါ်နေကြောင်း၊ သေချာစွာ ကြိုတင်ပြင်ဆင်ထားမှုမရှိပါက ယခုနှစ် နွေရာသီတွင် ဘေးဒုက္ခများ ခံစားကြုံတွေ့ရနိုင်ကြောင်း၊ ထို့ကြောင့် မကြာမီဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို တာဝန်ရှိသူများက သေချာစွာ ကြိုတင်ပြင်ဆင်ထားမှသာလျှင် ပြည်သူလူထုအနေဖြင့် ထိခိုက်မှုနည်းနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးသည်။

**ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး**က မြန်မာနိုင်ငံ ငါးလုပ်ငန်းရှင်များအသင်းက အယ်နီညိုကြောင့် ငါးလုပ်ငန်းများ ထိခိုက်နိုင်သည်ဟု ပြောပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံခြားဝင်ငွေကို ၂၀၁၅ ခုနှစ်က အမေရိကန်ဒေါ်လာ ၈၆ သန်း ရှာပေးသည့် ငါးတင်ပို့မှုတန်ဖိုးကို ယခုနှစ်တွင် မီနိုင်ရန် စိုးရိမ်နေရသည့်အနေအထား ဖြစ်ပါကြောင်း၊ အလားတူ မြန်မာနိုင်ငံ အလယ်ပိုင်း မိုးနည်းဒေသများတွင် စိုက်ပျိုးလေ့ရှိသည့် ပဲမျိုးစုံစိုက်ပျိုးရေးလုပ်ငန်းများသည်လည်း မိုးခေါင်မှုများကြောင့် ထိခိုက်ပျက်စီးနိုင်သည့်အတွက် ပြည်ပပဲမျိုးစုံတင်ပို့မှုသည် ယခုနှစ်တွင် ယခင်နှစ်များလောက် တင်ပို့နိုင်တော့မည့် အခြေအနေတွင် မရှိပါကြောင်း၊ ပြည်သူများ၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ လုံခြုံမှုရှိအောင် ဆောင်ရွက်ရန်မှာ လွှတ်တော်အသီးသီးနှင့် နိုင်ငံတော်အစိုးရ၏ တာဝန်ဖြစ်ပါကြောင်း ဆွေးနွေးသည်။



ဒလမဲဆန္ဒနယ်မှ
ဒေါက်တာစိန်မြအေး

**တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးအောင်ကျော်မိုး**က ယခု အယ်နီညိုကြောင့် ၂၀၁၅ ခုနှစ် ဒုတိယနှစ်ဝက်တွင် ကမ္ဘာတစ်ဝန်းလုံး၌ လူနှစ်သောင်းကျော် သေဆုံးခဲ့ပြီး အမေရိကန်ဒေါ်လာ ၆၄ ဘီလီယံခန့် ဆုံးရှုံးခဲ့ရပါကြောင်း၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဒေသအချို့၌ ပုံမှန်အပူချိန်ထက် ၁၂ ဒီဂရီ စင်တီဂရိတ် အပူချိန်မြင့်မားခဲ့ပါကြောင်း၊ အယ်နီညိုကြောင့် မြန်မာနိုင်ငံရှိ ဒေသတော်တော်များများတွင် ရေရှားပါးမှုများ ဖြစ်ပေါ်နိုင်ခြင်းကြောင့် ရေကို အလေအလွင့်မဖြစ်အောင် သတိပြုသင့်ပါကြောင်း၊ အယ်နီညိုသည် မီးလောင်မှုကိုအားပေးသည့်အတွက် မီးဘေးအန္တရာယ်ကျရောက်မှု မရှိစေရန် ဒေသအားလုံး၌ အများပြည်သူသိရှိစေရန် သတိပေးကြေညာချက်များ ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အယ်နီညို၏ အကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာမည့် အန္တရာယ်များကို ပြည်ထောင်စုအစိုးရက ဦးဆောင်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ အစိုးရများနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများ အချိတ်အဆက်မိမိပူးပေါင်းပြီး ဒေသအလိုက် တာဝန်ယူ ဖြေရှင်းဆောင်ရွက်ရာတွင် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းပူးပေါင်းပါဝင်သင့်ပါကြောင်း ဆွေးနွေးသည်။

ယနေ့အစည်းအဝေးကို နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ရပ်နားလိုက်ပြီး အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ဆက်လက်ကျင်းပရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီကို လွှတ်တော်ကအတည်ပြုဖွဲ့စည်းခြင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းရေးတို့ကို ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ **(ယာပုံ) ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီကို လွှတ်တော်က အတည်ပြုဖွဲ့စည်းခြင်း**နှင့် **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းရေး**တို့ကို ဆောင်ရွက်ကြသည်။




အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ**၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုလည်းကောင်း၊ ကော်မတီဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်၊ အတွင်းရေးမှူးအဖြစ် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်းတို့အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့်လည်းကောင်း ဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ** ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**၌ ကော်မတီဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၊ အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ ဒေါက်တာဝင်းမြင့်တို့အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းရန် လျာထားကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့ကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရပ်နားလိုက်ပြီး ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၄ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီအဖွဲ့ဝင်များစာရင်း (၂၃ - ၂ -၂၀၁၆)**

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) | ဦးဆန်းမြင့် | ဥက္ကဋ္ဌ |
| ၂။ | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) | ဦးဝင်းကြိုင် | အဖွဲ့ဝင် |
| ၃။ | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) | ဦးဌေးဦး | ။ |
| ၄။ | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) | ဦးအေးဗိုလ် | ။ |
| ၅။ | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) | ဦးမင်းဆွေနိုင် | ။ |
| ၆။ | ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) | ဦးဘော်ရယ်စိုးဝေ | ။ |
| ၇။ | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) | ဦးဝင်းအောင် | ။ |
| ၈။ | မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) | ဦးကျော်တုတ် | ။ |
| ၉။ | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) | ဦးပြုံးလွင် | ။ |
| ၁၀။ | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) | ဒေါ်နန်းနီနီအေး | ။ |
| ၁၁။ | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) | ဦးဝေစိန်အောင် | ။ |
| ၁၂။ | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) | ဦးခင်မျိုးဝင်း | ။ |
| ၁၃။ | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) | ဦးစိုင်းလုံစံခတ် | ။ |
| ၁၄။ | တပ်မတော်သား ကိုယ်စားလှယ် | ဗိုလ်မှူးချုပ် ကိုကိုဝင်း | ။ |
| ၁၅။ | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) | ဦးလှမြင့်(ခ) ဦးလှမြင့်သန်း | အတွင်းရေးမှူး |

# အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာန နိုင်ငံတကာရေးရာ ဒုတိယဝန်ကြီး မစ္စတာ တာကာယူကီ ယူအီဒါ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(က) တည်ဆောက်ပြီးစီးမှုနှင့် နိုင်ငံတကာကုမ္ပဏီကြီးများမှ လာရောက်ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်ရေးအတွက် မြန်မာ-ထိုင်း-ဂျပန် သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ အထူး စီးပွားရေးဇုန်များအား အထောက်အကူပြုနိုင်မည့် မိတ်ဖက်စက်မှုလုပ်ငန်းများအဖြစ် ဒေသန္တရ စက်မှုလုပ်ငန်းများ အားပေးမြှင့်တင်ရေး၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုအတွက် ဘဏ္ဍာရေး၊ လူ့စွမ်းအားအရင်းအမြစ်၊ အခြေခံအဆောက်အအုံ၊ သတင်းအချက်အလက်နှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုနယ်ပယ်အသီးသီးတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးဟံစိန်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်တို့ တက်ရောက်ကြပြီး ဂျပန်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုလုပ်ငန်း ဝန်ကြီးဌာန နိုင်ငံတကာရေးရာ ဒုတိယဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ မစ္စတာ အိချိရို မာရူယာမလည်း တက်ရောက်သည်။ **(သတင်းစဉ်)**



# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)အသီးသီး၏ လုပ်ပိုင်ခွင့်များနှင့်ပတ်သက်၍ ဖြည့်စွက်သွားမည်



ရန်ကုန် ဖေဖော်ဝါရီ ၂၃

**ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ စတုတ္ထအကြိမ်အစည်းအဝေး ဒုတိယနေ့ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန ( MPC) ၌ ဆက်လက်ကျင်းပသည်။** (အပေါ်ပုံ)

ဒုတိယနေ့ အစည်းအဝေးတွင် ပထမနေ့က ဆွေးနွေးလျက်ရှိသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ ဒေသန္တရအဆင့် ရုံးအဖွဲ့လုပ်ငန်းလမ်းညွှန်အား အတည်ပြုနိုင်ရေး ဆက်လက်ဆွေးနွေးသည်။ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ရုံးအဖွဲ့လုပ်ငန်းလမ်းညွှန်အရ ခန့်အပ်မည့် အကြီးအကဲရာထူးအသီးသီးအတွက် တာဝန်နှင့်လုပ်ပိုင်ခွင့်များ ဆွေးနွေးနိုင်ခဲ့ကြောင်း MPC မှ သိရသည်။

စတုတ္ထအကြိမ် ကျင်းပသည့် ပြည်ထောင်စုအဆင့် JMC-U အစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၈ နာရီတွင် အစည်းအဝေးတတိယနေ့အဖြစ် ဆက်လက်ဆွေးနွေးမည်ဖြစ်သည်။

ယနေ့ ဆက်လက်ပြုလုပ်သည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ ဒုတိယနေ့အစည်းအဝေးတွင် သဘောတူညီချက်ရရှိခဲ့သည့် အရာများနှင့် ဆက်လက်ဆွေးနွေးသွားမည့် အကြောင်းအရာများနှင့်ပတ်သက်၍ ဒေါက်တာရွှေခါးရှ်အား မြန်မာ့သတင်းစဉ်မှ မေးမြန်းခဲ့သည်။



**ဒေါက်တာ ရွှေခါးရှ် (အတွင်းရေးမှူး-၁) ပြည်ထောင်စု အဆင့် ပစ်ခတ် တိုက် ခိုက် မှု ရပ်စဲရေး ဆိုင် ရာ ပူးတွဲ စောင့် ကြည့် ရေး ကော်မတီ (JMC-U)**

မေး။ ။ ဒီနေ့ JMC-U ဒုတိယနေ့ အစည်းအဝေးမှာ ဘယ်လိုအချက်တွေကို ဆွေးနွေးခဲ့ပါသလဲဆရာ။

ဖြေ။ ။ ဒီနေ့ဆွေးနွေးတာကတော့ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးရုံးအဖွဲ့နဲ့ ပတ်သက်ပြီး အကုန်လုံး ဆွေးနွေးလိုက်နိုင်တယ်။ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးရုံးအဖွဲ့အနေနဲ့ ဘာတွေလုပ်ဆောင်ရမယ်ဆိုတဲ့ လုပ်ငန်းလမ်းညွှန်ကိုလည်း ဆွေးနွေးလိုက်နိုင်တယ်။ ဒေသန္တရအဆင့် Local Level အတွက်လည်း ဆွေးနွေးတယ်။ အရေးကြီးဆုံးကိစ္စတစ်ခုကတော့ ဒေသခံပြည်သူတွေ ပါဝင်မှုနဲ့ပတ်သက်ပြီး အရင်တုန်းကလုပ်ခဲ့ဖူးတဲ့ ဒေသခံတွေရဲ့ အမြင်ကိုစုစည်းပြီး ထိထိရောက်ရောက်နဲ့ ပါဝင်လာနိုင်အောင် သူတို့ရဲ့ အကြံဉာဏ်တွေ ထိထိရောက်ရောက်ယူပြီးလုပ်ဖို့ နောက်ပိုင်းမှာ ဆွေးနွေးမယ်လို့ သဘောတူတာရှိတယ်။ အဲဒီတော့ ပြည်ထောင်စုအဆင့် JMC-U ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် JMC-S ၊ ဒေသန္တရအဆင့် JMC-L မှာရော စောင့်ကြည့်ရေးနဲ့ပတ်သက်ပြီး သူတို့ရဲ့လုပ်ပိုင်ခွင့်တွေကိုလည်း ထပ်ပြီးဖြည့်စွက်ဖို့ သဘောတူတယ်။ အတည်ပြုချက်အတွက်ကတော့ JICM အစည်းအဝေးမှာ ကျွန်တော်တို့ ပြန်ယူရပါမယ်။

မေး။ ။ ဒီနေ့ဆွေးနွေးပွဲမှာ အတည်ပြုချက်အနေနဲ့ရော ဘာတွေရပါသလဲ ဆရာ။

ဖြေ။ ။ အဓိက သုံးချက်ကို ဆွေးနွေးပြီး သဘောတူတယ်လို့ ပြောလို့ရပါတယ်။ ကျွန်တော်ပြောခဲ့သလိုပဲ စောင့်ကြည့်ရေးကော်မတီအားလုံးရဲ့ လုပ်ငန်းတာဝန်ကတော့ရှိတယ်။ လုပ်ပိုင်ခွင့်မှာ စောင့်ကြည့်ရေးနဲ့ပတ်သက်ပြီး သေသေချာချာ ဖော်ပြတာတော့မရှိဘူး။ အဲဒီမှာ ကော်မတီ သုံးခုလုံးနဲ့ပတ်သက်တဲ့ လုပ်ပိုင်ခွင့်ကို အတိအလင်း ပြဋ္ဌာန်းပေးရပါမယ်ဆိုတဲ့ အချက်ရရှိတယ်။ ကော်မတီအဆင့်ဆင့်ရဲ့လုပ်ပိုင်ခွင့်နဲ့ ပတ်သက်ပြီး လုပ်ပိုင်ခွင့် အဆင့်ဆင့်ရဖို့ ကျွန်တော်တို့ အခုရေးနေတာဖြစ်တယ်။ ဒုတိယအချက်က ပြည်ထောင်စုအဆင့် JMC-U ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် JMC-S ၊ ဒေသန္တရအဆင့် JMC-L ရုံးအဖွဲ့တွေရဲ့ လုပ်ငန်းတာဝန်တွေကို သဘောတူခဲ့တယ်။ တတိယအချက်ကတော့ ဒေသခံပြည်သူများ စောင့်ကြည့်တဲ့နေရာမှာ ဘယ်လိုပုံစံနဲ့ ပါဝင်လို့ရမလဲဆိုတဲ့ဟာကို ကျွန်တော်တို့အချင်းချင်း သဘောတူညီချက်ရတာ တစ်ခုရှိတယ်။ အဲဒါကတော့ ဒေသခံတွေရဲ့ အမြင်သဘောထားတွေရယူပြီး သူတို့ရဲ့စုစည်းချက်အပေါ်မှာပဲ ကျွန်တော်တို့ ရေးဆွဲသွားမယ်ဆိုတဲ့အချက်ကို သဘောတူကြပါတယ်။

မေး။ ။ ပြည်ထောင်စုအဆင့်ဖွဲ့ပြီးပြီ။ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်လည်း ရှမ်းပြည် ခိုလန်မှာ ဖွဲ့ပြီးပြီ။ ဒေသန္တရအဆင့်ဖွဲ့ဖို့ ဘယ်တော့စမလဲ။ လူဦးရေ ဘယ်လောက်နဲ့ ဖွဲ့မလဲဆိုတာနဲ့ ဒေသန္တရအဆင့် (JMC-L) ကိုရော ဘယ်တော့ စဖွဲ့မယ်ဆိုတာ ပြောပေးပါဆရာ။

ဖြေ။ ။ ပြည်နယ်အဆင့်မှာတော့ အစိုးရဘက်က ၁၀ ဦး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဘက်က ၁၀ ဦးနဲ့ အရပ်သားဘက်က ခြောက်ဦးပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာ အစိုးရဘက်က ငါးဦး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဘက်က ငါးဦးနဲ့ အရပ်သားဘက်က လေးဦး စုစုပေါင်း ၁၄ ဦးပါတယ်။ ဒေသန္တရအဆင့် Local Level မှာတော့ ရှစ်ဦးပါမယ်။ အစိုးရဘက်က သုံးဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဘက်က သုံးဦးနဲ့ အရပ်သားဘက်က နှစ်ဦးပါပါမယ်။ ဒေသန္တရအဆင့်အတွက် ပြည်နယ်အဆင့်ကိုတောင် ကျွန်တော်တို့အားလုံး မလုပ်ရသေးတော့လာမှာပါ။ မကြာခင်ပေါ့။ အမြန်ဆုံးဖွဲ့ဖြစ်အောင် ကျွန်တော်တို့ ကြိုးစားနေပါတယ်။

မေး။ ။ တနင်္သာရီတိုင်းမှာ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) ကို ဖွဲ့မယ် ဒီအစည်းအဝေးမှာ ပြောထားတာရှိတော့ ဘယ်တော့လောက် စဖြစ်မလဲဆိုတာလေး သိရမလားဆရာ။

ဖြေ။ ။ ကျွန်တော်တို့ တနင်္သာရီကို ဖေဖော်ဝါရီ ၂၅ ရက်မှာ သွားဖို့ရှိတယ်။ ချက်ချင်းဖွဲ့မယ်လို့တော့ စီစဉ်ထားတယ်။

မေး။ ။ အခုအစည်းအဝေးမှာ ဆွေးနွေးရမယ့် အချက်တွေက များလွန်းနေတော့ အချိန်လုံလောက်မှုရှိနိုင်ပါ့မလား ဆရာ။

ဖြေ။ ။ မှန်ပါတယ်။ အားလုံးပြီးအောင် ဆွေးနွေးဖို့ဆိုမလွယ်လောက်ပါဘူး။ အဲဒါကြောင့် ကျွန်တော်တို့ အလုပ်အဖွဲ့ဖွဲ့မယ်။ အစည်းအဝေးမှာပဲ လာပြီးဆွေးနွေးတာမဟုတ်ဘဲနဲ့ ကြားထဲမှာ ဆွေးနွေးနိုင်မယ့် ဟိုဘက်ဒီဘက်ပါဝင်တဲ့ အလုပ်အဖွဲ့ဖွဲ့မယ်။ ဒါတွေလုပ်ဖို့ စီစဉ်ထားပါတယ်။

မေး။ ။ ရှမ်း၊ ကရင်၊ ပဲခူးကိစ္စတွေ မနက်ဖြန်မှာ ဆက်လက်ဆွေးနွေးသွားဖို့ရှိလား ဆရာ။

ဖြေ။ ။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဆွေးနွေးနိုင်မယ်လို့ မျှော်လင့်ရပါတယ်။

ကျေးဇူးပါပဲဆရာ။

**မေး/ရေး-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# ပုဂံဒေသရှိသတ်မှတ်ထားသော ဘုရားစေတီငါးဆူမှအပ တက်ရောက်ခွင့်မပြုကြောင်းသိရ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ယဉ်ကျေးမှု ဝန်ကြီးဌာနသည် ခရီးသွားကုမ္ပဏီများနှင့် ဧည့်လမ်းညွှန်များ၏ ပန်ကြားချက်များအရ ပုဂံဒေသရှိ ရှေးဟောင်းအဆောက်အအုံများအနက် နေဝင်ချိန်မြင်ကွင်းကောင်းမွန်သည့် ရွှေဆံတော်၊ ပြဿဒ်ကြီး၊ တောင်ဂူနီ၊ မြောက်ဂူနီ၊ သစ္စာဝတီဟူသည့် ဘုရားငါးဆူ၏ ပစ္စယံများပေါ်သို့ ပြည်တွင်းပြည်ပ ဧည့်သည်များကို တက်ရောက်နိုင်ရန်အတွက် ခွင့်ပြုပေးခဲ့သည်။

သို့ရာတွင်အချို့သော လူပုဂ္ဂိုလ်တို့သည် အခြားဘုရား၊ စေတီ ပစ္စယံများပေါ်သို့ သတ်မှတ်သောနေရာထက်ကျော်လွန်ကြသဖြင့် ယဉ်ကျေးမှုအရ ဘုရားစေတီများကို အဂါရဝဖြစ်စေခြင်း၊ အဂါရဝဖြစ်စေသော ဝတ်စားဆင်ယင်မှုများ ဝတ်ဆင်ခြင်း၊ ကခုန်ခြင်း၊ အိပ်စက်ခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်းစသည့် ပြုမူမှုများ ပြုလုပ်လာကြသည်ကို လူမှုကွန်ရက်များတွင် ဖော်ပြမှုများရှိလာခြင်း၊ ပေးပို့သောဓာတ်ပုံများအရ သိရှိလာရသည်။ ထို့အပြင် အမေရိကန်နိုင်ငံသားတစ်ဦးသည် ဖေဖော်ဝါရီ ၂၁ ရက်က ညဥ့်အချိန်မတော် ရွှေဂူကြီးဘုရားပစ္စယံပေါ်သို့ တက်ရောက်ရာ ပြုတ်ကျခဲ့သဖြင့် ဆေးရုံသို့ ပို့ဆောင်ကုသခဲ့ရကြောင်း သိရသည်။

ဘုရားပစ္စယံများပေါ်တွင် တွယ်ဖက် ဓာတ်ပုံရိုက်ကူးမှုများကြောင့် စိန်တောင်များ၊ တံတိုင်းမုခ်တိုင်များ ထိခိုက်ရှနာမှုများရှိခဲ့ကြောင်း ကြားသိရသည်။ သို့သော် ပုဂံဒေသရှိ ရှေးဟောင်း အဆောက်အအုံများသည် နှစ်ပေါင်းကြာမြင့်ပြီး ကြံ့ခိုင်မှုလျော့နည်းလာသည့်အပြင် လူအင်အားအရေအတွက်များစွာ တက်ရောက်ခြင်းများကြောင့် မလိုလားအပ်သည့် ဘုရားများပျက်စီးမှုအန္တရာယ်၊ လူများထိခိုက်မှုအန္တရာယ်များ ဖြစ်လာနိုင်သည့်အတွက် UNESCO နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဌာနတို့ အကြား Heritage Impact Assessment (HIA) အလုပ်ရုံဆွေးနွေးပွဲတွင် ဘုရားစေတီများပေါ်သို့ လူများတက်ရောက်ခြင်းကို ထိန်းသိမ်းရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့သည်။ သို့ဖြစ်ပါ၍ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဖေ့ဘွတ်ခ်တွင် မတ် ၁ ရက်မှစ၍ ပုဂံယဉ်ကျေးမှုအမွေ အနှစ်ဒေသရှိ ဘုရားပုထိုး၊ စေတီ၊ ပစ္စယံများပေါ်သို့ တက်ရောက်ခွင့်မပြုကြောင်း သတင်းကိုပြန်လည်ရုပ်သိမ်းပြီး သတ်မှတ်ထားသော ဘုရားစေတီငါးဆူမှအပ တက် ရောက်ခွင့်မပြုဟု သိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ ဖွဲ့စည်းရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union- MPU) ဖွဲ့စည်းရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် နာယကနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကနှင့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ လွှတ်တော်ရုံးများမှ တာဝန်ရှိသူများတက်ရောက်ကြသည်။



ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယကနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဖွင့်အမှာစကားပြောကြားရာတွင် **(ယာပုံ)** ယခုဆောင်ရွက်သော အစည်းအဝေးသည် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းကာလအတွက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ပြန်လည်ဖွဲ့စည်းရေး ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ ပထမအကြိမ် လွှတ်တော်သက်တမ်းကာလတွင် ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့သည် ပထမအကြိမ် လွှတ်တော်များနှင့်အတူ သက်တမ်းကုန်ဆုံးခဲ့ပြီးဖြစ်၍ ပြန်လည်ဖွဲ့စည်းနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများက ဆွေးနွေးညှိနှိုင်းပြီး သဘောထားပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားရာတွင် MPU သည် ယခင်ပါလီမန်ခေတ်က ဖွဲ့စည်းခဲ့သည့် အဖွဲ့အစည်းဖြစ်ပြီး ပထမအကြိမ် လွှတ်တော်သက်တမ်းကာလတွင်လည်း ပြည်ထောင်စုအဆင့်လွှတ်တော်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်လွှတ်တော်များ ညှိနှိုင်းဆွေးနွေးပြီး ပူးပေါင်းဖွဲ့စည်းခဲ့ပါကြောင်း၊ ဒီမိုကရေစီကျင့်စဉ်ကို ချောချောမွေ့မွေ့အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရေးနှင့် လွှတ်တော်အသီးသီး၏ လုပ်ငန်းတာဝန်များ အဆင်ပြေချောမွေ့စွာ ညှိနှိုင်းပူးပေါင်းလုပ်ဆောင်နိုင်ရေးအတွက် MPU သည် ဖွဲ့စည်းဆောင်ရွက်သင့်သည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကနှင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌတို့က အကြံပြုဆွေးနွေးခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများက မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (MPU) ဖွဲ့စည်းရေးကိစ္စနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခြင်းများ ပြုလုပ်ကြပြီး ဖွဲ့စည်းရန် သဘောတူညီခဲ့သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့က တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကားပြောကြားသည်။

**(သတင်းစဉ်)**



## ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း သံအမတ်ကြီးများအား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး H. E. Mr. Robert Chua အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ပညာရေးဆိုင်ရာ စွမ်းရည်မြှင့်တင်မှု အစီအစဉ်နှင့် လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အလားတူ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး H.E. Mr. Nicholas Coppel အား ယနေ့ ညနေ ၃ နာရီတွင် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတကာဆက်ဆံရေး လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူးနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် သံအမတ်ကြီးများအား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H. E. Mr. Nicholas Coppel အား ယနေ့မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံအမတ်ကြီး H. E. Mr. Robert Chua အား ညနေ ၃ နာရီတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Lee Baek - soon အား ညနေ ၃ နာရီခွဲတွင်လည်းကောင်း **(အောက်ပုံ)** နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**





**ဖေဖော်ဝါရီ ၂၃ ရက်က ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ (၃၂)ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနား တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Pahin Dato Rahmani Dato Basir ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## လက်နက်ငယ်များအား ထိန်းချုပ်ရေးနှင့်စပ်လျဉ်းသည့် အမျိုးသားအဆင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

လက်နက်ငယ်များအား ထိန်းချုပ်ရေးနှင့်စပ်လျဉ်းသည့် အမျိုးသားအဆင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေး စင်တာတို့မှ ပူးပေါင်း၍ နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ယနေ့ နံနက် ၉ နာရီတွင် စတင်ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများ၊ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂ ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေး စင်တာနှင့် ကုလသမဂ္ဂ လက်နက်ဖျက်သိမ်းရေးဆိုင်ရာရုံးတို့မှ ကျွမ်းကျင်သူများ၊ နိုင်ငံတကာမှ ကျွမ်းကျင်သူ ပညာရှင်များနှင့် ရန်ကုန်မြို့ရှိ ဗြိတိသျှသံရုံးမှကိုယ်စားလှယ်တို့ တက်ရောက်ကြသည်။

ယင်းအလုပ်ရုံ ဆွေးနွေးပွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်မှူးချုပ် ကိုကိုလွင်နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂ ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေးစင်တာမှ ညွှန်ကြားရေးမှူး၏ လက်ထောက်ဖြစ်သူ မစ္စတာ အလက်ဇန်ဒါးမီဆစ်တို့က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက အပြန်အလှန်ဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၄ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်း ဆောင်ရွက်ရန်အတွက် သတိပေးချက်ထုတ်ပြန်ကြေညာ

နေပြည်တော်  ဖေဖော်ဝါရီ ၂၃


**တပ်မတော်(ရေ) စစ်ရေယာဉ်များသည် ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၂ ရက်အတွင်း ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်းနှင့် လက်နက်များ လေ့ကျင့်ပစ်ခတ်ခြင်းများအား ကိုကိုးကျွန်းရေပြင်တွင် လေ့ကျင့်မည်ဖြစ်သည်။**

အဆိုပါလေ့ကျင့်ခန်း ဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၅၆ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၆ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၅၆ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၃ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၃ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၆ မိနစ် စသည့် Coordinates အမှတ်များကို ဆက်ဆွဲထားသည့်ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီး ဖြစ်သည်။

သို့ဖြစ်၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ငါးမိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/ စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀ (တစ်သောင်းငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်း မပြုကြရန် အသိပေးကြေညာထားကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

Combined Fleet Exercise (Sea Shield- 2016) ဆောင်ရွက်မည့်ဧရိယာပြပုံ




ရည်ညွှန်းချက်
လေ့ကျင့်ခန်းပြုလုပ်မည့်ဧရိယာ

| | | | | | |
|---|---|---|---|---|---|
| A | - | 19° 56' N, 93° 26' E | C | - | 14°00' N, 94° 33' E |
| B | - | 14°56' N, 94° 33' E | D | - | 14°00' N, 93° 26' E |

● ***ရှေ့ဖုံးမှ***

နံနက် ၆နာရီခွဲမှစတင်၍ ၄၇၃ စင်တီမီတာ၊ နံနက် ၉ နာရီခွဲတွင် ၄၄၄ စင်တီမီတာအထိ လျော့ကျလာခဲ့ကြောင်း ကချင်ပြည်နယ် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"အခုလိုမြစ်ရေကြီးတာက မြန်မာနိုင်ငံမြောက်ဖျားပိုင်းမှာ မိုးရွာသွန်းမှုတွေ၊ အပူချိန်မြင့်တက်လာတာတွေကြောင့် ဖြစ်ရတာပါ။ ဧရာဝတီမြစ်ရေမြင့်တက်လာမှုဟာ နှစ်စဉ်ဖေဖော်ဝါရီလနောက်ဆုံးပတ်မှာ ပုံမှန်ဖြစ်လေ့ဖြစ်ထရှိပါတယ်"ဟု ကချင်ပြည်နယ် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထိုက်က ပြောသည်။

ဧရာဝတီမြစ်ရေ မြင့်တက်ခြင်းကြောင့် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်းအနောက်ဘက် ဧရာဝတီမြစ်ကမ်းစပ်၌ ဖွင့်လှစ်ထားသော စားသောက်ဆိုင်တစ်ဆိုင် ရေနစ်မြုပ်ခဲ့ကြောင်း ၎င်းကပြောသည်။

အဆိုပါ မြစ်ရေကြီးမှုနှင့် ပတ်သက်ပြီး မြစ်ကြောင်းများအတွင်း သွားလာနေလျက်ရှိသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ကြောင်း၊ မြစ်ရေနည်းစဉ် ဧရာဝတီ မြစ်ရိုးတစ်လျှောက် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့် မြစ်ရေရုတ်တရက်မြင့်တက်လာနိုင်မှုကြောင့် ဂရုပြုနေထိုင်သင့်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထုတ်ပြန်ထားကြောင်း သိရသည်။

## AFC Cup ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော်  ဖေဖော်ဝါရီ ၂၃**

မြန်မာကလပ်အသင်းများဖြစ်သည့် ရန်ကုန်အသင်းနှင့် ဧရာဝတီအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၆ ခုနှစ် AFC Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဖေဖော်ဝါရီ ၂၄ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ AFC Cup ပြိုင်ပွဲကို ၃၂ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်း ရှစ်အုပ်စုခွဲကာ အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် ကျင်းပမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၂၄ ရက်တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် တောင်တရုတ်(ဟောင်ကောင်)အသင်း၊ မတ် ၉ ရက်တွင် ဧရာဝတီယူနိုက်တက်အသင်းနှင့် လာအိုတိုယိုတာ(လာအို)အသင်း၊ မတ် ၁၆ ရက်တွင် ဧရာဝတီယူနိုက်တက်အသင်းနှင့် ဘင်ဂါလူရူး(အိန္ဒိယ)အသင်း၊ ဧပြီ ၁၃ ရက်တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် မိုဟမ်ဘေဂန်(အိန္ဒိယ)အသင်း၊ ဧပြီ ၂၇ ရက်တွင် ဧရာဝတီယူနိုက်တက်အသင်းနှင့် မလေးရှားကလပ် ဂျိုဟိုဒါရူးလ်အသင်း၊ မေ ၁၁ ရက်တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် မာဇီယာ (မော်လ်ဒိုက်)အသင်းတို့သည် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ညနေ၄ နာရီတွင် စတင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မလေးရှားနိုင်ငံတွင် ဖေဖော်ဝါရီ ၂၄ ရက် ဒေသစံတော်ချိန် ည ၈ နာရီ ၄၅ မိနစ်တွင် မလေးရှားကလပ် ဂျိုဟိုဒါရူးလ်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်း၊ မတ် ၉ ရက်တွင် မာဇီယာ(မော်လ်ဒိုက်)အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ မတ် ၁၆ ရက်တွင် မိုဟမ်ဘေဂန်(အိန္ဒိယ)အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ ဧပြီ ၁၃ ရက် ဒေသစံတော်ချိန် ည ၉ နာရီခွဲတွင် ဘင်ဂါလူရူး(အိန္ဒိယ)အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်း၊ ဧပြီ ၂၇ ရက်တွင် တောင်တရုတ်(ဟောင်ကောင်)အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ မေ ၁၁ ရက်တွင် လာအိုတိုယိုတာ(လာအို)အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့သည် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်များကို မြန်မာ့ရုပ်မြင်သံကြား News Channel နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

❍ ***ကျောဖုံးမှ***

ရန်ကုန်အသင်းနည်းပြချုပ် မာဂျန်က "ဘယ်ပြိုင်ပွဲပဲဖြစ်ဖြစ် အဖွင့်ပွဲစဉ်တိုင်းက ခက်ခဲလေ့ရှိပါတယ်။ ပွဲဦးထွက်မှာ ရလဒ်ကောင်းရဖို့ကြိုးစားသွားမှာပါ။ တောင်တရုတ်အသင်းဟာ အသင်းကောင်းတစ်သင်းဖြစ်ပြီး အရည်အသွေးမြင့် ကစားသမားတွေကို ပိုင်ဆိုင်ထားပါတယ်။ ဟောင်ကောင်လက်ရွေးစင်ကစားသမားတွေလည်းပါဝင်လာတာကြောင့် ခက်ခက်ခဲခဲကစားရမှာပါ။ အဓိကကတော့ အမှားမလုပ်မိဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့အသင်း ကျရောက်နေတဲ့အုပ်စုက အသင်းကောင်းတွေများတဲ့အတွက် နောက်တစ်ဆင့်တက်ဖို့ ပွဲတိုင်းက အရေးကြီးပါတယ်။ ကျွန်တော်တို့ကတော့ ပထမအဆင့်အနေနဲ့ အုပ်စုအဆင့်ကို ကျော်လွှန်နိုင်အောင် ကြိုးပမ်းသွားမှာပါ" ဟု ပြောကြားခဲ့သည်။




**ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် ရန်ကုန်အသင်းနှင့် တောင်တရုတ်အသင်းတို့မှ နည်းပြများနှင့် ကစားသမားများအား တွေ့ရစဉ်။**

ရန်ကုန်အသင်းခေါင်းဆောင် ခင်မောင်လွင်က "ကျွန်တော်တို့ အသင်းက AFC Cup ပြိုင်ပွဲကို လေးကြိမ်မြောက်ယှဉ်ပြိုင်တာဖြစ်တဲ့အတွက် အတွေ့အကြုံကောင်းတွေရှိပြီးပါပြီ။ ခံစစ်မှာ အမာခံတွေမပါနိုင်လို့ လူငယ်ကစားသမားတွေပွဲထွက်လာမှာဖြစ်ပေမယ့် သူတို့က အတွေ့အကြုံရှိပြီးဖြစ်တာကြောင့် ပြဿနာမရှိနိုင်ပါဘူး။ ပုံစံကောင်းပြသပြီး နိုင်ပွဲရယူနိုင်အောင် ကြိုးပမ်းသွားမှာပါ"ဟု ပြောကြားခဲ့သည်။

ယနေ့ယှဉ်ပြိုင်မည့် ရန်ကုန်အသင်းတွင် ဇော်မင်းထွန်းနှင့် သန်းထက်အောင်တို့ ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်နိုင်မည်မဟုတ်ဘဲ ကျော်မင်းဦးနှင့် ဂျပန်နောက်ခံလူ ယာမာရှီဟာတို့မှာ ဒဏ်ရာပြဿနာများကြောင့် လွဲချော်ဖွယ်ရှိနေသည်။

တောင်တရုတ်အသင်းနည်းပြချုပ် ကတ်စမဲရိုး(ဘရာဇီး)က "ကျွန်တော်တို့ကတော့ ဒီတစ်ပွဲတည်းအတွက်မဟုတ်ဘဲ ပြိုင်ပွဲတစ်ခုလုံးအတွက် ပြင်ဆင်နေတာပါ။ ဟောင်ကောင်နဲ့ ရန်ကုန်ရာသီဥတုက တော်တော်လေးကွာခြားပေမယ့် ဒါကိုပြဿနာတစ်ခုလို့မသတ်မှတ်ပါဘူး။ ရာသီဥတုပူပြင်းတာက နှစ်သင်းစလုံး ကြုံတွေ့ရမှာပါ။ အသင်းမှာ ဟောင်ကောင်လက်ရွေးစင် သုံးဦး၊ နိုင်ငံခြားသားသုံးဦးပါဝင်လာပြီး ကစားသမားတချို့ကတော့ ဒဏ်ရာကြောင့် လိုက်ပါလာခြင်းမရှိပါဘူး။ ရန်ကုန်အသင်း ကစားပုံကိုတော့ သေချာလေ့လာထားပါတယ်။ လက်ရွေးစင်ကစားသမား အများအပြားပါသလို နိုင်ငံခြားသားကစားသမားတွေကလည်း ကစားသမားကောင်းတွေပါ။ ဒီပွဲမှာ အမှတ်ရအောင် ယှဉ်ပြိုင်သွားမှာပါ" ဟု ပြောကြားခဲ့သည်။

ရန်ကုန်အသင်းနှင့် တောင်တရုတ်အသင်းတို့သည် AFC Cup ပြိုင်ပွဲတွင် ၂၀၁၄ ခုနှစ်က တွေ့ဆုံခဲ့ဖူးပြီး အုပ်စုအဆင့်တွင် ရန်ကုန်အသင်းက အိမ်ကွင်းမှာ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ ဒုတိယအကျော့အဝေးကွင်း၌ ငါးဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

## ကော့သောင်းမြို့အနီး ပင်လယ်ပြင်အတွင်း ငါးဖမ်းစက်လှေမီးလောင်နစ်မြုပ်မှုဖြစ်ပွား

**နေပြည်တော်  ဖေဖော်ဝါရီ ၂၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နေ ဦးမင်းဦး ပိုင်ဆိုင်သော ခိုင်လင်းစိုး ၁၈၀ အမည်ရှိ ငါးကဲ့လှေသည် ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၄ နာရီခွဲခန့်က ကော့သောင်းမြို့မှ ပင်လယ်ပြင်သို့ ငါးကဲ့ခြင်းလုပ်ငန်းဆောင်ရွက်ရန် ထွက်ခွာလာစဉ် ဘုတ်ပြင်းမြို့အနောက်ဘက် ၃၅ မိုင်ခန့်အကွာသို့အရောက် ရေယာဉ်ရှိ စက်မကြီး၏ Turbo အပူရှိန်လွန်ကဲပြီး စက်ခန်းအတွင်း မီးစတင်လောင်ကျွမ်းရာမှ ရေယာဉ်တစ်စင်းလုံး မီးလောင်ကျွမ်းနစ်မြုပ်မှု ဖြစ်ပွားခဲ့သည်။

ရေယာဉ်မီးလောင်ရာနေရာသို့ တပ်မတော်(ရေ)မှ စစ်ရေယာဉ်တစ်စင်း သွားရောက်၍ ရှာဖွေကူညီကယ်ဆယ်မှုများ ဆောင်ရွက်ပေးခဲ့ရာ လှေသား ၁၆ ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်

**နေပြည်တော်  ဖေဖော်ဝါရီ ၂၃**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**(မိုး/ဇလ)**

# သမဝါယမတက္ကသိုလ်(သန်လျင်)မိသားစု စတုတ္ထအကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ

**သန်လျင် ဖေဖော်ဝါရီ ၂၃**

သမဝါယမတက္ကသိုလ် (သန်လျင်)၏ တက္ကသိုလ်မိသားစု စတုတ္ထအကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ဒက္ခိဏဆောင်ရှေ့ မြက်ခင်းပြင်၌ကျင်းပသည်။

ပြိုင်ပွဲတွင် တက္ကသိုလ်ရှိ အထူးပြုဘာသာရပ်ဌာန ငါးခုနှင့် အထောက်အကူပြု ဘာသာရပ်ခြောက်ခုတို့မှ ဆရာ ဆရာမများ၊ ပထမနှစ်သင်တန်းမှ မဟာဘွဲ့သင်တန်းများအထိ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲကြသည်။ **(ယာပုံ)**



အဆိုပါ ပြိုင်ပွဲတွင် သမဝါယမတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းက အမှာစကားပြောကြားခဲ့ပြီး ပြိုင်ပွဲစည်းကမ်းများကို သင်တန်းရေးရာဌာနမှူး ဦးသန့်ဇင်ဦးက ရှင်းလင်းပြောကြားကာ ဘာသာရပ်ဌာနအလိုက် ပြိုင်ပွဲဝင်အဖွဲ့များအား ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆု သုံးဆုကို ရွေးချယ်၍ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် သင်ကြား/စီမံဌာနမှူးတို့က ဆုချီးမြှင့်ခဲ့ကြသည်။

**(သတင်းစဉ်)**

# သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၌ သြဝါဒပါတိမောက် အခါတော်နေ့ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ၁၃၇၇ ခုနှစ် တပို့တွဲလပြည့်နေ့ သြဝါဒပါတိမောက် အခါတော်နေ့ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ကမ္ဘာအေးစေတီတော် အာရုံခံတန်ဆောင်းအပေါ်ထပ်၌ကျင်းပရာ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များက သြဝါဒပါတိမောက် အခါတော်နေ့ဆိုင်ရာ ဒေသနာတော်များကို ရွတ်ဆိုပူဇော်ကာ မေတ္တာပို့ ဆုတောင်းအမျှပေးဝေခဲ့ကြကြောင်း သိရသည်။

**ကိုချစ်**

# မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**မင်္ဂလာတောင်ညွန့် ဖေဖော်ဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကော်မရှင်ရုံးခန်းသို့ ထောက်ပံ့လှူဒါန်းခဲ့သော အလှူရှင်များအား မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်ဥက္ကဋ္ဌ ဦးဝင်းဇော်နှင့်အဖွဲ့ခွဲဝင်များက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကိုထွေးအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌများအား သက်ဆိုင်ရာ ရပ်ကွက်၏ မဲရုံဝန်ထမ်းများအတွက် ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# ပျဉ်းမနား-တောင်တွင်း လော်ကယ်ရထားပေါ်မှ စရိုက်စုံနှင့် အတွေးပုံရိပ်များ

**ကိုလွင်(ဆွာ)**

**နေ့၏ မွန်းလွဲပိုင်းပင်ရောက်နေပြီ။ ရုတ်တရက် ဝင်လာသောဖုန်းကြောင့် ဆိုင်းမဆင့်ဗုံမဆင့် ခရီးသွားဖို့ရာက အကြောင်းဖန်လာပြန်သည်။ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့သို့သွားရန် လယ်ဝေးဘူတာကို ညနေ ၃ နာရီခွဲ ရောက်မှဖြစ်မည်ဟု ဆိုလိုက်သေးသည်။ ချက်ချင်းအိမ်ပြန်ကာ ခရီးဆောင်အိတ်ထဲ တွေ့သမျှအဝတ်အစားများထည့်ကာ နေ့လယ်နေပူပူ လယ်ဝေးဘူတာသို့ ဆိုင်ကယ်ကိုအမြန်မောင်းကာ ထွက်ခဲ့ရတော့သည်။**



သာဝတ္ထိ မြို့ရှောင်လမ်းမှ လယ်ဝေးမြို့သို့သွားသည့် လမ်းဟောင်းအတိုင်း ခွဲထွက်သွားခဲ့ပြီး လမ်းကြမ်းလွန်း၍ ခရီးမှာ ထင်သလောက် မပေါက်ဖြစ်နေပြန်သည်။ ယခုလမ်းအတိုင်းသာ ဆက်သွားနေမည်ဆိုလျှင် လယ်ဝေးဘူတာကို သတ်မှတ်ချိန်အတိုင်း ရောက်တော့မည်မဟုတ်။ သို့နှင့်ပင် အေးလာမြို့ကို သွားသည့် လမ်းဆုံအရောက် နေပြည်တော်မှ လေဆိပ်သို့သွားရာလမ်းကို ဖြတ်တက်ကာ ခရီးဆက်ရပြန်သည်။ လမ်းကောင်းလွန်း၍လည်း အချိန်သိပ်မကြာလိုက်၊ လယ်ဝေးမြို့သို့ရောက်ပြီး ဘူတာရောက်အောင် နောက်ကြောင်းပြန်လှည့်ရသည့်ခရီးမှာလည်း မနီးလှပေ။

လယ်ဝေးဘူတာ အရောက် ပါလာသည့်ဆိုင်ကယ်တွေကို အပ်နှံဖို့ အနီးရှိအိမ်များကို အကူအညီတောင်းရပြန်သည်။ ဒေသခံများကတော့ ဆိုင်ကယ်အပ်နှံခပေး၍ အပ်လို့ရသည်ဟုဆိုသော်လည်း အမှန်တကယ်တွင်တော့ အပြောကောင်း၍လားမသိ ကျောင်းဆရာမများနေသည့် အိမ်တွင် ပိုက်ဆံတစ်ပြားမှမပေးရဘဲ အပ်နှံနိုင်ခဲ့သည်။

အချိန်ကိုက်ပင် ဘူတာရောက်သည်နှင့် ပျဉ်းမနား-တောင်တွင်း လော်ကယ်ရထား ဆိုက်ရောက်လာချိန် လက်မှတ်ဖြတ်ပြီး အမြန်ပင် တက်လိုက်ရသော်ငြားလည်း ထိုင်စရာနေရာကမရှိ၊ ခရီးသည်နှင့် ကုန်များ ပြည့်ကျပ်လျက်တွေ့ရသည်။

နေကပူပူ ရထားတွဲပေါ်ကနေ ထွက်ပေါ်လာသည့် အနံ့အသက်မျိုးစုံက ခေါင်းပင်နောက်လာပေပြီ။ ငါးပိ၊ ငါးခြောက်၊ ကုန်အမယ်မျိုးစုံနှင့် ခန္ဓာကိုယ်များမှ ထွက်ပေါ်လာသော ချွေးနံ့တို့မှာ သင်းလှိုင်နေသည်။ အခက်တော့တွေ့ပြီ။ ထိုင်စရာသာမရလျှင် တောင်တွင်းအထိကို အတော်ကိုဒုက္ခခံပြီး သွားရတော့မည်ဖြစ်သည့်အတွက် ခုံလွတ်များရှိနေသည့် တွဲထိန်းထံချဉ်းကပ်ကာ အဆင်ပြေအောင်ပြောဆိုမှ ထိုင်ခုံနေရာရရှိကာ ကိုယ်နှင့်အတူလိုက်ပါလာသူနှစ်ဦးပါ နေရာများရရှိခဲ့၍ သက်သာရာရတော့သည်။

ယခုစီးနင်းသည့် လော်ကယ်ရထားမှာ တောင်တွင်းကြီးသို့ ထွက်ခွာသည့် နောက်ဆုံးရထားဖြစ်၍ ပြောင်းလဲသည်က လမ်းတစ်လျှောက် သစ်တောကြီးများ လုံးဝမရှိတော့သည်ကို အပြောင်းအလဲအဖြစ် မြင်တွေ့ခဲ့ရခြင်းပင်။

ရှေ့နောက်ဝဲယာ ယိမ်းထိုးလှုပ်ယမ်း ခုတ်မောင်းနေသည့် လော်ကယ်ရထားကြီးမှာ နှေးနှေးမှန်မှန်ဖြင့် ပြေးလွှားနေဆဲ။ ရိုးမတောတွင်း ရထားလမ်းမှာ တစ်လမ်းသာရှိ၍ ရှေ့မှ ရထားလာနေလျှင် ဒီဘက်ကသွားနေသော ရထားများက ရပ်ပြီးရှောင်ကာ စောင့်ဆိုင်းနေကြရသည်။ ရထားလမ်းတစ်လျှောက် ကျေးရွာများမှာ ရထားဖြင့်သာ ခရီးသွားလာနိုင်ကြ၍လည်း ရထားလမ်းတစ်လျှောက်မှာသာ ကျေးရွာအများကို မြင်တွေ့ရကာ မိုးစပါးပြီးနောက် မြေပဲစိုက်ခင်းများမှာ မြင်တွေ့ရသော ရှုခင်းများအနက် အလှအပဆုံးဟုပင် ပြော၍ရပါသည်။



**လူစီးတွဲပေါ်တွင် အပြည့်အကျပ်တင်ထားသည့် ထင်းစည်းကြီးများ။**

လည်း ခရီးသည်များပြည့်ကျပ်နေပြီး အထုပ်အပိုးတင်စရာက စင်မပါ။ ပါလာသမျှသော အထုပ်အပိုးများကို အဆင်ပြေသလိုပင် ဆင့်ကဲထပ်ကာ စီးနင်းကြခြင်းဖြစ်သည့်အပြင် ဘူတာတစ်ခုရောက်တိုင်း ရောက်တိုင်း လူစီးတွဲအတွင်းသို့ တောထွက်ကုန်များကိုပစ်၍ တင်ကြခြင်းကြောင့် မနည်းကိုလွတ်အောင် ရှောင်ကြရသည်ကို ကိုယ်တွေ့ကြုံကြရသည်။

လွန်ခဲ့သော ၁၀ နှစ်ခန့်က ယခုလိုပင် လော်ကယ်ရထားနှင့် တောင်တွင်းကြီးသို့ လိုက်ပါစီးနင်းခဲ့ဖူးသည့်အတိုင်း ဘာမျှမပြောင်းလဲ။

လယ်ဝေးမြို့မှ မင်းပြင်ကျေးရွာအထိ ဖောက်လုပ်နေသော မြေသားလမ်းပေါ်တွင် ကားအချို့နှင့် ဆိုင်ကယ်များ သွားလာနေသည်မှာ ဖုန်တထောင်းထောင်း ထနေပြီး ကတ္တရာကျောက်ချောလမ်းအဖြစ် တိုးမြှင့်နိုင်ပါက ဒေသအတွက် များစွာ တိုးတက်ပြောင်းလဲနိုင်သည်ကို တွက်ဆခန့်မှန်းနေမိသည်။ သို့နှင့် မင်းပြင်ဘူတာကို ဆိုက်ရောက်ကာ ရထားရပ်ချိန် ကြာဦးမည်ဟု တွဲထိန်းက ပြောပြသည်။

"ဒီဘူတာက ဝါးတွဲတွေချိတ်ဦးမှာ၊ လွန်းထိုးချိတ်မှာဆိုတော့ ကြာဦးမယ်၊ အညောင်းအညာပြေအောင် ဆင်းပြီး တစ်ခုခုစားလို့ရတယ်"ဟု ဆို၍ ရထားအောက်ကိုဆင်းကာ ဘူးသီးကြော်တစ်ပွဲ မှာစားသည်။ မြို့ပြနှင့် အလှမ်းဝေးသော်လည်း သူ့အရပ်နှင့် သူ့ဇာတ်ဆိုသလိုပင် အရောင်းအဝယ်လုပ်ငန်းများ၊ ဈေးဆိုင်တန်းများမှာ ရထားလမ်းနှင့် ကပ်လျက်ပင်ရှိပြီး ကလေးငယ်များမှာလည်း သူတို့ဘာသာဘာဝ ပြေးလွှားကာ ဆော့ကစားလျက်ပင်ရှိနေသည်။ ရာသီမှာ အပူပိုင်းကို ရောက်လာ၍လားမသိ မှောင်ရီယှက်သန်းချိန်ရောက်နေသည့်တိုင် အအေးဓာတ်မရှိသေးပေ။ မင်းပြင်ဘူတာတွင် တစ်နာရီကျော်ခန့်ကြာသွားပြီး ရိုးမတောထွက် ဝါးများတင်ဆောင်ထားသော တွဲဆိုင်းများကို ချိတ်ဆွဲကာ ရှေ့ခရီးဆက်ရပြန်လေသည်။

ရထားပေါ် တက်လာသူများမှာ သက်ကြီးရွယ်အိုများ၊ မကျန်းမာသူများလည်း လိုက်ပါလာသော်လည်း သူတို့အနေဖြင့် နေ့စဉ်ကြုံတွေ့နေရသည့် ခရီးဖြစ်နေ၍လည်း သိပ်မထူးခြားသလိုပင် လိုက်ပါစီးနင်းကြလေသည်။ အမှောင်ထု ဝင်ရောက်လာသည်နှင့် အဝေးမြင်ကွင်းများ မသဲကွဲတော့။ ကျေးလက်တောရွာလေးများ၏ ဆိုလာဖြင့်ထွန်းသော မီးရောင်လေးများသာ မှိန်ပျပျလှမ်း၍မြင်တွေ့ရကာ ရထားဥသြဆွဲသံနှင့်အတူ ကိုးပေါက်ဘူတာကို ရောက်ရှိလာခဲ့ပြီ။ ခရီးပြင်းဒဏ်ကြောင့် မှေးစက်တော့မည့် မျက်လုံးများမှာ အောက်ကခရီးသည်များ၏ အော်ဟစ်ဆူညံသံများအကြား လူးလွန့်ကြည့်လိုက်ရာတွင်တော့ လူသုံးယောက်ခန့် ဝိုင်းမရသည့် ထင်းစည်းကြီးများကို လူစီးတွဲများပေါ်သို့ အတင်းထိုးတင်နေသည်ကို တွေ့လိုက်ရပြန်သည်။ အမျိုးသမီးတစ်ယောက်ဆိုလျှင် ရထားကို မောင်ပိုင်စီးထားသလားဟုပင် အောက်မေ့ရပြီး သူ့ထင်းကုန်များကို အလျင်အမြန်တင်၍ပြီးအောင် အော်ဟစ်ပြောဆိုနေသည်မှာ ဆူညံပွက်လောကိုရိုက်နေသည်။

"နောက်မှာ ကုန်တွဲတွေပါတယ်၊ မတင်ဘူးဗျ။ ဒီလူစီးတွဲသုံးတွဲပါတာ အတင်းတင်တာပဲ၊ ပြောလည်း ဂရုမစိုက်ဘူး။ သူတို့က ဘယ်သူ့ကိုမှ မကြောက်တာ၊ ဟိုတစ်နေ့ကဆို ခရီးသည်တစ်ယောက်က ထင်းစည်းခိုက်မိလို့ပြောတာ ဝိုင်းပြီးထိုးကြိတ်လိုက်တာ မျက်နှာမှာ ရစရာကိုမရှိဘူး။ ပြောတဲ့သူကို လေးခွနဲ့ ပစ်လိုပစ်တယ်၊ ဝိုင်းထိုးတယ်၊ အခုကြည့်လေ ဒီမှာ သက်ကြီးရွယ်အိုတွေ ပါတယ်၊ ကျန်းမာရေးမကောင်းသူတွေပါတယ်၊ ကဲ ဘယ်လိုဆင်းတက်ကြမလဲ။ နောက်ရထားအိမ်သာကို ကြည့်လိုက်။ အဲဒီထဲမှာလည်း ထင်းစည်းတွေထည့်ထားတော့ ခရီးသည်တွေ အပေါ့အလေး ဘယ်လိုသွားမလဲ"ဟု တွဲထိန်းက သူတွေ့ကြုံရပုံကို ပြောသည်။

နေပြည်တော်၊ တောင်တွင်း၊ ဆတ်သွား၊ ပခုက္ကူ၊ အောင်လံ၊ ပြည်မြို့များအထိ အမြန်၊ စာပို့ ၊ RBE ၊ လော်ကယ်ရထားများ နေ့စဉ် ၁၀ စင်းခန့် ပြေးဆွဲပေးနေသော်လည်း ခရီးသည်နှင့်ရထားတွဲမှာ လောက်ငခြင်းမရှိသေးကြောင်း ၄င်းကပင် သုံးသပ်ပြောကြားသည်။

ညနေ ၄ နာရီကတည်းက လယ်ဝေးဘူတာမှ ထွက်ခွာလာသည့် လော်ကယ်ရထားမှာ ဆတ်သွားဘူတာသို့ ည ၁၀ နာရီအချိန်မှပင် ရောက်ရှိသည်။ မိမိတို့က ဆင်းကျန်ရစ်ခဲ့ရသော်လည်း အခုမှ မျက်စိခွဲကာ နေရပ်ပြန်လာသော အဘွားခဗျာ ထင်းစည်းများ ပိတ်ဆို့ကျပ်ညပ်နေသည့် ရထားပေါ်ကနေ ဘယ်လိုဆင်းမလဲ၊ သို့လောသို့လော အတွေးများက ရင်ထဲမှာဝေခွဲရခက်ခဲကာ အမှောင်ထဲသို့ တိုးဝင်ပျောက်ကွယ်သွားသည့် ရထားကြီးကိုငေးကြည့်ရင်း မောဟိုက်ကျန်ရစ်ခဲ့လေပြီ. . .။

# (၂၉)ကြိမ်မြောက် ဆီးဂိမ်း၌ လေ့လျော်ပြိုင်ပွဲနှင့် ခြင်းလုံးအားကစားနည်းတွင် အမျိုးသမီးပြိုင်ပွဲများ ထည့်သွင်းကျင်းပနိုင်ရေးဆွေးနွေးမည်

သတင်း- မောင်စိန်လွင်
ဓာတ်ပုံ - မင်းထက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစား ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၄ ရက်အထိ ကျင်းပသည့် ပထမအကြိမ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်များ အစည်းအဝေးတွင် လေ့လျော်ပြိုင်ပွဲများ ထည့်သွင်းကျင်းပရေးနှင့် ခြင်းလုံးအားကစားနည်းတွင် အမျိုးသမီး Event ပြိုင်ပွဲများ ပါဝင်ထည့်သွင်းနိုင်ရေး တင်ပြဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအိုလံပစ်ကော်မတီမှ သိရသည်။



**မြန်မာအားကစားကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံသို့ မထွက်ခွာမီရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။**

"အခုကျွန်တော်တို့ မြန်မာအားကစားကိုယ်စားလှယ်အဖွဲ့အနေနဲ့ ဖေဖော်ဝါရီ ၂၃ ရက်နဲ့ ၂၄ ရက်မှာ မလေးရှားနိုင်ငံမှာကျင်းပမယ့် ပထမအကြိမ်အရှေ့တောင်အာရှအားကစားပြိုင်ပွဲအဖွဲ့ချုပ်များ အစည်းအဝေးကို တက်ရောက်ရမှာဖြစ်တယ်။ ဒီအစည်းအဝေးမှာ လေ့လျော်အားကစားနည်းများနဲ့ ခြင်းလုံးအားကစားပြိုင်ပွဲမှာအမျိုးသားသာမက အမျိုးသမီး Event ပြိုင်ပွဲများကိုပါ အဓိကပါဝင်ခွင့်ရရှိအောင် ဆွေးနွေးသွားမှာဖြစ်ပါတယ်"ဟု အဆိုပါ အစည်းအဝေးသို့ တက်ရောက်မည့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုမလေးရှားနိုင်ငံကွာလာလမ်ပူမြို့တွင် ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ အစည်းအဝေး(1st SEAGF Meeting)သည် ပထမဆုံးအနေဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး အစည်းအဝေးတွင် အာဆီယံပြိုင်ပွဲဝင် အားကစားကိုယ်စားလှယ်များအနေဖြင့် ၂၀၁၇ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းအားကစားပြိုင်ပွဲများနှင့် ပတ်သက်၍ ဆွေးနွေးရန် ဖိတ်ခေါ်ခြင်းဖြစ်သည်။

ယင်းအစည်းအဝေးတွင် မြန်မာအားကစားကိုယ်စားလှယ်အဖွဲ့အနေဖြင့် အထက်ဖော်ပြပါ အားကစားနည်းနှစ်မျိုး ထည့်သွင်းကျင်းပနိုင်ရေးသာမက ပြိုင်ပွဲကာလအတွင်း အားကစားသမားများ တားမြစ်ဆေးဝါးသုံးစွဲမှု ကင်းစင်ရေးကိုပါ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးသို့ မြန်မာအားကစားကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အနေဖြင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် အားကစားဝန်ကြီးဌာန ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးကျော်ဦး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်လွင်နှင့် ညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုး၊ ဆေးဘက်ဆိုင်ရာဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်မော်လီချစ်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ တွဲဖက်အထွေထွေအတွင်းရေးမှူး (၂) ဦးခင်မောင်လွင်၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးခွန်ဂျာအောင်နှင့် ဒေါ်စိုးစိုးမြ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဆေးဘက်ဌာနခွဲမှ ဒေါက်တာထက်ဝေနှင့်အတူ မြန်မာနိုင်ငံ လေ့လျော်နှင့်ရေကူးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းနှင့် ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ သန်းတိုးတို့ လိုက်ပါဆွေးနွေးကြောင်း သိရသည်။

ယင်းအစည်းအဝေးသို့ တက်ရောက်မည့် မြန်မာအားကစားကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၂ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ မလေးရှားလေကြောင်းဖြင့် ထွက်ခွာခဲ့ခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**

# ပုသိမ်မြို့၌ မီးလောင်မှုဖြစ်ပွား

**ပုသိမ် ဖေဖော်ဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့ အမှတ်(၇)ရပ်ကွက် အောင်သိဒ္ဓိ-ကျောက်ငူ ရထားလမ်းဟောင်းဘေးရှိ ပိုင်ရှင် ဦးအောင်မင်းခန့် (၃၂ နှစ်)၏ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနေအိမ်မှ ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၆ နာရီခန့်မှစတင်၍ မီးလောင်မှုဖြစ်ပွားလျက်ရှိကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ မီးလောင်ရာနေရာသို့ ပုသိမ်နယ်မြေ မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်သုံးစီး၊ မီးသတ်စက်ယာဉ်တစ်စီး၊ ပုသိမ်မြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ် နှစ်စီး၊ အထောက်အကူပြုယာဉ်တစ်စီး၊ ဝေန်ကျွန်းသာနယ်မြေ မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီး စုစုပေါင်း မီးငြိမ်းသတ်ယာဉ်ငါးစီး၊ မီးသတ်စက်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်သုံးစီး၊ အထောက်အကူပြုယာဉ်တစ်စီး၊ သန္ဓေတပ်ဖွဲ့ဝင် ၅၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ဦးနှင့် ပြည်သူများ ပူးပေါင်းဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၆ နာရီ ၁၅မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး ၆ နာရီ ၂၅မိနစ်တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။

ဖြစ်စဉ်မှာ နေအိမ်ပိုင်ရှင် ဦးအောင်မင်းခန့် (၃၂နှစ်)က အရက်မူးပြီး နေအိမ်အတွင်းရှိ ခြင်ထောင်စကို ဂက်စ်မီးခြစ်ဖြင့် မီးရှို့ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း အဆိုပါ မီးလောင်မှုကြောင့် နေအိမ်နှစ်လုံး မီးလောင်ခံခဲ့ရပြီး မီးရှို့သူ ဦးအောင်မင်းခန့်အား အသည်ကြီးနယ်မြေ ရဲစခန်းမှ အမှုဖွင့် အရေးယူထားလျက်ရှိကြောင်း မီးလောင်မှုကြောင့် အိမ်ထောင်စု နှစ်စု အမျိုးသားခုနစ်ဦး၊ အမျိုးသမီးလေးဦးတို့အား နီးစပ်ရာ ဆွေမျိုးများနေအိမ်၌ ခေတ္တနေရာချထားပေးလျက်ရှိကြောင်း၊ မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



**ကချင်ပြည်နယ် ပန်ဝါမြို့တွင် ဖေဖော်ဝါရီ ၂၃ ရက်က ပြင်းထန်သော ပေါက်ကွဲမှုတစ်ခုဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။**

(အဆိုပါ ပေါက်ကွဲမှုဖြစ်ရသည့် အကြောင်းအရင်းကို မသိရသေးဘဲ ပေါက်ကွဲမှုကြောင့် အိမ်များပျက်စီးခဲ့ကာ လူတစ်ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း ကနဦးသတင်းများအရ သိရသည်။)

(မြန်မာ့အလင်း)




# ဖားကန့်၌ လုပ်ကွက်ကမ်းပါးယံ မြေစာပုံပြိုကျ ဘက်ဟိုးယာဉ်နှစ်စီးနစ်မြုပ်ပြီး ယာဉ်မောင်းတစ်ဦး သေဆုံး

**ဖားကန့် ဖေဖော်ဝါရီ ၂၃**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု နမ့်မှော်ကျေးရွာတွင် ကုမ္ပဏီလုပ်ကွက်တစ်ခု၌ လုပ်ကွက်ကမ်းပါးယံ မြေစာပုံပြိုကျပြီး ဘက်ဟိုးယာဉ်များနှင့် လူတစ်ဦးပါသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၁ရက် မွန်းလွဲ ၁ နာရီခွဲက ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု နမ့်မှော်ကျေးရွာ ရတနာပြည့်ဖြိုးအောင်ကုမ္ပဏီလုပ်ကွက်အတွင်း မြေစာပုံပြိုကျရာမှ လူတစ်ဦးပါသွားကြောင်း သတင်းရရှိခဲ့သဖြင့် ရဲကင်းမှူးတာဝန်ဆောင်ရွက်နေသော ဆိပ်မူရဲကင်းမှူး ဒုရဲအုပ်မြင့်ဇော်၊ ရဲတပ်သား စနိုင်လင်းထွန်း၊ နမ့်မှော်ကျေးရွာ ရာအိမ်မှူး ဦးကြည်စိုး၊ ဆယ်အိမ်မှူး ဦးကျော်ဦး တို့နှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ နမ့်မှော်ကျေးရွာ ရတနာ ပြည့်ဖြိုးအောင်ကုမ္ပဏီ လုပ်ကွက်အတွင်း လုပ်ကွက်ကမ်းပါးယံ ခြေရင်း၌ ဘက်ဟိုးယာဉ်များဖြင့် လုပ်ငန်းဆောင်ရွက်နေစဉ် အလျားပေ ၁၀၀ ကျော်ခန့်၊ အမြင့်ပေ ၁၀၀ကျော်ခန့်၊ ထုပေ ၂၀ကျော်ခန့်ရှိ မြေစာပုံပြိုကျမှုကြောင့် ကုမ္ပဏီပိုင်ဘက်ဟိုးယာဉ်နှစ်စီးမှာ မြေမြုပ်သွားခဲ့သည်။ **(အပေါ်ပုံ)**

မြေမြုပ်သွားသော ယာဉ်မောင်း ကိုဇော်မင်းနိုင် (၄၅နှစ်)မှာ ယာဉ်နှင့်အတူ မြေစာပုံ အောက်ပါသွားကြောင်းကို နမ့်မှော်ကျေးရွာနေသူ ကိုခိုင်စိုး (၂၇နှစ်) ရတနာပြည့်ဖြိုးအောင် ကုမ္ပဏီ ဘက်ဟိုးယာဉ်မောင်းသူက ပြောပြသဖြင့် ညနေ ၃နာရီ ခန့်တွင် ယင်းပြိုကျလာသော မြေစာပုံအား ဘက်ဟိုးယာဉ် ငါးစီးဖြင့် တူးဖော်ရှာဖွေခဲ့ရာ ဖေဖော်ဝါရီ ၂၂ရက် နံနက် ၉နာရီတွင် မြေစာပုံအောက်ပါသွားသူ ကိုဇော်မင်းနိုင် အလောင်းအား တူးဖော်ရရှိခဲ့ပြီး ဒဏ်ရာများရရှိ သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရ၍ အလောင်းကို ဖားကန့်မြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ရဲဆေးစာ ရေးသားပေးပို့ခဲ့ပြီး ဇော်မင်းနိုင်သေဆုံးခြင်းနှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် သေမှုသေခင်းရေးဖွင့်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**စိုးနိုင်ဦး(ဖားကန့်)**



# မီးလောင်ကျောင်းဆောင် လာမည့်ပညာသင်နှစ်အမီ တည်ဆောက်ရေး မျှော်လင့်

**ပုသိမ်ကြီး ဖေဖော်ဝါရီ ၂၃**

ဖေဖော်ဝါရီ ၁၇ ရက် ညနေပိုင်းက မီးလောင်သွားခဲ့သော ပုသိမ်ကြီးမြို့နယ် မင်းကန်ကျေးရွာ အခြေခံပညာဦးစီးဌာန အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ပင်မနှစ်ထပ်ကျောင်းဆောင် နေရာတွင် ကျောင်းဆောင်သစ် အမြန်ဆုံးတည်ဆောက်ကာ လာမည့်ပညာသင်နှစ်အမီ ကျောင်းသား ကျောင်းသူများအား အခက်အခဲမရှိ ပညာသင်ကြားနိုင်ရေးအတွက် ဒေသခံများနှင့် ကျောင်းသားမိဘများက မျှော်လင့်နေကြောင်း သိရသည်။

"ဒီကျောင်းလေးက အနီးနားရွာတွေက ကလေးတွေနဲ့ မိဘတွေအားထားနေရတဲ့ ကျောင်းလေးပါ။ မီးလောင်သွားလို့ နောက်နှစ်ကျောင်းဖွင့်ချိန် ကလေးတွေရဲ့ ပညာသင်ကြားရေး အခက်အခဲတွေ့မှာကို ပူပန်မိတယ်။ နိုင်ငံတော်ကပဲဖြစ်ဖြစ်၊ အလှူရှင်ကပဲဖြစ်ဖြစ် ကလေးတွေအတွက် စာသင်ကြားနိုင်မယ့် ကျောင်းလေးကို အမြန်ဆုံး အကောင်အထည်ဖော်ပေးနိုင်မယ်ဆိုရင်တော့ အကောင်းဆုံးပါ။ သင်ကြားမှုပိုင်းဆိုင်ရာ ပစ္စည်းတွေလည်း အမြန်ဆုံးရရှိဖို့မျှော်လင့်ပါတယ်"ဟု ကျောင်းသားမိဘတစ်ဦးက ပြောသည်။

"မီးလောင်တဲ့အချိန်က ညနေပိုင်းမှာလောင်တာပါ။ စာမေးပွဲစစ်ပြီးအဖြေလွှာတွေကိုလည်း မြို့နယ်ပညာရေးမှူးရုံးဆီ ပို့ပြီးသွားပြီ။ မီးလောင်တဲ့ထဲမှာ ကလေးတွေရဲ့ စာဖြေလွှာတွေမပါ သွားပါဘူး။ အဲဒီပင်မကျောင်းဆောင်မှာ အဋ္ဌမတန်းနဲ့ စတုတ္ထတန်း စာဖြေခန်းတွေရှိတယ်။ လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် မီးသတ်ကားတွေက မီးတော်တော်လောင်ပြီးသွားမှ ရောက်လာကြတယ်။ ကလေးတွေ စာမေးပွဲဖြေဆိုရာမှာ အခက်အခဲမဖြစ်အောင် ကျန်တဲ့ အဆောင်ခန်းတွေမှာ တစ်ခန်း ၃၀ နဲ့ နေရာသတ်မှတ်ပြီး ကျန်တဲ့ဘာသာရပ်တွေကို ဆက်လက်ဖြေဆိုနိုင်ဖို့ ဆောင်ရွက်ပေးခဲ့တယ်။ မီး လောင်သွားတဲ့နေရာမှာ ကျောင်းဆောင်သစ် ပြန်လည်ဆောက်နိုင်ရေးကို အမြန်ဆောင်ရွက်သွားမှာပါ"ဟု ပုသိမ်ကြီးမြို့နယ် ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ အခြေခံပညာအထက်တန်းကျောင်းခွဲမှာ မင်းကန်ကျေးရွာ အနောက်ထိပ်တွင်တည်ရှိပြီး ဧရိယာ ၉ ဒသမ ၇၁ ဧက ကျယ်ဝန်းပြီး ပင်မနှစ်ထပ်ကျောင်းဆောင်၊ ရတနာဆောင်၊ မင်းမဟော်ဆောင်၊ ရွှေမန်းဆောင်များ ဆောက်လုပ်ထားရှိပြီး ကျောင်းသား ကျောင်းသူပေါင်း ၆၀၀ ကျော် ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**အောင်စေပိုင်စေ**

# စလင်းမြို့နယ်၌ နွေရာသီသောက်သုံးရေပြတ်လပ်မှုမရှိရေး ဆောင်ရွက်

**စလင်း ဖေဖော်ဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ညောင်ပင်လယ်အုပ်စုအတွင်းရှိ မကျီးထူး၊ စစ်ဆေးတဲ၊ မကျီးပင် ကျေးရွာများနှင့် မကျီးဖျားအုပ်စုအတွင်းရှိမြင်းကင်းသာ ကျေးရွာများသည် ယခင်နှစ်နွေရာသီတွင် သောက်သုံးရေရှားပါးမှုများ ဖြစ်ပေါ်ခဲ့သည်။

ယခုနှစ်တွင် အယ်နီညို ရာသီဥတုကြောင့် နွေရာသီတွင် သောက်သုံးရေပြတ်လပ်မှုများ မဖြစ်ပေါ်စေရေးအတွက် မြို့နယ်ကျေးလက်ဦးစီးဌာနမှူးဦးဇော်မင်းထွန်း၊ မြို့နယ်ဖွံ့/ထောက်ဥက္ကဋ္ဌ ဦးအေးဟန်ချို့နှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီလတတိယပတ်က အဆိုပါကျေးရွာများရှိ စက်ရေတွင်းများနှင့် ရေတွင်းရေကန်များ၏အခြေအနေများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**





# မီးသတ်ရေလှောင်ကန်များအား ရေဖြည့်တင်းပေး

**ပဲခူး ဖေဖော်ဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်မြို့ မင်းတဲလမ်းရှိ ရေဂါလန် ၃၀၀၀ ဆံ့ ရေလှောင်ကန်ကို ဖေဖော်ဝါရီလတတိယပတ်က ပွင့်လင်းရာသီ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တာပွန်နယ်မြေ မီးသတ်စခန်းမှ မီးသတ်ကားဖြင့် ရေများဖြည့်တင်းပေးခဲ့သည်။ **(ဓါတ်ပုံ)**

ယင်းရေလှောင်ကန်မှာ ရေဂါလန် ၃၀၀၀ သိုလှောင်ထားနိုင်ကြောင်းနှင့် အလားတူ တာပွန်တောင်ပိုင်း၊ အလယ်ပိုင်း နှစ်ကန်နှင့် မြောက်ပိုင်းနှစ်ကန် စုစုပေါင်း အုတ်ရေလှောင်ကန် ခြောက်ကန်ကို ရေများလိုက်လံဖြည့်ပြီး အရေးပေါ်ဖြစ်ပေါ်လာပါက ရေအခက်အခဲမရှိစေရေးအတွက် ဆောင်ရွက်ထားခြင်း ဖြစ်ကြောင်း မီးသတ်နယ်မြေတာဝန်ခံ ဒုတပ်ကြပ် ဝေယံထွန်းက ပြောပြသည်။

**(၀၆၂)**

### သတင်းတိုများ

## နွေစပါးလျာထားဧက စိုက်ပျိုးနိုင်ရေးဆောင်ရွက်

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် တောင်တွင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများသည် ၂၀၁၅-၂၀၁၆ ခုနှစ် နွေစပါးလျာထားဧကများ အချိန်မီမျိုးကောင်း၊ မျိုးသန့်အပြည့်အဝ စိုက်ပျိုးနိုင်ရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၀ ရက်က ရန်ပယ်ဆည်ရေသောက် ကံကြီးကုန်းကျေးရွာမှ နွေစပါးစိုက်တောင်သူများနှင့် တွေ့ဆုံကာ စိုက်ပျိုးရေးအသိပညာများ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(၀၈၅)**

## အာမခံလုပ်ငန်းအကြောင်း အသိပညာပေး

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် သံတောင်မြို့၌ မြန်မာ့အာမခံလုပ်ငန်းအကြောင်း အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလ တတိယပတ်က အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြန်မာ့အာမခံလုပ်ငန်းမှ ပြည်နယ်တာဝန်ခံတို့က အာမခံလုပ်ငန်းနှင့်ပတ်သက်သော အာမခံရည်ရွယ်ချက်၊ အဓိပ္ပာယ်၊ အသက်အာမခံ၊ သူတစ်ပါးထိခိုက်မှုအာမခံ၊ မီးအာမခံ၊ ခရီးသွားအာမခံ၊ ရေကြောင်းကုန်ပစ္စည်းအာမခံ၊ လုပ်ငန်းနှင့်ပတ်သက်သော အာမခံ၊ လုပ်ငန်းတစ်ခုချင်းအလိုက်ထားရှိပုံ၊ အာမခံလုပ်ငန်းထားရှိခြင်း အကျိုးကျေးဇူးနှင့် လျော်ကြေးတောင်းခံပုံများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## မီးဘေးလုံခြုံရေးစစ်ဆေး

ဂန့်ဂေါမြို့နယ် စည်ပင်သာယာမြို့မဈေးတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လျှပ်စစ်ဌာန၊ မီးသတ်ဦးစီးဌာန၊ စည်ပင်သာယာနှင့် ရဲတပ်ဖွဲ့တို့ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီလတတိယပတ်က လျှပ်စစ်မီးအပါအဝင် မီးသုံးစွဲရာတွင် စနစ်တကျသုံးစွဲရေး စစ်ဆေးသတိပေးခြင်းများဆောင်ရွက်ကြရာ မြို့နယ်အတွင်း လောင်စာဆီဖြန့်ဖြူးရောင်းချသည့်နေရာများနှင့် မြို့ပေါ်ရှိစားသောက်ဆိုင်များကို မီးသုံးစွဲမှု စစ်ဆေးသတိပေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**(၁၀၁)**

## အလုပ်အကိုင်အခွင့်အလမ်းအတွက် ကြိုတင်ပြင်ဆင်

ရွှေ့ပြောင်းအမျိုးသမီးများ ဘဝဖွံ့ဖြိုးရေးနှင့်အလုပ်အကိုင်ရရှိရေးအတွက် ရည်ရွယ်ချက်ဖြင့် အလုပ်အကိုင်အခွင့်အလမ်းအတွက် ကြိုတင်ပြင်ဆင်ခြင်းသင်တန်းဆင်းပွဲကို ဖေဖော်ဝါရီလဒုတိယပတ်က ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ၆ ရပ်ကွက် ဖွင့်ဖြိုးအောင်အိမ်ရာရှိ CARE Myanmar ရုံး၌ကျင်းပသည်။

အဆိုပါသင်တန်းတွင်အသက် ၁၈နှစ်ပြည့်ပြီးဖြစ်သူ အမျိုးသမီးများအား မိမိကိုယ်ကိုယ် ပြန်လည်ဆန်းစစ်သုံးသပ်ခြင်း၊ ကျွမ်းကျင်မှု၊ လက်တွေ့ကျသည့်ဘဝရည်ရွယ်ချက်နှင့် ရည်မှန်းချက်ချမှတ်နိုင်အောင် ကူညီသင်ကြားပေးခဲ့ကြောင်း သိရသည်။ **အောင်သူရ**

## ပခုက္ကူတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ

၂၀၁၅-၂၀၁၆ ပညာသင်နှစ်ပခုက္ကူတက္ကသိုလ်၏ အထူးပြုဘာသာရပ်အလိုက်(အမျိုးသား)ဘောလုံးပြိုင်ပွဲကွင်းဖွင့်ပွဲကို ဖေဖော်ဝါရီလတတိယပတ်က တက္ကသိုလ်အားကစားကွင်း၌ ကျင်းပရာ ပခုက္ကူ တက္ကသိုလ်တာဝန်ခံပါမောက္ခချုပ် ဒေါက်တာအောင်မင်းဝင်းက အမှာစကားပြောကြားသည်။ တက္ကသိုလ်ကျောင်းသားများ စည်းလုံးညီညွတ်မှု စိတ်ဓာတ်ပိုမိုရရှိစေရန်၊ တက္ကသိုလ်အခြေခံပြီး နိုင်ငံ့လက်ရွေးစင်အဆင့်ထိ တက်လှမ်းနိုင်စေရန် ရည်ရွယ်၍ ဘောလုံးပြိုင်ပွဲကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**(၁၁၇)**

## လယ်ယာမြေများ စနစ်တကျ ဖော်ထုတ်

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ဖေဖော်ဝါရီလတတိယပတ်မှစ၍ စနစ်တကျ လယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းကို စက်မှုလယ်ယာဦးစီးဌာနအစီအစဉ်နှင့် ကုမ္ပဏီများဖြင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလယ်ယာမြေများကို ထိန်တောကျေးရွာအုပ်စု၊ ရွာမကျေးရွာတွင် ဧက ၁၀၀၊ ကန့်ဘလူမျိုးသန့်ခြံတွင် ဧက ၁၀၀၊ မြေမွန်မျိုးသန့်ခြံတွင် ဧက ၂၀၀ စုစုပေါင်း ဧက ၄၀၀ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းကို ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်အဆင့်တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ လာရောက်ကြည့်ရှုကြကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

## အမျိုးသားကာကွယ်ဆေးတိုက်ကျွေး

လှိုင်းဘွဲမြို့နယ်၌ အမျိုးသားကာကွယ်ဆေးတိုက်နေ့ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က အမှတ် (၃) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ် ရေးမှူး ဦးဇေဝဏ္ဏလှိုင်နှင့် တာဝန်ရှိသူများက မွေးကင်းစအရွယ်မှ ငါးနှစ်အောက်ကလေးများကို အမျိုးသားကာကွယ်ဆေးများတိုက်ကျွေး ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေ့စဉ်ပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေ့မဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် "၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချိုညချမ်း" အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေးမျဉ်းဖြောင့်များ" ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော " ၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# အရှေ့ကျုံးလမ်း ရပ်ကြီးသူ

**ဆူးငှက်**

အကဆရာမလေး၏ နဖူးဆံစဆီမှ ချွေးပွင့်လေးတွေက မီးရောင်မှာ ပိုးစုန်းကြူးလေးတွေကို ဂုဏ်ပြိုင်နေသေးသည်။ အဘဦးသက်တင်က ထိုင်ရာမှ အားမရဘဲ ပတ်ဝိုင်းကို ဆွဲကိုင် မတ်တတ်ရပ်ကာ "ကိုသိန်းကြွယ်ရေ ကိုသိန်းကြွယ်၊ ရွာစားစိန်တင်ဟန်တဲ့လား" စသည်ဖြင့် အားပေး၏။

"နေဝင်နီးလေလေခဲ့ရင် စီးလေလေမဲ့ပြင် ဟီးဟီးနဲ့နှင်
နတ်သွင်လေလေလုံခင် တွေးလေလေဆင်ခြင်
ဝေးဝေးကမြင်
ပြလမ်းပေါ်တွင် ပျော်ရင်သူတို့ပဲ
ဘီးသံကမစွဲ၊ ပဝါမျိုးစုံစုံ နေရရုံသို့ပဲ ရွှေမှုန်စဖဲ။
လှည်းပေါ်မှာ လှည်းပေါ်မှာ
လှည်းပေါ်မှာ လှည်းပေါ်မှာ
သော်တာလိုက်ဆန်း တိုက်ပန်းကိုယ်စီ
အိုလေအပြာအစိမ်းငယ်နှင့် နန်းသိမ်းထဘီ
စိန်လယ် စိန်လယ် ကပ်ကယ်ချိန်ဖြတ်ဖွယ်
ဆယ်ရတီ။

အတီးပိုဒ်ကအသွက် ဝါးလတ်စည်းဖြင့်တီးသည်။ ပတ်လုံးသံလေးတွေ ခုန်ပျံလာ၏။ ဒိုးဆစ်ခပ်သွက်သွက်လေး ပိတ်ပေးသည်။ ဆရာမလေးက ကကွက်စိပ်များဖြင့် အထိုင်အထ အပစ်အခတ်လေးများဖြင့် ကသည်။ ဦးညိုစိမ့်က ဝါးလက်ခုပ်ကို လက်တစ်ဖက်တည်းဖြင့် လိုက်၏။

မင်းဒေဝီ ဆင်းသိင်္ဂီ မင်းဒေဝီ ဆင်းသိင်္ဂီ
နုပိုင်းမှာ ရှုတိုင်းလလီ
ဘဝဟောင်းကိုက အကြောင်းတူညီ မဒီ မဒီ
ခင်လေးယဉ်ကျေးပေသည်၊ ပန်းချီ ပန်းချီ
မင်ဆေး တင်ရေးမမီ ထုံးဆံမြိတ်ပြေ
ယဉ်တော်ချိချိ ကိုးနဝရတ်စိန်စီ မိုးနတ်ဘရဏီ၊
ဝင်းထိန်ညီ သိင်္ဂီပျိုစုပေါင်း
ပြောမကုန်
စောအုံကြွေလုညောင်း
ဝိသကြုံစုံကိုင်လို့မောင်း
ကြိုးစုံကိုင်လို့မောင်း

သည်ပွဲလေးကတော့ သန်းခေါင်မတိုင်မီမှာပဲ ရပ်ကြီးသူဖြင့် လှလှပပသိမ်းလိုက်ပါသည်။

ဧည့်သည်များက အနုပညာသည်များကို လာရောက်နှုတ်ဆက်အားပေးကြ၏။ စိန်မောင်ကိုကြီး စီးလာသော မြင်းလှည်းက မြက်စားနေသောမြင်းကို ဆွဲယူကာ လှည်းကနေသည်။ ဆိုင်းဝိုင်းထဲဝင်ပြီး ပတ်စာခွာသူက ခွာသည်။ ဆေးပေါ့လိပ်လေးအား ခါးပန်းမှဖိပြီး မီးငြှိမ်းလိုက်သည်။

အချင်းချင်း အပြန်အလှန် နှုတ်ဆက်ကြပြီး စက်ဘီးလေးတွေကို တွန်းထုတ်လာသည်။ ဧည့်သည်များက ကားတွေဆီမသွားသေးဘဲ ကျောင်းဝင်းဝင်ပေါက် မြောက်ဘက်က မြက်တောကြီးဆီ သွားကြည့်ပြီး အချင်းချင်းပြောဆိုနေကြ၏။

ကျွန်တော်သည် တစ်ချိန်လုံး ဆိုင်းဝိုင်း၏ နောက်နားမှာကပ်၍ ငြိမ်ငြိမ်လေးနေခဲ့သည်။ အဖော်လိုက်လာခဲ့ရသဖြင့် အစ်မဖြစ်သူ အကဆရာမလေး ပြန်ဖို့အဆင်သင့် ဖြစ်ပြီလားဆိုတာ လှမ်းကြည့်နေရသည်။ စာရေးဆရာကြီး လူထုဦးလှ၊ လူထုဒေါ်အမာတို့ ကားဖြင့် ကျွန်တော်တို့မောင်နှမက လိုက်ခဲ့ရ၍ ဧည့်သည်များ အရိပ်အခြည်ကို ကြည့်နေရသည်။

ဘဘဦးသက်တင်က ချောင်းတဟွတ်ဟွတ်ဆိုးကာ မာဖလာလေးကို ရင်ဘတ်ဆီဆွဲစေ့ရင်း ကျွန်တော့်နားတွင် လာရပ်နေ၏။ သူလည်း ကားကြုံလိုက်ရမည် မဟုတ်ပါလား။

လွန်ခဲ့သောအနှစ် ၂၀ နီးပါးက အတွေ့အကြုံကို ယခုပြန်လည်ရေးသားမိတော့ ကျွန်တော့်မှာ မုဒိတာ အကြည်ဓာတ်လေးဖြင့် ပီတိဖြစ်နေမိ၏။ လူကြီးသူမ လူကြီးလူကောင်းများနှင့် ပညာရှင်ကြီးများ မထင်မှတ်ဘဲ တွေ့ကြုံရမှုအပေါ် အခွင့်အရေးကြီးတစ်ရပ်အနေနှင့် ဝမ်းမြောက်ဝမ်းသာဖြစ်နေမိသည်။ ကံထူးသူတစ်ယောက်ပမာ ခံစားနေမိသည်။ ဪ. . . အရွယ်ရလာပြီကိုး၊ အတွေ့အကြုံများက သင်ကြားပေးခဲ့ပြီကိုး၊ ချင့်ချင့်ချိန်ချိန် စဉ်းစဉ်းစားစားဖြင့် ဆုံးဖြတ်ဖို့ လေ့ကျင့်နေမိပြီကိုး။

ယခုကဲ့သို့ ပြန်လည် နိဒါန်းခံနေရသည်မှာလည်း အကြောင်းရှိပါသည်။ အကဆရာမအစ်မနှင့် အဖော်လိုက်ပါခဲ့ရသော ကျွန်တော်သည် ထိုစဉ်က လူပျိုပေါက်သာသာ ကလေးစိတ်မကုန်သေးသည့် အချိန်ပေါ့။ စာလေးပေလေးလည်း ဟိုစပ်စပ်သည်စပ်စပ်ဖတ်ကာ အတ္တတံခွန်ထူစအခါပေါ့။ လူငယ်စိတ်ဖြင့် အရာရာကို ဆန့်ကျင်ဘက် ကန့်လန့်တိုက်ချင်သည့်အရွယ်ပေါ့။ ခြေခြေမြစ်မြစ် မသိရှိ မစူးစမ်းဘဲ အဆိုးမြင်ဖြင့် ကောက်ချက်ချနေသည့် အသိဉာဏ်ပေါ့။

ဤမျှသာယာကြည်နူးပီတိဖြစ်ဖွယ် ပွဲခင်းလေးမှာ အားလုံးက ဝမ်းသာစိတ်ဖြင့် မုဒိတာပွားခဲ့ကြပေမယ့် ဤပွဲတွင် ကျွန်တော့်မှာ အစိုင်အခဲတစ်ခုကို ကိုယ့်ဘာသာ မွေးမြူနေမိပြီ။

တကယ်တော့ ကျွန်တော်သည် စာဖတ်စအချိန်၌ အမေလူထုဒေါ်အမာ၏စာများကို အလေးတယူ ဂရုတစိုက် တန်ဖိုးထားခဲ့သလောက် ဦးလေးလူထုဦးလှ၏ စာများကို တန်ဖိုးမထားခဲ့။ပုဂ္ဂိုလ်ရေးအရပင် အမေလူထုဒေါ်အမာကို အားကျဂုဏ်ယူခဲ့သလို ဦးလေးလှကိုမူ ဒီပလိုမေစီဆန်လွန်းသူဆိုပြီး ခေါင်းရမ်းနေမိ၏။ ထို့ကြောင့်လည်း ဦးလေးလှစာတွေက လျော့ရဲပျော့အိလွန်းသည်ဆိုကာ မဖတ်ခဲ့။ အထင်မကြီးခဲ့။ တွေ့ဖူးကြုံဖူးခြင်းမရှိပါဘဲ ကြားရသည့်စကားတွေနှင့်ပင် အမေလူထုဒေါ်အမာကို ပြတ်သားရဲဝံ့သူဟု မှတ်ထင်စွဲမြဲနေပြီး ဦးလေးလှကို ဟိုပွဲဒီပွဲ ဟိုကော်မတီ သည်ကော်မတီများမှာ ဟိုလူနှင့်တတွဲတွဲ၊ သည်လူနှင့်တတွဲတွဲ တွေ့နေ၍ တွေဝေနေသူဟု ကောက်ချက်ချနေမိသည်။

ဆိုပါစို့။ ယခုပွဲလေးမှာလည်း အမြင်မကြည်နိုင်ခဲ့။ စိတ်ထဲမှာ အကျိတ်အခဲတွေဖြစ်နေသည်။ သူတို့ပွဲ၊ သူတို့ပွဲဟုပဲ တစ်ကြောင်းဆွဲမြင်နေမိသည်။ ထိုကိစ္စသည် ထိုနေရာမှာ သန္ဓေတည်ခဲ့သည် ဆိုငြားအံ့။ ဖွံ့ဖြိုးကြီးထွားပြီး ပေါက်ကွဲမွေးဖွားခြင်းသည်လည်း ဓမ္မတာအရ ဖြစ်ရသည်မဟုတ်လော။

မကြာပါ။ မုံရွာမြို့နယ် စာဆိုတော်နေ့ စာပေပြိုင်ပွဲကျင်းပရေးကော်မတီ၏ စာပေပြိုင်ပွဲကြော်ငြာများကို တွေ့ရသည်။ ကော်မတီက ပြိုင်ပွဲဖိတ်ခေါ်စာများကို အမြို့မြို့အနယ်နယ် ဖြန့်လိုက်ပုံရသည်။ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာတဲ့။ ခေါင်းစဉ်တွေပေးထား၏ ။ ဆောင်းပါးနှင့်ဝတ္ထုမှာ ပြိုင်ပွဲဝင်လိုက်သည်။ ရေးသားပြီးကော်မတီထံ မန္တလေးစာတိုက်မှ ပို့လိုက်၏ ။ မေ့မေ့ပျောက်ပျောက်ပင်။

ဤသို့ မေ့မေ့ပျောက်ပျောက်ဖြစ်ဆဲ တစ်နေ့သ၌ သံကြိုးစာတစ်စောင်ရောက်လာတော့၏။ ဆောင်းပါး



ပထမဆုနှင့် ဝတ္ထုနှစ်သိမ့်ဆုရကြောင်း၊ ဤသံကြိုးစာရပါက မုံရွာစာဆိုတော်ကော်မတီနှင့် အမြန်လာရောက်တွေ့ဆုံလှည့်ပါကြောင်းများဖြစ်သည်။ ဆုပေးပွဲ မဖြစ်မနေတက်ဖို့ ခေါ်တာနေမှာပေါ့ဟု ထင်ထား၏။ မုံရွာရောက်၍ ကော်မတီနှင့်တွေ့သောအခါ ကော်မတီဥက္ကဋ္ဌ ဆရာဦးအုံ့မောင် (စာရေးဆရာ ကဗျာဆရာ အုံ့မောင်) က ကျွန်တော့်ကို သီးခြားတွေ့၍ ကျွန်တော်ရေးသော ဝတ္ထုနှင့် ပတ်သက်ပြီး ဆွေးနွေးပါသည်။

ကျွန်တော်ရေးသော ဝတ္ထုကား ပန်တျာကျောင်းက ကျွန်တော်ကြုံခဲ့ရသောစိန်ဗေဒါကြီး အမှတ်တရပွဲကို ယခုပြန်ရေးသကဲ့သို့ အကြည်ဓာတ် မုဒိတာစိတ်ဖြင့် ရေးတာမျိုးမဟုတ်ဘဲ မစ္ဆရိယစိတ်ဖြင့် အမြင်လွဲမှားကာ လူကြီးများကို ပုတ်ခတ်ရေးသားထားခြင်းဖြစ်သည်။ အထူးသဖြင့် ဦးလေးလှကို ကရုဏာဒေါသဖြင့် မကျေမနပ်ရေးသားထားသောဝတ္ထုဖြစ်သည်။

မည်သို့ပင် နာမည်များလွှဲပြောင်းရေးသားစေကာမူ ဆရာဦးအုံ့မောင်နှင့် စာပေကော်မတီဝင်များက ဘယ်သူ့ရည်ညွှန်းသည်ကို သိကြ၏။ ကျွန်တော်၏ မှားယွင်းသော အတွေးအခေါ်ကို ပြုပြင်ရန် နားချ၊ ဖျောင်းဖျလို၍ ကျွန်တော့်ကို လူကိုယ်တိုင် ကြေးနန်းရိုက်ခေါ်ခြင်းဖြစ်သည်။ အနေအထားတွေ ရှင်းပြသည်။ မှားယွင်းမှုတွေ ထောက်ပြသည်။လမ်းမှန်ကိုတည့်မတ်ပေးသည်။ တစ်ကြောင်းဆွဲ အတွေးအခေါ်တွေပြင်ဖို့ ဆုံးမသည်။သို့သော်. . .

ကျွန်တော်သည် မိုက်မဲစွာဖြင့် တုံးဏှိဘာဝေနေ၏။ ပြန်မပြောနားမထောင်လုပ်၏။ ဆုပေးပွဲမှာ အများတကာ လေးလေးစားစား တိုက်ပုံဝတ်၍ ရိုရိုသေသေ ဆုယူခဲ့ကြသော်လည်း ကျွန်တော်က ဝတ္ထုဆုအပေါ် မကျေနပ်ကာ တီရှပ်စွပ်ကျယ်ဖြင့် ဆုယူခဲ့သည်။ လူကြီးများက လူကြီးပီပီ နားလည်ခွင့်လွှတ်ခဲ့ကြပါသည်။ ၁၉၇၇ . . . . .။

တကယ်တော့ အသက်အရွယ်နှင့် အတွေ့အကြုံတွေက ရိုက်မောင်းပုတ်မောင်းလုပ်စရာမလိုဘဲ လမ်းပြသွားခဲ့ပါ၏။ စာစုံတွေဖတ်ရသည်။ လူကြီးသူမများ၏ အမှာအကြားများကို ခံယူရသည်။

ကျွန်တော် တန်ဖိုးမထားခဲ့သော ဦးလေးလှ၏ စာများက မြန်မာစာပေသမိုင်းမှာ ဘယ်အချိန်ရောက်ရောက် 'ပြည့်မျက်ပွင့်'များ ဖြစ်နေသည်။ နောက်ကျမှ ဖတ်မှတ်ရတော့ မောနေအောင် လိုက်ရတော့သည်။ ရိုးသားသော၊ ဖြောင့်မတ်သော၊ မည်သူ့ကိုမဆို ကူညီဖို့ ဝန်မလေးသော၊ လူငယ်များအပေါ် မြေတောင်မြှောက်ပေးသော၊ စည်းစနစ်ကျ၍ အလုပ်အများကြီးလုပ်သော၊ ဖော်ရွေသော၊ မစ္ဆရိယစိတ်၊ အာဃာတစိတ် စိုးစဉ်းမျှ မရှိသော . . . . ဟူသည့် ဂုဏ်ပုဒ်ကောင်းတွေ ဖွဲ့မကုန်ရှိခဲ့သည့် ဦးလေးလှအကြောင်းကို ဖတ်ရ မှတ်ရ သိရသည့်အခါ 'စံပြလူကြီးလူကောင်း' အဖြစ် ဘယ်ခေတ်ဘယ်အချိန် ရောက်နေနေ မှတ်ကျောက်တင်ခံနေရမည့်'လူထုဦးလှ' အဖြစ် တွေ့လာရတော့သည်။

၁၉၁၀ ပြည့်နှစ် ဇန်နဝါရီလ ၁၉ ရက်နေ့တွင် မွေးဖွားသော လူထုဦးလှသည် လာမည့် ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလ ၁၉ ရက်နေ့တွင် မွေးနေ့နှစ်(၉၀) ပြည့်မည်။ နှစ် ၉၀ အမှတ်တရ စာအုပ်စာတမ်းများ ထုတ်ဝေနိုင်ရန်အတွက် ဒေါက်တာသန်းထွန်း၊ မောင်စွမ်းရည်၊ မောင်ပေါက်စည်တို့ ဦးစီးကာ စာမူတွေ တောင်းခံကြသည်။

အမေလူထုဒေါ်အမာက အနားမှာရှိနေသည့် ကျွန်တော့်ကိုလည်း 'လူထုဦးလှနှစ် ၉၀ ပြည့်' အတွက် အမှတ်တရ စာမူရေးဖို့ တစ်ခုတ်တရ တောင်း၏။ ကျွန်တော်၏ခေါင်း မိုးကြိုးပစ်လိုက်သလို ခံစားလိုက်ရသည်။ ဦးလေးလှနှင့်ပတ်သက်၍ ကျွန်တော့်မှာ ဘာရေးရမည်နည်း။ ဦးလေးလှနှင့် ပတ်သက်၍ ရှက်ဖွယ်လိလိအမြင်တွေ ရှိခဲ့ဖူးသည်မဟုတ်လော။ သည်စာအုပ်အတွက် စာရေးဆရာကြီး ဆရာမကြီးတွေ၊ ပညာရှင်ကြီးတွေ၊ ဦးလေးလှ၏ လုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက်တွေ၏ စာမူတွေတဖွဲဖွဲရောက်လာသည်။ သည်စာမူတွေကို ကျွန်တော်က ဖတ်ရှုထိန်းသိမ်းပြီး စာအုပ်လုပ်ရသည်။ စာမူတစ်ပုဒ်ဖတ်တိုင်း ကျွန်တော့်မှာ နေစရာမရှိအောင် ကျုံ့ဝင်သေးငယ်သွားကာ ကျွန်တော် ပျောက်ဆုံးသွားခဲ့ပါပြီ။

စာမူတွေ (၅၇) ပုဒ်ရှိကာ သက်ဆိုင်ရာသို့ ရုံးတင်ရန် စီစဉ်သော်လည်း ကျွန်တော့် စာမူတစ်ပုဒ်တလေ မပါနိုင်ခဲ့။ ရေးသားရန် မဝံ့မရဲခဲ့။ တကယ်တော့ လူကြီးသူမများအပေါ် ပြစ်မှားခဲ့သော ပြစ်မှုများက ကျွန်တော့်ကို ဒဏ်ခတ်နေပါပြီ။ ဖြတ်သန်းခဲ့ရသည့်အတွက် ဘဝတစ်လျှောက်အခက်အခဲပေါင်းစုံ အဆင်မပြေမှုပေါင်းစုံက သည်အကုသိုလ်၏ ရလဒ်ဒဏ်ရာဒဏ်ချက်များပဲ မဟုတ်ပါလား. . . .။

အရှေ့ကျုံးပေါ်ရှိ ပန်တျာကျောင်းဝင်းထဲမှာ စိန်ဗေဒါကြီး ကြေးရုပ်နေရာရရှိရန်အတွက် မန္တလေး ပညာရှင်များက တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြသည့် လွန်ခဲ့သည့်နှစ် ၂၀ နီးပါးက ပွဲခင်းလေးကို သတိရနေမိ၏။ တစ်ဆက်တည်းပင် ဘဝအတွက် သင်ခန်းစာများကိုလည်း အမှတ်စဉ်တပ်ကာ ပြန်လည်ဖတ်ရှုနေမိတော့သည်။ သည်အမှတ်စဉ်များကလည်း ဘယ်တော့မှ ဆုံးမှာမဟုတ်တော့။ ထို့ကြောင့် စိန်ဗေဒါကြီး၏ ရွှေမန်ကျည်းခုနစ်စင်ကိုပဲ အမြဲသီဆိုနေ ရဦးမှာပေါ့။ ဘာတဲ့. . .

" ငါးကြိမ်ခြောက်ကြိမ် ဦးနှိမ်ချလို့
ခုနစ်ကြိမ်ရှစ်ကြိမ် ဦးနှိမ်ချလို့. . . " ဆိုသကဲ့သို့။

***(၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း အခန်းဆက် ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

## သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေ တူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော BG Exploration and Production သည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-4 နှင့် AD-02 တို့တွင် 3D Sea Floor Sampling Survey လုပ်ငန်းရှင်များကို MV FUGRO SUPPORTER ဖြင့် ၂၀၁၆ ခုနှစ် မတ် ၁၀ ရက်မှ ဧပြီ ၁၄ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ 3D Sea Floor Sampling Survey လုပ်ငန်းများ ဆောင်ရွက်သွားမည့် ဧရိယာတည်နေရာများမှာ Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၀ မိနစ် ၀၀. ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၉ မိနစ် ၀၀. ၀၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၀ မိနစ် ၀၀. ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၁၆ မိနစ် ၀၀. ၀၀ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ် ၀၀. ၀၀စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၇ မိနစ် ၀၀. ၀၀ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ် ၀၀. ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၉ မိနစ် ၀၀. ၀၀စက္ကန့်တို့ အတွင်းတွင် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-4 နှင့် AD-02 တွင် 3D Sea Floor Sampling Survey လုပ်ငန်းများအား MV FUGRO SUPPORTER ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင် ဧရိယာမှ (၄) ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners)ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

## သတင်းတိုများ

### တွံတေးမြို့နယ်၌ စာပေဟောပြောပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် စာချစ်သူနှင့် ပရဟိတလူငယ်အဖွဲ့တို့ ဦးစီး၍ ပဥ္စမအကြိမ်မြောက် စာပေဟောပြောပွဲကို မိဘဂုဏ် ဘိုးဘွားရိပ်သာ ရင်ပြင်၌ ဖေဖော်ဝါရီ ၂၁ ရက်နှင့် ၂၂ ရက်ညက ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် စာရေးဆရာမ ဒေါ်ဒေဝီသန့်စင်၊ ဆရာသရဝဏ်(ပြည်)၊ ဆရာအော်ပီကျယ်၊ စာရေးဆရာညီမင်းညို၊ ဆရာမဂျူး၊ ဆရာချစ်ဦးညိုတို့က ဟောပြောခဲ့ပြီး တွံတေးမြို့ပေါ်ရှိ ပြည်သူများ၊ ကျောင်းသားကျောင်းသူများ စာပေဗဟုသုတ တိုးပွားရန်နှင့် စာဖတ်ရှိန်မြင့်တင်နိုင်ရေးရည်ရွယ်၍ စာပေဟောပြောပွဲကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

### ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကြိုဆိုထောက်ခံပွဲကျင်းပ

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံမှတစ်ဆင့် တစ်မျိုးသားလုံးပြန်လည်သင့်မြတ်ရေးကိစ္စရပ်များကို ဦးတည်ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူလူထုမှ ကြိုဆိုထောက်ခံပွဲကို သထုံမြို့ သုဝဏ္ဏခန်းမ၌ ဖေဖော်ဝါရီ ၁၉ ရက်က ကျင်းပခဲ့သည်။ ထောက်ခံပွဲတွင် ကရင်စာပေနှင့် ယဉ်ကျေးမှုဥက္ကဋ္ဌ စောစံတင်က အမှာစကားပြောကြားပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ကြိုဆိုကြောင်း အဆိုကို ကရင်တိုင်းရင်းသား စောကြည်အောင်က တင်သွင်းကာ ပအိုဝ်း တိုင်းရင်းသူ နန်းသီတာညိုဝင်းနှင့် မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ အတွင်းရေးမှူး နိုင်တင်နွယ်တို့က ထောက်ခံဆွေးနွေးပြီး ထောက်ခံပွဲတက်ရောက်သော တိုင်းရင်းသားပြည်သူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ပြည်သူ ၈၀၀ ကျော်က ငြိမ်းချမ်းရေးညီလာခံအား ထောက်ခံကြိုဆိုကြောင်း ဆန္ဒပြုခဲ့ကြသည်။

**ခွန်(ဝင်းပ)**

### သုံးခွမြို့နယ်၌ ပိုလီယိုကာကွယ်ဆေးများတိုက်ကျွေး

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ အမှတ်(၅) အခြေခံပညာ မူလတန်းကျောင်း၌ ကလေးငယ်များ ပိုလီယိုရောဂါဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ရန်အတွက် ပိုလီယိုကာကွယ်ဆေးများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနက ဖေဖော်ဝါရီ ၂၀ ရက်မှ စတင်၍ ဖေဖော်ဝါရီ ၂၂ ရက်အထိ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

### ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေး

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် မွေးကင်းစမှ အသက်ငါးနှစ်အထိ ကလေးများအားလုံးကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်နေ့အထိ အမျိုးသားကာကွယ်ဆေးတိုက်နေ့များအဖြစ် သတ်မှတ်ပြီး သုံးရက်တာကာလအတွင်း ပိုလီယိုကာကွယ်ဆေးများ တိုက်ကျွေးခဲ့ကြောင်း၊ မြို့ပေါ်ရပ်ကွက် ငါးခု အပါအဝင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၈၈ အုပ်စုရှိ သတ်မှတ်ထားသော စုရပ်များတွင် ကာကွယ်ဆေးတိုက်ကျွေးခဲ့ကြောင်း၊ မွေးကင်းစမှ အသက်ငါးနှစ်အောက်ရှိ ကလေးငယ်များအား ပိုလီယို ကာကွယ်ဆေးတိုက်ကျွေးဖူးသည်ဖြစ်စေ၊ မတိုက်ကျွေးဖူးသည်ဖြစ်စေ လျာထားကလေးငယ်များအားလုံးကို တိုက်ကျွေးခဲ့ကြောင်းနှင့် အဆိုပါ ကာကွယ်ဆေးများတိုက်ကျွေးရာတွင် မြို့နယ် ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ပူးပေါင်း၍ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## မြို့နယ်သံဃနာယကနှင့် တိုင်းဒေသကြီးသံဃာ့ဝန်ဆောင်ဆရာတော်များ ရွေးချယ်

**ညောင်လေးပင် ဖေဖော်ဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် သံဃနာယက ဆရာတော်များနှင့် တိုင်းဒေသကြီးသံဃာ့ဝန်ဆောင်ဆရာတော်များ ရွေးချယ်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က ညောင်လေးပင်မြို့ မြို့မ(၅)ရပ်ကွက်ရှိ ခင်တန်းကျောင်းဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

ရွေးချယ်ပွဲသို့ ညောင်လေးပင်မြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော်သံဃာတော်များ၊ တိုင်းဒေသကြီး သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ညောင်လေးပင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံနှင့် တာဝန်ရှိသူများ တက်ရောက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ထို့နောက် တိုင်းဒေသကြီးသံဃာ့ဝန်ဆောင်ဆရာတော် ငါးပါးနှင့် မြို့နယ်သံဃနာယကဆရာတော် ၁၃ ပါး၊ သံဃသမ္မုတိရ ဆရာတော် ခုနစ်ပါး၊ ဩဝါဒစရိယဆရာတော် ငါးပါးတို့ကို သံဃာတော်များက ရွေးချယ်ခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## အယ်နီညိုကြောင့် အရေးပေါ်အခြေအနေများ ဖြေရှင်းနိုင်ရန် ကြိုတင်စီစဉ်ထား




**သထုံ ဖေဖော်ဝါရီ ၂၃**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း အယ်နီညို အပူလှိုင်းကြောင့် အပူချိန်ပြင်းထန်ပြီး မီးလောင်မှုများ ဖြစ်ပွားခြင်း၊ ရေရှားပါးမှုများ ကြုံတွေ့ခြင်း၊ စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများအပေါ် ထိခိုက်လာခြင်းနှင့် အခြားသော အန္တရာယ်များ ပေါ်ပေါက်လာပါက ပြည်သူများအား အမြန်ဆုံးကူညီနိုင်ရန် စီမံချက်များ ချမှတ်ဆောင်ရွက်ထားသည့်အပြင် အရေးပေါ်အခြေနေဖြစ်ပေါ်လာပါက အမြန်ဆုံး ဖြေရှင်းနိုင်အောင်လည်း စီစဉ်ဆောင်ရွက်ထားကြောင်း သထုံခရိုင်မီးသတ်ဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့အနေနဲ့ ကတော့ မီးဘေးအန္တရာယ်မဖြစ်ဖို့ အဓိကဆောင်ရွက်ထားတာပေါ့။ ဒါပေမယ့် အယ်နီညိုကြောင့် ဖြစ်လာနိုင်တဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေဖြစ်လာရင် အမြန်ဆုံး ကူညီနိုင်အောင် စီမံချက်တွေရေးဆွဲထားပြီး တပ်ဖွဲ့ဝင်တွေကို အချိန်ပြည့် အားဖြည့်ထားပါတယ်"ဟု ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ကြင်ထွန်းက ပြောသည်။

ယခုနှစ်တွင် ဖေဖော်ဝါရီလဆန်းပိုင်းမှစတင်ကာ အားအလွန်ကောင်းသည့် အယ်နီညိုဖြစ်စဉ်သည် ဇွန်လနှောင်းပိုင်းမှသာ ပုံမှန်ဖြစ်စဉ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ဦးစီးဌာနမှ ထုတ်ပြန်ထားရာ ယင်းဖြစ်စဉ်ကြောင့် အပူချိန်မြင့်မားပြီး ရေရှားပါးမှုများဖြင့် ကြုံတွေ့နိုင်သဖြင့် ရေရရှိနိုင်မည့် နေရာများအား ကြိုတင်ရှာဖွေထားကာ အရေးပေါ်မီးဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက နီးစပ်ရာနေရာမှ ရေကို အမြန်ဆုံးရရှိနိုင်အောင် စီစဉ်ဆောင်ရွက်ထားကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။

"ဒီမြို့မှာတော့ မီးလောင်မှု ကြီးကြီးမားမားဖြစ်တာ၊ ရေအခက်အခဲအရမ်းဖြစ်တာမျိုးတော့ နည်းပါတယ်။ ဒါပေမယ့် ဒီနှစ်မှာ အယ်နီညိုကြောင့် ရာသီဥတုဖောက်ပြန်ပြီး နောက်ဆက်တွဲ ပြဿနာတွေ ပေါ်ပေါက်လာမှာကိုတော့ စိုးရိမ်မိတယ်"ဟု ဒေသခံတစ်ဦးဖြစ်သူ ဦးသိန်းထွန်းက ပြောသည်။

သထုံခရိုင် မီးသတ်တပ်ဖွဲ့တွင် သန္နေမီးသတ်တပ်ဖွဲ့ဝင် ၁၉ ဦး၊ အရန်မီးသတ် ၆၃၄ ဦး၊ မီးငြိမ်းသတ်ယာဉ်သုံးစီး၊ မီးသတ်စက်ယာဉ်လေးစီး၊ အပေါ့စားမီးသတ်စက်ငါးလုံးတို့ဖြင့် အရေးပေါ်အခြေအနေ ကြုံတွေ့လာပါက ကူညီနိုင်ရန် ပြင်ဆင်ထားသည့်အပြင် အကူယာဉ်များအဖြစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ်များ၊ အနီးမြို့များမှ မီးငြိမ်းသတ်ယာဉ်လေးစီး၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့များ၊ လူမှုရေးအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ထားရှိကြောင်း သထုံခရိုင် မီးသတ်ဦးစီးဌာနမှ သိရသည်။

**သက်ဦး(သထုံ)**

## ကျေးရွာများတွင် နွေရာသီအတွင်း သောက်သုံးရေ အခက်အခဲမကြုံစေရန် ကြိုတင်ဆောင်ရွက်

**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၂၃**

နွေရာသီအတွင်း သောက်သုံးရေအခက်အခဲ ကြုံတွေ့နိုင်ဖွယ်ရှိသည့် ကယားပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ကြိုတင်ပြင်ဆင်မှုများကို ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာများသို့ကွင်းဆင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကယားပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမျိုးသိန်းနှင့် လှိုင်းဘွဲ့မြို့နယ်ဦးစီးမှူးတို့က လှိုင်းဘွဲ့မြို့နယ်အတွင်းမှ နွေရာသီတွင် သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်လာနိုင်သည့် ကျေးရွာများဖြစ်သော ပျာကန်ကျေးရွာ၊ ထီးသူကူးကျေးရွာနှင့် ဒေါမူကလားကျေးရွာများသို့ ဖေဖော်ဝါရီ ၂၂ ရက်က သွားရောက်ခဲ့ပြီး ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံကာ ဒေသခံပြည်သူများအနေဖြင့် ရေရှားပါးမှု မကြုံတွေ့စေရေးအတွက် ရေတွင်းရေကန်များကို ပြုပြင်ဆောင်ရွက်ထားရန်နှင့် သောက်သုံးရေ အခက်အခဲ ဖြစ်ပေါ်လာပါက လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာများတို့သို့ ဆက်သွယ်ဆောင်ရွက်သွားရန်တို့ကို မှာကြားခဲ့သည်။

လှိုင်းဘွဲ့မြို့နယ်၌ ကျေးရွာပေါင်း ၁၂၇ ရှိပြီး တွင်းနက် ၅၃ တွင်း၊ လက်တူးတွင်း ၃၁၈၆ တွင်း၊ မြေသားကန် ရှစ်ကန်၊ စိမ့်စမ်းရေသွယ်ယူလုပ်ငန်း ၃၇ ခု၊ မိုးရေလှောင်ကန် ၂၇ ကန်နှင့် အခြားရေပေးဝေရေးလုပ်ငန်း ၅၇ ခုမှ ရရှိသောရေကို အမှီပြုသုံးစွဲလျက်ရှိကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း လှိုင်းဘွဲ့မြို့နယ်၌ လက်တူးတွင်း ၁၀ တွင်း၊ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် အခြားရေပေးဝေ ရေးလုပ်ငန်း ခုနစ်ခုကို ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**(ခရိုင် ပြန်/ဆက်)**

## လူကုန်ကူးမှု တားဆီးကာကွယ်ရေး ပညာပေးဟောပြော



**ကျိုင်းတုံ ဖေဖော်ဝါရီ ၂၃**

မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော လူကုန်ကူးမှုများနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ကျိုင်းတုံမြို့ အမှတ်(၄)ရပ်ကွက် နောင်ဖာရပ်ရှိ ဆင်ဖြူတော်ဘုန်းကြီးကျောင်း၌ ဖေဖော်ဝါရီ ၂၁ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးတပ်စု(၁၈) ကျိုင်းတုံမြို့မှ ရဲအုပ်နေလင်းက မြန်မာနိုင်ငံတွင်ဖြစ်ပွားလျက်ရှိသော လူကုန်ကူးမှုများအကြောင်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေနှင့် ပြစ်ဒဏ်များ၊ လုံခြုံမှုရှိသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာများကို အသိပညာပေးဟောပြောပြီး လူကုန်ကူးမှုဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များလည်း အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နိုင်ဇာ(ယောမြေ)**

# စိုက်ပျိုးရေးနဲ့ အယ်နီညို

**ထင်အောင်ရှိန်**(AUAA)

ရေ၊ မြေ၊ တော၊ တောင်၊ သမုဒ္ဒရာစသည့် သဘာဝအလှကိုယ်စီများ ထာဝရရေရှည်တည်တံ့နိုင်ရန် နေထိုင်ပိုင်ဆိုင်ကြသည့် လုပ်သားပြည်သူများက တာဝန်ယူကြရပါမည်။

၂၀၀၈ ခုနှစ် နောက်ပိုင်းမှစ၍ တွေ့ကြုံရသော သဘာဝဘေးများသည် ဤကမ္ဘာပေါ်ရှိ လူသားအားလုံးအတွက် တစ်ခုမဟုတ်တစ်ခုသော အန္တရာယ်များ ကျရောက်စေသောကြောင့် ယခုနှစ် ၂၀၁၆ တွင် ကြုံတွေ့နိုင်ဖွယ်ရှိသော အယ်နီညို(အပူလှိုင်း)ကျရောက်လျှင် စိုက်ပျိုးရေးဌာနက ဘာတွေလုပ်ထားသလဲ၊ ဘယ်လိုလုပ်ကြမလဲ၊ ဘာတွေစီစဉ်ထားလဲ၊ စသည်ဖြင့်လဲပေါင်းများစွာ မေးမြန်းစုံစမ်းမှုများကို တွေ့မြင်ကြားသိခဲ့ရပါသည်။

ထို့ကြောင့် ဤစိုက်ပျိုးရေးနဲ့ အယ်နီညို ဆောင်းပါးဖြင့် စိုက်ပျိုးရေးအတွက် ဘယ်လိုလုပ်ကြမလဲ၊ ဘာတွေပြင်ဆင်ထားဖို့ လိုသလဲ၊ ဆိုတာတွေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းမှ စိုက်ပျိုးထုတ်လုပ်သူတိုင်း ကြိုတင်ပြင်ဆင်ထားနိုင်ရန် အကြံပြုဆွေးနွေးတင်ပြလိုက်ပါသည်။

**စိုက်ပျိုးရေးပညာရှင်များ၏ တာဝန်**

မြန်မာနိုင်ငံ၏ ဧရိယာ ၆၇၆၇၅၆ စတုရန်း ကီလိုမီတာအတွင်း မြေမျိုးကြီး ၂၄ မျိုးရှိကာ ၎င်းမြေများကို နိုင်ငံတော်အတွင်းရှိ လူဦးရေ သန်း ၅၀ ကျော် ပိုင်ဆိုင်နေထိုင်လျက်ရှိပါသည်။ ၎င်းမြေများပေါ်တွင် မှီတင်းနေထိုင်ကြသူများ၏ ၇၀ ရာခိုင်နှုန်းသည် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင် အသက်မွေးမှုပြုကြပြီး အဆိုပါပြည်သူ ၇၀ ရာခိုင်နှုန်းသည် နှစ်စဉ်နှစ်တိုင်း (နှစ်တို၊ နှစ်လတ်၊ နှစ်ကြီး)သီးနှံအမျိုးပေါင်း ၆၀ ကျော်ကို စိုက်ပျိုးလျက်ရှိပါသည်။

ပြည်ထောင်စုအတွင်း နေထိုင်ကြသူ တိုင်းရင်းသားအားလုံးသည် မိမိတို့နေထိုင်ရာ ဒေသအသီးသီးတွင် နေထိုင်၍ လူသားအားလုံးတို့အတွက် လိုအပ်သော စားနပ်ရိက္ခာနှင့် အာဟာရများ ရရှိစေရန် ဝိုင်းဝန်းလုပ်ဆောင်နေကြရာတွင် သဘာဝဘေးအန္တရာယ်အခက်အခဲများ တွေ့ကြုံပါက ကျော်လွှား၍ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်စေရန် ဆောင်ရွက်ပေးရမည်မှာ စိုက်ပျိုးရေးပညာရှင်များ၏ အဓိကတာဝန် (အထူးတာဝန်)တစ်ရပ်ဖြစ်ပါသည်။

**စိုက်ပျိုးရေးအစ မြေဆီလွှာက**

မြန်မာနိုင်ငံတွင် စုစုပေါင်းစိုက်ပျိုးမြေ ၁၇ ဒသမ ၅ ရာခိုင်နှုန်းရှိရာ ၎င်းစိုက်ပျိုးမြေများတွင် စိုက်ပျိုးကြသောသီးနှံများ ရှင်သန်ကြီးထွားရေးအတွက် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများနှင့်စိုက်ပျိုးရေးပညာရှင်များသည် အယ်နီညို (အပူလှိုင်း)မကျရောက်မီကတည်းက ကြိုတင်ပြီး စိုက်ပျိုးမြေများ၏ ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိ၊ ဇီဝဂုဏ်သတ္တိများကို အထူးကောင်းမွန်အောင် ပြုပြင်ဖန်တီးကြရပါမည်။ သို့မဟုတ်ပါက စိုက်ပျိုးသောမျိုးစေ့များ၏ အစေ့တွင်းစာကုန်ချိန်တွင် မြေနှင့်အာဟာရဓာတ် မရနိုင်ပါက ပျက်စီးဆုံးရှုံးခြင်းနှင့် တွေ့ကြုံရမည်ဖြစ်ပါသည်။ ထို့ကြောင့် မြေဆီလွှာတစ်ခုတွင် ရှိထားရမည့် မြေဆီမြေနှစ်များနှင့် ရွှံ့သွန်းသော မိုးရေချိန်များကို ထိန်းထားနိုင်မည့် နည်းပညာ(စပါးခွံမီးသွေးနှင့် ဇီဝမီးသွေး Biochar) တို့ကို မဖြစ်မနေ ပြုလုပ်ထည့်သွင်းခြင်းကို စိုက်ပျိုးသူတိုင်း ဆောင်ရွက်ကြရပါမည်။

**သီးနှံပင်များရှင်သန်ကြီးထွားရေး**

စိုက်ပျိုးပင်များသည် စိုက်ပျိုးမြေတွင် လစ်ကနင်ဓာတ်နှင့် ဆဲလူးလို့စ်ဓာတ်များ ပါဝင်မှသာလျှင် သီးနှံပင်များ ရှင်သန်ကြီးထွားခြင်း၊ ပန်းပွင့်ခြင်း၊ အစေ့အဆန်တည်ခြင်း၊ ရင့်မှည့်ခြင်းတို့ ဖြစ်နိုင်ပါသည်။ ၎င်းဓာတ်နှစ်မျိုးကို ရရှိနိုင်မည့် စပါးခွံဖွဲပြာနှင့် ဇီဝမီးသွေးတို့ကို ပြုလုပ်ထည့်သွင်းခြင်းအားဖြင့် သီးနှံပင်တည်ဆောက်ရေးအတွက်သာမက အာဟာရဓာတ်များနှင့် ရေ ထိန်းသိမ်းနိုင်ခြင်း၊ မြေ၏ဓာတ်ဂုဏ်သတ္တိ (PH)ချဉ်ငန်ကိန်းကို မြှင့်တင်၍ ဓာတ်ဖိုဖလှယ်နိုင်စွမ်းအား(CEC)များ မြင့်တက်ကာ စိုက်ပျိုးသီးနှံပင်များသည် အယ်နီညိုခေါ် အပူလှိုင်းကျရောက်မှုဒဏ်ကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။

**သီးနှံပင်နှင့် အာဟာရ**

အများအားဖြင့် စိုက်ပျိုးထုတ်လုပ်လျက်ရှိသော သီးနှံပင်များသည် ရိတ်သိမ်းပြီးနောက် သိုလှောင်ကြရာတွင် အစေ့တွင်းရှိ အစိုဓာတ်ပမာဏကို လျော့နည်းစေပြီးမှ သိုလှောင်ကြရပါသည်။ သို့မှသာ မျိုးစေ့ဆောင်ရောဂါနှင့် ပိုးများကျရောက်ဖျက်ဆီးမှုမရှိဘဲ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ ပြုလုပ်နိုင်မည်ဖြစ်ပါသည်။ သို့ရာတွင် စပ်မျိုးသီးနှံမှလွဲ၍ ပုံမှန်မျိုးစေ့များ၊ အထူးအထွက်တိုးနှင့် အထွက်ကောင်းမျိုး၊ ဒေသမျိုးများတို့သည် စိုက်ပျိုးချိန်(တစ်နည်းအားဖြင့်) ပျိုးထောင်ချိန် (သို့မဟုတ်) မျိုးစေ့မြေကျပေါက်ရောက်ချိန်တို့တွင် အစိုဓာတ်(moisture) လိုအပ်လာပြီးနောက် အစေ့အဆန်များ ကြီးထွားလာကာ အစေ့ရွက်မြေပေါ်ပေါက်နည်း၊ အစေ့ရွက်မြေအောက်မှ ပွံ့ပိုးခြင်းများဖြင့် သီးနှံပင်များအတွက် ကနဦးအာဟာရဓာတ်ကို ရရှိစေပါသည်။ ထိုအချိန်မျိုးတွင် မည်သည့် ပြင်ပအာဟာရဓာတ်မှ ကျွေးပေးရန် မလိုအပ်ပါ။ မိခင်ဝမ်းတွင်းမှ ကလေးငယ်များကဲ့သို့ မိခင်စားသုံးသော အာဟာရကို မှီဝဲနေကြပြီးနောက် လူ့ဘဝ မွေးဖွားလာသောအချိန်ရောက်မှသာ မိခင်နို့(သို့မဟုတ်)သဘာဝမှ ရသော အာဟာရများကို ရယူမှီဝဲတာနှင့် တူညီပါသည်။

**စိုက်ပျိုးရေး၏ ဘက်စုံ** (Integrated) **စီမံခန့်ခွဲနည်း**

၂၀၁၆ ခုနှစ် အယ်နီညိုအပူလှိုင်းဒဏ်ကို ခံစားကြရမည့် စိုက်ပျိုးမြေများတွင် လိုအပ်သော စိုက်ပျိုးရေးဆိုင်ရာ ဘက်စုံစီမံခန့်ခွဲခြင်း (Integrated Crops Management)အရ ဆောင်ရွက်ထားရန် လိုအပ်ပါသည်။ စိုက်ပျိုးထုတ်လုပ်သူအားလုံးတို့သည် မိမိမြေ၊ မိမိမျိုး၊ မိမိစိုက်ခင်းအတွက် ရေ၊ အသုံးပြုမည့် အာဟာရများ (သဘာဝ+ဓာတ်မြေဩဇာ)တို့ကို အဓိက အလေးထား၍ ကြိုတင်ပြင်ဆင်ထားကြရန်နှင့် ရာသီဥတုဖောက်ပြန်မှုနှင့်အတူ ကျရောက်လာနိုင်သော ပိုးမွှားရောဂါများနှင့် ပေါင်းမြက်ပြဿနာရပ်များကိုလည်း ကြိုတင်ကာကွယ်ခြင်းအားဖြင့် တစ်ဧကအထွက်နှုန်း လျော့ကျမှုမရှိစေရန် ဆောင်ရွက်ထားရမည်မှာ စိုက်ပျိုးရေးသမားတိုင်း၏ အဓိက တာဝန်ကြီးဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

**ရေရှည်တည်တံ့သော စိုက်ပျိုးရေး**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာများမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသူများအနေဖြင့် အယ်နီညိုအပူလှိုင်းကျရောက်မှု သဘာဝဘေးကို ကြုံတွေ့ပါက ကာကွယ်ရန်အတွက် ယခုနှစ်အစနှစ်ဦးပိုင်းမှစတင်၍ မိမိတို့နေထိုင်ရာ ဒေသအသီးသီးတွင် လိုအပ်သော ပြင်ဆင်မှုများ ဖြစ်သည့်

(က) မြေဆီလွှာနှင့် မြေဆီမြေနှစ်များ ကောင်းမွန်စေရန် ကြိုတင်ပြင်ဆင်ခြင်း။

(ခ) ရွှံ့သွန်းသော မိုးရေကို မျက်ခြေမပြတ် မိမိစိုက်ခင်းအတွင်း စနစ်တကျ သိုလှောင်ရရှိနိုင်မည့် နည်းပညာအတိုင်း ကြိုတင်ပြုပြင်ဖန်တီးထားခြင်း။

(ဂ) သီးနှံပင်အတွက်လိုအပ်သော အာဟာရဓာတ်များကို ရရှိနိုင်ရန် သဘာဝပစ္စည်းများဖြစ်သည့် သစ်ရွက်ဆွေး၊ မြေဆွေး၊ ကောက်ရိုး၊ နွားချေး၊ ကြက်ချေး စသည်တို့ကို ကြိုတင်၍ မြေဆွေးပြုလုပ် သုံးစွဲခြင်း။

(ဃ) ကျရောက်တတ်သော ပိုးမွှားရောဂါများနှင့် ပေါင်းမြက်များ ပြန့်ပွားဖြစ်ထွန်းမှု မပေါ်ပေါက်စေရန် သဘာဝဆေးဖက်ဝင်အပင်များကို (လှေ့လာစုဆောင်းထားပြီး)အသုံးပြုရန် ကြိုတင်ပြင်ဆင်ထားခြင်း။

(င) ထွက်ရှိလာသောသီးနှံများ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရန်နှင့် တိရစ္ဆာန်များ(ဥပမာ-ကြွက်၊ ငှက်၊ မြွေ)ကြောင့် မပျက်စီးစေရေးအတွက် စီမံချက်များရေးဆွဲပြီး ကြိုတင်ကာကွယ်ခြင်းများကို ဆောင်ရွက်ထားကြပါရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် တိုက်တွန်းနှိုးဆော်ရေးသားတင်ပြ လိုက်ပါသည်။ ။

## ကျွဲ၊ နွားများအား ခွာနာလျှာနာရောဂါကာကွယ်ဆေး တတိယအကြိမ် အခမဲ့ထိုးနှံပေး

**စဥ့်ကိုင် ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံတောင်သူများ မွေးမြူထားသော ကျွဲနွားများအား ခွာနာလျှာနာရောဂါ ကာကွယ်ဆေးများကို စဥ့်ကိုင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကျေးရွာများအရောက် ကွင်းဆင်းကာ အခမဲ့ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကျွဲနွားများအား အခမဲ့ ခွာနာလျှာနာ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခြင်းမှာ တတိယအကြိမ်မြောက် ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ ကာကွယ်ဆေးများကို စဥ့်ကိုင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာဝင်းထွဋ်နှင့် ဒုတိယ ဦးစီးမှူးများက ကွင်းဆင်း၍ လိုက်လံ ထိုးနှံပေးနေခြင်းဖြစ်ရာ ဖေဖော်ဝါရီ ၂၂ ရက်အထိ စဥ့်ကိုင်မြို့နယ်အတွင်းရှိ မုံပင်ကျေးရွာ၊ ပတ္တာကျေးရွာ၊ စဥ့်ကိုင်ကြီးကျေးရွာ၊ သင်္ဂတုံ ကျေးရွာ၊ အုံးတုံကျေးရွာ၊ စံပြကျေးရွာနှင့် ချောင်းပတ်ကျေးရွာများရှိ ဒေသခံတောင်သူလယ်သမားများ၏ ကျွဲနွား ၁၃၀၁ ကောင်ကို အခမဲ့ကာကွယ်ဆေးများ ထိုးနှံပေးပြီးသည့်အပြင် အခြားကျန်းမာရေး စောင့်ရှောက်မှုများကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**တင်တင်ထွေး(စဥ့်ကိုင်)**

## စံပြမူလတန်းကြိုကျောင်း ဖွင့်လှစ်

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် တရုပ်ကောအုပ်စုတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် ၇၀၉ သိန်းဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် တရုပ်ကောစံပြမူလတန်းကြိုကျောင်းကို ဖေဖော်ဝါရီ ၂၂ ရက်က ဖွင့်လှစ်ခဲ့သည်။

ကျောင်းဆောင်သစ်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဦးအောင်ကျော်မင်းနှင့် တာဝန်ရှိသူများ ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့သည်။ မူကြိုကျောင်းဆောင်သစ်သည် အလျား ပေ ၅၀၊ အနံ ပေ ၃၀၊ အမြင့် ၂၆ ပေရှိ နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ကလေးငယ် ၁၀၀ ကျော် တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **(၀၈၅)**




## ဇီးကုန်းမြို့နယ်မှ မဲရုံအဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**ဇီးကုန်း ဖေဖော်ဝါရီ ၂၃**

ပြီးခဲ့သော ၂၀၁၅ အထွေထွေရွေးကောက်ပွဲကြီးတွင် ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်အတွင်းရှိ မဲရုံပေါင်း ၅၁ ရုံ၌ တာဝန်ထမ်းဆောင်ခဲ့ကြသော မဲရုံမှူးနှင့် ဒုမဲရုံမှူး ၁၀၂ ဦးနှင့် မဲရုံအဖွဲ့ဝင်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုယ်စား ဇီးကုန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်က ဂုဏ်ပြုမှတ်တမ်းလွှာများကို ဖေဖော်ဝါရီ ၂၀ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇီးကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်မိုးဦးက ရွေးကောက်ပွဲကာလတွင် မြို့နယ်အတွင်း မဲရုံများသို့ ပြည်တွင်းပြည်ပမှ စောင့်ကြည့်အဖွဲ့များ စောင့်ကြည့်လေ့လာခဲ့မှု၊ မီဒီယာများ စောင့်ကြည့်လေ့လာခဲ့မှုများရှိခဲ့သော်လည်း နိုင်ငံရေးပါတီများက ကန့်ကွက်လွှာတင်သွင်းမှု၊ ပါတီများအပေါ် အမှုဖွင့်ဆောင်ရွက်ခဲ့မှု စသည့် အခြေအနေများ ကြုံတွေ့ခဲ့ရခြင်းမရှိဘဲ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တည်ငြိမ်အေးချမ်းအောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း ပြောကြားပြီး မဲရုံမှူးများနှင့် အဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

## ရှေးဦးပြုစုနည်း နည်းပြသင်တန်း ဖွင့်လှစ်

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ မြန်မာနိုင်ငံကြက်ခြေနီအသင်းက ဖွင့်လှစ်သည့် ရှေးဦးပြုစုနည်း နည်းပြသင်တန်းဖွင့်ပွဲကို ပြင်ဦးလွင်မြို့ မြေတိုင်းသင်တန်းကျောင်းခန်းမ၌ ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့ ဦးစီးမှူး(ပထမတန်း) ဦးဘုန်းကျော်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း စီမံကိန်းညှိနှိုင်းရေးမှူး ဦးစည်သူတိုးညွန့်က သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ သင်တန်းကို ဖေဖော်ဝါရီ ၂၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး မိုးကုတ်၊ ဖလမ်း၊ စစ်ကိုင်း၊ မတူပီမြို့များမှ သင်တန်းသား ၂၉ ဦး တက်ရောက်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ရီးရဲမက်ဒရစ်နဲ့ အက်သလက်တီကိုတို့ရဲ့ မက်ဒရစ်ဒါဘီ အားပြိုင်ပွဲ

မိုးမြင့်လင်းလက်

လာလီဂါပွဲစဉ်(၂၆)ကို ဖေဖော်ဝါရီ ၂၇ ရက်မှာ ကစားဖို့ ရှိနေပါတယ်။ ပြိုင်ပွဲအချိန်ကတဖြည်းဖြည်း မြင့်တက်လာပြီဖြစ်တဲ့အတွက် လာလီဂါဖလား ရယူရေး အသင်းကြီးတွေ အားစိုက်ကစားနေပြီဖြစ်သလို အသင်းငယ်တွေကလည်း တန်းမဆင်းရေး အကြိတ်အနယ် အားထုတ်နေကြပြီဖြစ်ပါတယ်။ ဒါကြောင့် ပွဲစဉ်တိုင်းဟာ အသင်းတိုင်းအတွက် အရေးကြီးနေပြီဖြစ်တာမို့ အားသွန်ခွန်စိုက် ဆင်နွှဲရမယ့်ပွဲတွေချည်းဖြစ်နေတာကြောင့် စိတ်ဝင်စားစရာကောင်းနေတာ အမှန်ပါပဲ။



**ရီးရဲမက်ဒရစ်နှင့် အက်သလက်တီကို**

မက်ဒရစ်ဒါဘီပွဲဖြစ်တာမို့ ဒီပွဲက ပွဲကောင်းအဖြစ် မြင်တွေ့ရပါဦးမယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံမှု မှတ်တမ်းကိုကြည့်ရင် ရီးရဲမက်ဒရစ်က တစ်ပွဲနိုင်ပြီး ကျန်နှစ်ပွဲ သရေကျထားပါတယ်။ လာလီဂါမှာ ဒီနှစ်သင်း စုစုပေါင်း တွေ့ဆုံခဲ့သမျှ ပွဲရလဒ်တွေကို ကြည့်ရင်လည်း ရီးရဲမက်ဒရစ်တို့က ၈၅ ပွဲ နိုင်ပြီး အက်သလက်တီကိုတို့က ၃၈ ပွဲနိုင်ကာ သရေပွဲ ၃၄ ပွဲဖြစ်ထားပါတယ်။ ရီးရဲမက်ဒရစ်ရဲ့ နည်းပြသစ် ဇီဒန်းလက်ထက်မှာ နိုင်ပွဲတွေရရှိနေတဲ့ ရီးရဲမက်ဒရစ်ဟာ တိုက်စစ်ပိုင်းထက်မြက်အောင် ဦးစားပေးလာတာမို့ အက်သလက်တီကို ခံစစ်မျိုးတွေ ပျာယာခတ်အောင် ဟန့်တားရဖို့ရှိလာပါလိမ့်မယ်။ ဒီပွဲမှာ ဂိုးမပြတ်ပေမယ့် ရီးရဲမက်ဒရစ်တို့ အောင်ပွဲခံမယ့်ပွဲပါပဲ။

**အီဘာနှင့် လက်စ်ပယ်မက်စ်**

ဒီနှစ်သင်းရဲ့ နောက်ဆုံး ပူပူနွေးနွေး တွေ့ဆုံခဲ့မှု သုံးပွဲမှတ်တမ်းကို ကြည့်ရင် အီဘာက တစ်ပွဲနိုင်ပြီး လက်စ်ပယ်မက်စ်တို့က နှစ်ပွဲနိုင်ထားပါတယ်။ အီဘာတို့က အခုတလော အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်ပြီး နိုင်ပွဲတွေလည်းရအောင် ဆောင်ကြဉ်းနိုင်နေပါတယ်။ တန်းဆင်းဇုန်အတွင်း ကျဆင်းနေတဲ့ လက်စ်ပယ်မက်စ်တို့ အနေနဲ့ အားထည့်မှုနှုန်းကောင်းမွန်တဲ့ အီဘာကို ဂိုးမပြတ်ပေမယ့် ကပ်ပြီး ရှုံးသွားမယ့် အခြေအနေဖြစ်ပေါ်သွားနိုင်ပါတယ်။ အကြိုက်က အိမ်ရှင် အီဘာတို့ ပါပဲ။

**ဂီတာဖေးနှင့် ဆယ်လ်တာဗီဂို**

အခုတလော ရှုံးပွဲတွေ ဆက်နေတဲ့ ဂီတာဖေးတို့အတွက် အခုပွဲ အိမ်ကွင်းဖြစ်ပေမယ့် ရင်ပူစရာတော့ ကောင်းနေပါတယ်။ ဂီတာဖေးတို့က ဆယ်လ်တာဗီဂိုနဲ့ဆုံတိုင်း ပွဲကျပ်အဖြစ် ကစားခဲ့ရတာချည်းဖြစ်ပြီး နိုင်ပွဲ၊ သရေပွဲတွေရဖို့ ခြေကုန်လက်ပန်းကျအောင် အားထုတ်ခဲ့ရတာများတာမို့ အခုပွဲမှာလည်း ခက်ခဲဦးမှာ ဖြစ်ပါတယ်။ ဆယ်လ်တာဗီဂိုတို့ကလည်း အဝေးကွင်းမှာ စွမ်းဆောင်မှုတွေ ကျဆင်းနေတဲ့အပြင် တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည် ကျဆင်းမှုကြောင့် ဒီပွဲဟာ သရေပွဲလည်းဖြစ်သွားနိုင်ပါတယ်။

**ဂီဂွန်နှင့် အက်စ်ပန်ညို**

တန်းဆင်းဇုန်နား ရစ်ဝဲနေတဲ့ အသင်းတွေမို့ ပြိုင်တူရုန်းအားတွေကို မြင်တွေ့ရမယ့်ပွဲပါပဲ။ လောလောဆယ် ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ပွဲရလဒ်ကိုကြည့်ရင် ဂီဂွန်က နှစ်ဂိုး-တစ်ဂိုးနဲ့ ကပ်ပြီး အနိုင်ရထားခဲ့ပါတယ်။ အခုပွဲက ဂီဂွန်ကွင်းမှာ ဖြစ်တာမို့ အက်စ်ပန်ညိုရဲ့ အဝေးကွင်း ရလဒ်ဆိုးရွားမှုအပေါ် ဂီဂွန်တို့ အခွင့်အရေးကောင်းတွေ ဖန်တီးဖို့ ကြိုးစားပါလိမ့်မယ်။ လာလီဂါသမိုင်းမှာ ဒီနှစ်သင်းတွေ့ဆုံခဲ့မှု မှတ်တမ်းတွေကို ကြည့်ရင်တော့ ဂီဂွန်က ၂၈ ပွဲနိုင်ပြီး အက်စ်ပန်ညိုက ၃၂ ပွဲနိုင်ထားပါတယ်။ သရေပွဲက ၁၉ ပွဲ ဖြစ်ထားတာမို့ အခုပွဲမှာတော့ ခြေစွမ်းပုံမှန်ပြန်ရဖို့ အပြင်းအထန် ကြိုးစားနေတဲ့ ဂီဂွန်ကိုပဲ အားပေးရမှာပါ။

**ဘက်တစ်နှင့် ဗယ်လီကာနို**

ခံစစ်ကို လုံခြုံသိပ်သည်းအောင် အခြေပြုပြီး တိုက်စစ်ဖွင့် ကစားတတ်တဲ့ ဘက်တစ်ကို ဗယ်လီကာနိုတို့ အကြိတ်အနယ် ထိုးဖောက်ကစားရဖို့ရှိနေပါတယ်။ ဗယ်လီကာနိုဟာ အခုတလော ခြေစွမ်းကောင်းတွေ ပြသနေပြီး နောက်ဆုံး ငါးပွဲမှာ ရှုံးပွဲ မရှိခဲ့ပါဘူး။ လာလီဂါသမိုင်းမှာ ဒီနှစ်သင်းတွေ့ဆုံခဲ့သမျှကို ပြန်ကြည့်ရင် ဘက်တစ်က ရှစ်ပွဲနိုင်ပြီး ဗယ်လီကာနိုကလည်း ရှစ်ပွဲနိုင်ကာ သရေပွဲငါးပွဲဖြစ်ထားပါတယ်။ လက်ရှိ နှစ်သင်းစလုံးရဲ့ ခြေစွမ်းအရ ဒီပွဲက အမှတ်ခွဲယူရ ကိန်းဆိုက်သွားနိုင်တဲ့ ပွဲပါပဲ။ ။



## အက်ဖ်အေ ဆဋ္ဌမဆင့်မှာ အဲဗာတန်နဲ့ချယ်လ်ဆီးတွေ့ပြီ

အက်ဖ်အေဖလား ဆဋ္ဌမဆင့် ပွဲစဉ်တွေကို သက်ဆိုင်ရာက ထုတ်ပြန်လိုက်ပြီဖြစ်ပါတယ်။ ရှော့ဘူရီ သို့မဟုတ် မန်ယူဟာ ဝက်စ်ဟမ်းနဲ့ ကစားရမှာဖြစ်ပါတယ်။ ချန်ပီယံရှစ်အသင်းဖြစ်တဲ့ ရက်ဒင်းကတော့ အလန်ပါဒူးရဲ့ ခရစ္စတယ်ပဲလေ့စ်နဲ့ ကစားရမှာဖြစ်ပါတယ်။ အဲဗာတန်ကတော့ ပရီမီယာလိဂ် ချန်ပီယံ ချယ်လ်ဆီးနဲ့ တွေ့ရဦးမှာဖြစ်ပါတယ်။ လက်ရှိချန်ပီယံအာဆင်နယ် သို့မဟုတ် ဟားလ်စီးတီးကတော့ ဝက်ဖို့ဒ်အသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ ချယ်လ်ဆီးက အက်ဖ်အေ ဆဋ္ဌမဆင့်ပွဲမှာ ၂၀၀၉ ဗိုလ်လုပွဲရောက် အဲဗာတန်နဲ့ စိတ်မကျေပွဲ သွားရောက် ကစားရမှာ ဖြစ်ပါတယ်။ ဟစ်ဒင့်ရဲ့ ချယ်လ်ဆီးအနေနဲ့ လွန်ခဲ့တဲ့ ခုနစ်နှစ်က ဒီဖလားကို ဆွတ်ခူးခဲ့တာပါ။ ဗန်ဟားလ်အနေနဲ့ ရှော့ဘူရီကို ပြန်ကန်ပွဲမှာ အနိုင်ကစားနိုင်မှ ဝက်စ်ဟမ်းနဲ့ ကစားနိုင်မှာဖြစ်ပါတယ်။ ဆဋ္ဌမဆင့် ဒီပြိုင်ပွဲတွေကိုတော့ လာမယ့် မတ် ၁၁ ရက်ကနေ ၁၄ ရက်အတွင်းမှာ ကစားကြမှာဖြစ်ပါတယ်။

◀ ကောင်းမြတ်သူ-စုစည်းသည်။ ▶

## မန်ယူပစ်မှတ်ထားနေတဲ့ အော်ဘာမီရန် နယူးကာဆယ်သို့ ရောက်ဖွယ်ရှိနေ



ဒေါ့မွန်အသင်းက ပြန်စာမချုပ်မီ နယူးကာဆယ်က စာချုပ်ဖို့ နီးစပ်နေတယ်လို့ အော်ဘာမီရန်က ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ အသက် ၂၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ အော်ဘာမီရန်ကို ၂၀၁၃ ခုနှစ်ကတည်းက နယူးကာဆယ်က စာချုပ်ဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ဂျာမနီကလပ်ဖြစ်တဲ့ ဒေါ့မွန်ကို ရောက်ရှိခဲ့ပြီးနောက် နည်းပြ ဂျာဂျင်ကလော့ လက်ထက်မှာ ချန်ပီယံလိဂ် ဗိုလ်လုပွဲအထိ ရောက်အောင် ကစားနိုင်ခဲ့ပါတယ်။

သူဟာ ဒီနှစ်ရာသီမှာ ၂၈ ဂိုးအထိ သွင်းယူထားပြီး ဥရောပမှာ ဂိုးသွင်းအကောင်းဆုံး တိုက်စစ်မှူးအဖြစ် ရပ်တည်လျက်ရှိပါတယ်။ အော်ဘာမီရန်ကို မန်ယူက ယခုနှစ် နွေရာသီက ပေါင် သန်း ၇၀ နဲ့ ခေါ်ယူဖို့ ပစ်မှတ်ထားခဲ့သူပါ။ သို့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ လက်ရှိအချိန်မှာတော့ နယူးကာဆယ်က ခေါ်ယူနိုင်မယ့် အနေအထားရှိနေပါတယ်။

## ကိုပါအမေရိကဖလား အဖွင့်ပွဲမှာ အာဂျင်တီးနားနဲ့ လက်ရှိချန်ပီယံ ချီလီတို့ တွေ့ပြီ

၂၀၁၆ ကိုပါအမေရိကဖလား ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲမှာ အိမ်ရှင်အမေရိကန်နဲ့ ကိုလံဘီယာအသင်းတို့ဟာ အုပ်စု(A)မှာ ယှဉ်ပြိုင်ကြဖို့ ရှိပါတယ်။ ဒီအတောအတွင်းမှာ မက်ဆီနဲ့ အာဂျင်တီးနားအသင်းက လက်ရှိချန်ပီယံ ချီလီအသင်းနဲ့ ကစားရမှာ ဖြစ်ပါတယ်။ တနင်္ဂနွေနေ့က ထုတ်ပြန်ခဲ့တဲ့ စာရင်းအရ ဘရာဇီးက အုပ်စု(B)မှာ အီကွေဒေါ၊ ဟေတီနဲ့ ပီရူးတို့နဲ့ ကစားရမှာဖြစ်ပါတယ်။ ဥရုဂွေးအသင်းနဲ့ မက္ကဆီကို၊ ဂျမေကာနဲ့ ဗင်နီဇွဲလားအသင်းတွေနဲ့ ကစားရမှာဖြစ်ပါတယ်။



ကမ္ဘာ့ရှေးအကျဆုံး ဘောလုံးပွဲဖြစ်တဲ့ ဒီပြိုင်ပွဲဟာ နှစ် ၁၀၀ ပြည့်တော့မှာ ဖြစ်ပါတယ်။ အာဂျင်တီးနားနဲ့ လက်ရှိချန်ပီယံ ချီလီအသင်းတို့ဟာ ပြီးခဲ့တဲ့နှစ် ဗိုလ်လုပွဲမှာ ဆုံတွေ့ခဲ့ပြီးနောက် စိတ်မကျေပွဲအဖြစ် အုပ်စုအဆင့်မှာပဲ ဆုံတွေ့မှာဖြစ်ပါတယ်။

အိမ်ရှင် အမေရိကန်ကတော့ ၂၀၁၄ ကမ္ဘာ့ဖလား ကွားတားရောက် ကိုလံဘီယာ၊ ကော်စတာရီကာနှင့် ပါရာဂွေးတို့နဲ့အတူ ကစားရမှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲတွေကိုတော့ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်တာကလာရာမှာ ဇွန် ၃ ရက်မှာ ယှဉ်ပြိုင်ကစားသွားမှာဖြစ်တယ်လို့ ဆိုပါတယ်။

# ကန့်ဘလူမြို့သို့ မြစ်သူငယ်ရေလှောင်တမံမှ သောက်သုံးရေအလုံအလောက် ဖြန့်ဝေပေးနိုင်မည်



**ကန့်ဘလူ ဖေဖော်ဝါရီ ၂၃**

ကန့်ဘလူမြို့နယ်၌ ၂၀၁၅ ခုနှစ်အတွင်းက တစ်နှစ်ပတ်လုံးမိုးရေချိန် ၆၄ ဒသမ ၁၃ လက်မအထိ ရွာသွန်းခဲ့ခြင်းကြောင့် ကန့်ဘလူမြို့နေပြည်သူများအတွက် သောက်သုံးရေဖြန့်ဝေပေးနေသော မြစ်သူငယ် ရေလှောင်တမံ၌ ရေလုံလောက်စွာရှိနေပြီး တစ်မြို့လုံးကို ရေဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူမြို့တွင် မြို့ပေါ်ရပ်ကွက် ငါးခု၌ အိမ်ထောင်စု ၅၂၄၃ စု၊ လူဦးရေ ၂၂၀၀၀ ကျော်ရှိပြီး ကန့်ဘလူမြို့၏ တစ်နေ့ရေလိုအပ်ချက်မှာ ဂါလန် ၃ ဒသမ ၈ သိန်းခန့်ဖြစ်သည်။ မြို့နေပြည်သူများအတွက် ရေရရှိမှုမှာ ကိုယ်ပိုင်လက်တူးတွင်းနှင့် တွင်းတိမ်များမှ ၅၀ ရာခိုင်နှုန်းခန့် ရရှိနေသဖြင့် ပျမ်းမျှတစ်နေ့ရေဂါလန် ၁ ဒသမ ၉ သိန်း ပေးဝေရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

မြို့ပေါ်ရှိ လက်တူးတွင်း၊ စက်တွင်း၊ တုံကင်များမှ ထွက်ရှိသောရေတွင် ထုံးဓာတ်မှာ သတ်မှတ်ခွင့်ပြုပမာဏထက် များစွာပါဝင်နေခြင်းကြောင့် ရေ၏အရသာမကောင်းခြင်း၊ ကျန်းမာရေးအတွက် ထိခိုက်နိုင်ခြင်းစသော ဆိုးကျိုးများရှိကြောင်း၊ မြစ်သူငယ်ရေလှောင်တမံမှ ပေးဝေနေသောရေမှာမူ အရည်အသွေးစမ်းသပ် စစ်ဆေးထားပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO မှ သတ်မှတ်ထားသည့် သောက်သုံးရန် သတ်မှတ်စံနှုန်းများအတွင်းရှိကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ကန့်ဘလူမြို့နယ် ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ တစ်နှစ်ပတ်လုံးမိုးရေချိန်လျော့နည်းခဲ့ပြီး မြစ်သူငယ်ရေလှောင်တမံ၌ ရေခန်းခြောက်မှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် ရေလုံလောက်စွာ မဖြန့်ဝေနိုင်ခဲ့ဘဲ ၂၀၁၅ ခုနှစ်တွင်မူ မိုးရေချိန်များသဖြင့် ရေလှောင်တမံတွင် ရေလုံလောက်စွာရှိနေပြီး မြို့နေပြည်သူများအတွက် ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြစ်သူငယ်ရေလှောင်တမံသည် ကန့်ဘလူမြို့၏ အရှေ့မြောက်ဘက် နှစ်မိုင်ခန့်တွင်တည်ရှိပြီး မြေသားရေလှောင်တမံအမျိုးအစား ဖြစ်သည်။ တမံအလျား ပေ ၂၀၀၀၀ နှင့် တမံအမြင့် ၃၃ ပေရှိကာ မြို့နေပြည်သူများ သောက်သုံးရေရရှိရေးအတွက် ရည်ရွယ်၍ ဆည်မြောင်းဦးစီးဌာနက ၂၀၀၇-၂၀၀၈ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ပြီးစီးခဲ့သည်။

မြစ်သူငယ်ရေလှောင်တမံ လက်ရှိရေအမှတ်သည် ၅၇၉ ဒသမ ၉ ပေ၊ ရေပမာဏ ၁၂၅၀ ဒသမ ၆၃ ဧကပေရှိနေကြောင်း၊ ရေစုကန်အတွင်းသို့ ကန်ရေပြည့် RL ပေ ၅၈၀ တွင် ရေဝင်မှုနှုန်းမှာ တစ်ရက် ၄၅၀၀၀၀ ဂါလန်ဖြစ်ပြီး နွေရာသီတွင်အနိမ့်ဆုံး RL ၅၇၄ ဒသမ ၆ ပေအတွင်း ရေဝင်နှုန်းမှာ တစ်ရက် ဂါလန် ၁၈၀၀၀၀ ဖြစ်သဖြင့် ကန့်ဘလူမြို့၏ တစ်ရက်ပျမ်းမျှ ရေလိုအပ်ချက်ကို နွေရာသီရေရှားပါးသောကာလမှာပင် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးညဏ်တင့်၏ ပြောကြားချက်အရ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# စစ်တွေမြို့သမိုင်းဝင် လက်ဝဲသလုံးတော်ဓာတ်စေတီတော်ကြီး ထီးတော်တင်လှူ



**စစ်တွေ ဖေဖော်ဝါရီ ၂၃**

စစ်တွေမြို့ စက်ရုံစုရပ်ကွက် ကန်တော်ကြီးကုန်းပေါ်တွင် တည်ထားကိုးကွယ်တော်မူသော ရှေးဟောင်းသမိုင်းဝင် လက်ဝဲသလုံးတော်ဓာတ်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပခဲ့သည်။

ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ မတည်လှူဒါန်းငွေ ကျပ်သိန်း ၃၀၀ နှင့် အများပြည်သူလှူဒါန်းငွေများဖြင့် စေတီတော်အား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ရွှေစင်ရွှေသားများဖြင့် ကပ်လှူပူဇော်ခြင်းများအား စုစုပေါင်း ငွေကျပ် ၆၄၆ သိန်းဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရွှေထီးတော်တင်လှူပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးများနှင့် ဧည့်ပရိသတ်များက စစ်တွေမြို့ သဒ္ဓမ္မဂုရု(ပုသိမ်)ကျောင်းတိုက် ပဓာန နာယကဆရာတော်ထံမှ သီလခံယူဆောက်တည်ပြီး ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ဧည့်ပရိသတ်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကြကာ ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် ဘုရားဒါယကာများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များ တင်လှူပူဇော်ခဲ့ကြသည်။

လက်ဝဲသလုံးတော်ဓာတ်စေတီသည် မြတ်စွာဘုရားရှင်၏ လက်ဝဲသလုံးတော်ဓာတ်ကို ဌာပနာထည့် တည်ထားကိုးကွယ်ခဲ့သောကြောင့် လက်ဝဲသလုံးတော်ဓာတ်စေတီဟု အမည်ခေါ်တွင်ပြီး ဘီစီ ၃၁၆ ခုနှစ်က အိန္ဒိယနိုင်ငံ သာသနာပြု ရဟန်းမထေရ် အရှင်မဟာရေဝထံမှ ရရှိခဲ့သည့် ဓာတ်တော် ၂၄၈ ဆူအနက် တစ်ဆူအပါအဝင်ဖြစ်ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။ စေတီတော်တည်ထားပြီးနောက် ပြန်လည်ပြုပြင်မည့်သူမရှိဘဲ ပျောက်ကွယ်နေခဲ့ရာမှ ၁၂၉၁ ခုနှစ်တွင် ဓာတ်တော်ကွန့်မြူးသည်ကို အကြောင်းပြု၍ တူးဖော်ကြရာတွင် ဓာတ်တော်ကြုတ်၊ ဆင်းတုတော်နှင့် ရွှေကမ္ပည်းစာများကို တွေ့ရှိရပြီး ကမ္ပည်းစာများအရ လက်ဝဲသလုံးတော်ဓာတ်စေတီဟု သိရှိရသဖြင့် စေတီအား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခဲ့ကြောင်း၊ ၁၂၉၄ ခုနှစ်တွင် ဒုတိယအကြိမ် ထီးတော်တင်ပူဇော်ခဲ့ပြီး တတိယအကြိမ်မှ သတ္တမအကြိမ်အထိ ၁၀ နှစ် တစ်ကြိမ် ထီးတော်တင်လှူ ပူဇော်နိုင်ခဲ့ကြောင်း သိရသည်။

**မြတ်ဝေ**

# သဲသောင်များကြောင့် ချင်းတွင်းမြစ်ရေကြောင်းကျဉ်းလာ၍ ရေယာဉ်များသွားလာရေး အခက်အခဲကြုံတွေ့နေ

**ရေစကြို ဖေဖော်ဝါရီ ၂၃**

ယခုနှစ်တွင် ချင်းတွင်းမြစ်ရေကျချိန်စောပြီး မြစ်အတွင်း၌ သဲသောင်များ နေရာအနှံ့ ပေါ်ထွန်းလာခြင်းကြောင့် သွားလာနိုင်သည့် ရေကြောင်း ကျဉ်းလာရာ မြစ်အတွင်း ခုတ်မောင်းသွားလာသည့် ရေယာဉ်များအတွက် အန္တရာယ်များပြီး သွားလာရေး အခက်အခဲရှိနေကြောင်း သိရသည်။

ရေစကြိုမြို့နယ် ဆင်ခြေရာရွာမှ ရေယာဉ်ပိုင်ရှင်တစ်ဦးက "ချင်းတွင်းမြစ်ရေက မနှစ်ကထက် ရေကျလည်း စောသလို သဲသောင်ခုံတွေကလည်း မကြုံစဖူး အများကြီးပေါ်ထွန်းလာတယ်။ သဲသောင်ခုံတွေ ပေါ်ထွန်းတာ များလာတော့ မြစ်ကြောင်းခွဲတွေ ဖြစ်လာပြီး ရေကြောင်း ကျဉ်းလာတယ်။ ပြီးခဲ့တဲ့နှစ်က ဒီအချိန်မှာ အိတ် ၂၀၀၊ ၃၀၀ ပါတဲ့ ရေယာဉ်တွေ မြို့အခြေဆိပ်ကမ်းအထိ ကပ်လို့ရတယ်။ အခု ကပ်လို့မရတော့ဘူး။ တစ်နှစ်မှ မပြောင်းဖူးတဲ့ ပန်းတော်ပြင်ကူးတို့ လုပ်ငန်းကိုတောင် ရေစကြိုအောက်ဘက် ပေါက်တောရွာကို ရွှေ့လိုက်ရတယ်"ဟု ပြောသည်။

ယခုကဲ့သို့ သဲသောင်ခုံများ အများအပြားပေါ်ထွန်းလာခြင်းမှာ ပြီးခဲ့သည့်နှစ်အတွင်း မြစ်ရေနှစ်ကြိမ်ကြီးပြီးနောက် ရေပြန်ကျချိန်တွင် မြစ်ကြောင်းအတွင်း ရွှံ့နွံများ ကျန်ခဲ့ခြင်းကြောင့် ဖြစ်နိုင်ကြောင်း ဒေသခံများက ခန့်မှန်းကြသည်။

"ဒီအချိန်က မြစ်အရှေ့ဘက်ကမ်းက ရွာတွေမှာ သီးနှံပေါ်တဲ့အချိန်ပါ။ အခုလို ရေကြောင်းကျဉ်းနေတော့ ကုန်တွေကို တင်ချင်သလို တင်လို့မရဖြစ်နေတယ်။ CP အစေ့ထုတ်ပြောင်းတွေ လှိုင်လှိုင်ပေါ်ပြီး ဈေးကလည်းကောင်းနေတော့ တောင်သူတွေက ဈေးကောင်းမီအောင် သူ့ထက်ငါ အလုအယက် ပို့ချင်နေတာ ရေကြောင်း အခက်အခဲကြောင့် မပို့နိုင်ဖြစ်နေရတယ်"ဟု အဆိုပါရေယာဉ်ပိုင်ရှင်က ဆက်ပြောပြသည်။



လက်ရှိအချိန်တွင် ပန်းတော်ပြင်မှ ရွှေ့ထားသော ပေါက်တောရွာကူးတို့ဆိပ်၌ ဒေသလုပ် ဇက်ရေယာဉ်များဖြင့် ကုန်ရော၊ ကားပါ ကူးပေးလျက်ရှိကြောင်းနှင့် တောင်သူများအနေဖြင့် စရိတ်စက အနည်းငယ်ပို၍ ကုန်ကျသော်လည်း အဆိုပါ ပေါက်တောရွာဘက်မှ ကူး၍ စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့ကြကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

## ဂန့်ဂေါမြို့နယ်မှ ဖွံ့ဖြိုးတိုးတက်လာသော ကျော့မြို့သစ်

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ကျော့ကျေးရွာအုပ်စုအတွင်းရှိ ကျော့၊ ရွှေပင်၊ ပဲမခား၊ ရွာငယ်၊ ကွဲကိုင်းနှင့် စခါးကျေးရွာများကို စုစည်းလျက် ၂၀၁၅ ခုနှစ် မတ် ၃၀ ရက်က ကျော့မြို့အဖြစ် စတင်သတ်မှတ်ခဲ့သည်။ မြို့အဖြစ် သတ်မှတ်ပြီးနောက် ကျော့မြို့သစ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယခုအခါ တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်လာလျက် ရှိနေပြီဖြစ်သည်။

ကျော့မြို့ကို ဖွဲ့စည်းရာတွင် ရပ်ကွက်သုံးခုဖြင့် ဖွဲ့စည်းပြီး မူလကျော့ကျေးရွာကို အမှတ်(၁)ရပ်ကွက်အဖြစ်လည်းကောင်း၊ ရွှေပင်၊ ပဲမခားနှင့် ရွာငယ်ကျေးရွာတို့ကို အမှတ်(၂)ရပ်ကွက်အဖြစ်လည်းကောင်း၊ ကွဲကိုင်းနှင့် စခါးကျေးရွာတို့ကို အမှတ်(၃) ရပ်ကွက်အဖြစ်လည်းကောင်း ပြောင်းလဲသတ်မှတ်လိုက်သည်။ ရပ်ကွက်အလိုက် အိမ်ခြေနှင့် လူဦးရေမှာ အမှတ်(၁)ရပ်ကွက်တွင် အိမ်ခြေ ၄၉၁၊ လူဦးရေ ၁၉၇၈၊ အမှတ်(၂) ရပ်ကွက် တွင် အိမ်ခြေ ၄၅၀၊ လူဦးရေ ၁၈၂၆၊ အမှတ်(၃)ရပ်ကွက်တွင် အိမ်ခြေ ၁၈၅၊ လူဦးရေ ၆၉၃ အသီးသီးရှိကြ၍ စုစုပေါင်းအိမ်ခြေ ၁၁၂၆ အိမ်နှင့် လူဦးရေ ၄၄၉၇ ခန့်ရှိကြောင်း သိရသည်။

ကျော့မြို့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်း၊ (၁၆) ခုတင်ဆံ့ဆေးရုံ၊ အထက်တန်းကျောင်း၊ သစ်တောဦးစီးဌာန၊ လမ်းဦးစီးဌာန၊ မြန်မာ့ဆက်သွယ်ရေး(တယ်လီဖုန်း၊ စာတိုက်)၊ မီးရထားဘူတာ၊ မြန်မာ့သစ်လုပ်ငန်း၊ (၆၆/၁၁)ကေဗွီ လျှပ်စစ်ဓာတ်အားခွဲစက်ရုံ၊ မြို့အုပ်ချုပ်ရေးမှူးရုံး စသည့် ရုံးအဆောက်အအုံများ တည်ဆောက်ထားရှိပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ပခုက္ကူ-ကျော့-ဂန့်ဂေါ-ကလေး မီးရထားလမ်းနှင့် မုံရွာ-ပုလဲ-ဂန့်ဂေါ ကားလမ်းတို့မှာ ကျော့မြို့ကိုဖြတ်သန်းလျက်ရှိသည်။

ကျော့မြို့သစ်သည် ပုံတောင်ပုံညာတောင်တန်းများကြား မြေပြန့်လွင်ပြင်တွင် သာယာလှပစွာတည်ရှိသည်။ သို့သော် ယခင်ကာလများက လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် ကျော့ချောင်ဟုပင် ဒေသခံများက ခေါ်ဝေါ်ခဲ့ကြသော ဒေသဖြစ်သည်။ လက်နက်ကိုင် အလံနီကွန်မြူနစ်ပါတီ ခိုအောင်းခဲ့ရာ နေရာဒေသတစ်ခုလည်းဖြစ်သဖြင့် ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေးတို့မှာလည်း ခက်ခဲခဲ့ကြသည်။

ယခုအခါ မုံရွာ-ပုလဲ-ဂန့်ဂေါ မော်တော်ကားလမ်း ကောင်းမွန်လာခြင်း၊ ပခုက္ကူမြို့နှင့် မီးရထားလမ်းပေါက်ခြင်းတို့ကြောင့် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသော ဒေသတစ်ခု ဖြစ်သည်။ ကျော့မြို့သည် မန္တလေးမြို့နှင့် ၁၆၆ မိုင်၊ ပခုက္ကူနှင့် ၁၀၄ မိုင်၊ ထီးလင်းမြို့နှင့် ၄၂ မိုင်၊ ဂန့်ဂေါမြို့နှင့် ၃၇ မိုင် အကွာအဝေး အသီးသီးရှိပြီး ကုန်စည်နှင့် ခရီးသည်ပို့ဆောင်ရေးယာဉ်များ ဖြတ်သန်းသွားလာမှု များပြားလာသောကြောင့် စားသောက်ဆိုင်များ၊ ကုန်မျိုးစုံအရောင်းဆိုင်များ စသည့် စီးပွားရေးလုပ်ငန်းများလည်း ပေါ်ပေါက်လာကာ ဖွံ့ဖြိုးစည်ကားလာသော မြို့တစ်မြို့ဖြစ်ပေသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

## ကျေးရွာများတွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကြိုတင်ညှိနှိုင်းစည်းဝေး

**ပေါက်ခေါင်း ဖေဖော်ဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် နွေရာသီကာလအတွင်း သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကြိုတင်ဆောင်ရွက်ရန်အတွက် ညှိနှိုင်းအစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဖေဖော်ဝါရီ ၁၉ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်မောင်က အမှာစကားပြောကြားပြီး ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးမောင်မောင်ကြည်က မြို့နယ်အတွင်း နွေရာသီ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ကြိုတင်စီမံဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အစည်းအဝေးသို့တက်ရောက်သည့် အရှေ့ကြို့ကုန်း၊ အရာတော်၊ သဖန်းကိုင်း၊ ထန်းတစ်ပင်၊ ဝါးရုံပင်လယ်၊ ညောင်ပင်သာ၊ သစ်ပုတ်၊ ပေါင်းစပါးနှင့် လေသာတောင်ကြီး ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများက မိမိတို့ကျေးရွာအလိုက် သောက်သုံးရေ ရရှိမှုနှင့် လိုအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး မြို့နယ်ကျေးလက်ဦးစီးမှူးက ဆောင်ရွက်ရမည့်အစီအမံများကို ထပ်မံရှင်းလင်းခဲ့သည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

## သဘာဝဘေးအန္တရာယ်ဆိုင်ရာများ ပညာပေးဟောပြော

**ကျိုင်းတုံ ဖေဖော်ဝါရီ ၂၃**

မီးဘေး၊ ရေဘေးနှင့် အခြားသဘာဝဘေးအန္တရာယ်များ နှင့်ပတ်သက်သည့် ပညာပေးဟောပြောပွဲကို ကျိုင်းတုံမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ ဖေဖော်ဝါရီ ၁၉ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကြက်ခြေနီအသင်းမှ ဦးစီးမှူး (ဒုတိယတန်း)ဦးထူးလှိုင်နှင့်အဖွဲ့က သဘာဝဘေးအန္တရာယ် မဖြစ်မီ၊ ဖြစ်နေချိန်နှင့် ဖြစ်ပြီးချိန်များတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ သတိပြုရမည့်ကိစ္စများကို ပညာပေးဟောပြောပြီး အိမ်တွင်းမှုသင်တန်းကျောင်းမှ သင်တန်းသူများအား ရှေးဦးသူနာပြုစုနည်းများကို လက်တွေ့သရုပ်ပြ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

## ပုပ္ပားတောင်ကလပ်နှင့် ပတ်ဝန်းကျင်တွင် ပလတ်စတစ်အမှိုက်များစုပေါင်းရှင်းလင်း

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၃**



မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားဒေသနှင့် တောင်ကလာပ်ဝန်းကျင်ကို ပလတ်စတစ် ကင်းစင်နယ်မြေအဖြစ် အကောင်အထည်ဖော်နိုင်ရေး ရှေ့ပြေးဆောင်ရွက်မှု လုပ်ငန်းအဖြစ် ပလတ်စတစ်နှင့် စွန့်ပစ်အမှိုက်များရှင်းလင်းခြင်း(Plastic Campaign)ကို ဖေဖော်ဝါရီ ၂၁ ရက်က စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင် ဦးဆောင်၍ လူမှုရေးအသင်းအဖွဲ့များ၊ ဈေးသူ ဈေးသား၊ ဒေသခံပြည်သူများ စုပေါင်းကာ ပုပ္ပားတောင်ကလပ်၊ တောင်ခြေဝန်းကျင်နေရာများနှင့် စောင်းတန်းသုံးသွယ် ဝန်းကျင်နေရာများတွင် ပလတ်စတစ်အမှိုက်များကို ရှင်းလင်းခဲ့ကြခြင်းဖြစ်သည်။ ကောက်ယူ ရရှိသည့် စွန့်ပစ်အမှိုက်များကို စည်ပင်သာယာ အမှိုက်သယ်ယာဉ်နှစ်စီးဖြင့် သယ်ယူ၍ မီးရှို့ခဲ့ကြကြောင်း သိရသည်။

ထို့နောက် ဒေသခံဈေးသူဈေးသားများ၊ လူမှုရေးအသင်းအဖွဲ့ဝင် လူငယ်များအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်က ပလတ်စတစ် စွန့်ပစ်အမှိုက်များ၏ အန္တရာယ်နှင့် ဆိုးကျိုးများအကြောင်းကို တောင်ကလပ်မွေ့ရာရုံကြီး၌ ရှင်းလင်းဟောပြောခဲ့ပြီး စွန့်ပစ်ပလတ်စတစ်များကို ပြန်လည်အသုံးပြုနိုင်သည့် နည်းလမ်းများကိုလည်း လက်တွေ့ရှင်းလင်းပြသကြသည်။ ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များက ပုပ္ပားဈေးတန်းဝန်းကျင်တွင် ပလတ်စတစ်နှင့် အမှိုက်များ စုပေါင်းကောက်ယူပြီး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

Plastic Campaign ကို ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်၊ ကျောက်ပန်းတောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်၊ မြို့နယ်စည်ပင်သာယာကော်မတီဝင်များနှင့် ဝန်ထမ်းများ၊ တောင်ကလပ်ဂေါပကအဖွဲ့ဝင်များ၊ ဒေသခံ ဈေးသည်များနှင့် ကျောက်ပန်းတောင်းမြို့မှ လူမှုရေးအသင်းအဖွဲ့များ၊ ပုပ္ပားလူမှုရေးအဖွဲ့၊ ပုဂံဒေသမှ Youth For All အဖွဲ့ဝင် ပရဟိတလူငယ်များ စုစုပေါင်းအင်အား ၂၀၀ ကျော်ဖြင့် စုပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကာ ပြည်တွင်းပြည်ပ ဘုရားဖူးများဖြင့် နေ့စဉ်စည်ကားလျက်ရှိသော ပုပ္ပားတောင်ကလာပ်ဝန်းကျင် သန့်ရှင်းသာယာပြီး ပလတ်စတစ်အမှိုက်များကင်းစင်စေရန်နှင့် သဘာဝရေမြေတောတောင် အလှအပများ ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် Platic Campaign လုပ်ငန်းများကို အပတ်စဉ် လုပ်ဆောင်နိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **နေအောင် (ပြန်/ဆက်)**



**ရှမ်းပြည်နယ် ညောင်ရွှေမြို့ ရတနာမာန်အောင်ဘုရား ပရဝဏ်အတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် ဆေးရောင်မှေးမှိန်ဟောင်းနွမ်းနေသော သာသနိက အဆောက်အအုံများကို ဆေးအသစ်များသုတ်ခြင်းတို့ကို အမှတ်(၂၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ(တောင်ကြီး)မှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ဦးအောင်မိုးဦး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၂၀ ရက်က ကုသိုလ်ပြုဆောင်ရွက်စဉ်။**

ပြည်နယ်(ပြန်/ဆက်)

## မိုင်းဆတ်မြို့မဈေး၌ မီးငြိမ်းသတ်မှုသရုပ်ပြ

**မိုင်းဆတ် ဖေဖော်ဝါရီ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၁ ရက်က ပြုလုပ်ခဲ့ကြသည်။

မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်မင်း ဦးဆောင်သော သန္နေမီးသတ်တပ်ဖွဲ့ဝင် ၃၀ နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၀ တို့က မီးသတ်ယာဉ်ခြောက်စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီးဖြင့် လက်တွေ့သရုပ်ပြ လေ့ကျင့်ခဲ့ကြပြီး မိုင်းဆတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်၊ မြို့နယ် စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးသောင်းထွန်းဇော်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့သည်။ မိုင်းဆတ်မြို့နယ် မီးသတ်ဦးစီးဌာနသည် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ မီးဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် မီးဘေးကာကွယ်ရေးလုပ်ငန်းများကို လစဉ်စီမံချက်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဇော်(ပြန်/ဆက်)**

## အလောင်းတော်ကဿပသို့ ဘုရားဖူးလာရောက်သူများသော်လည်း ယာဉ်လိုင်းများ ခရီးသည်ရရှိမှု နည်းပါးနေ

**မုံရွာ ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ အလောင်းတော်ကဿပသို့ ယခုနှစ်ဘုရားဖူးရာသီတွင် ဘုရားဖူးလာရောက်သူများပြားလျက်ရှိသော်လည်း အများစုမှာ ကိုယ်ပိုင်ကားများဖြင့် တိုက်ရိုက်သွားရောက်ကြသဖြင့် မုံရွာမှ အလောင်းတော်ကဿပသို့ပြေးဆွဲသော ယာဉ်လိုင်းများမှာ ခရီးသည်ရရှိမှုနည်းနေကြောင်း သိရသည်။

မုံရွာ-အလောင်းတော် ဘုရားဖူးပို့ဆောင်ပေးလျက်ရှိသည့် ကြည်စန်းနှင့်ရောင်းရင်းများ ယာဉ်အသင်းမှ လက်မှတ်ရောင်းသူတစ်ဦးက "ကျွန်တော်တို့ ယာဉ်လိုင်းတွေနဲ့ဆက်သွယ်ပြီး ဘုရားဖူးသွားရောက်တာ ဒီနှစ်မှာ တော်တော်နည်းပါတယ်။ အများစုက ကိုယ်ပိုင်ယာဉ်တွေနဲ့ တိုက်ရိုက်သွားရောက် ဖူးမြော်ကြတာများပါတယ်။ အခုလို ဘုရားပွဲတော်ကာလမှာ တစ်ရက်မှ ခရီးသည် ၁၂ ဦးဆံ့ ကားလေးတစ်စီးနှစ်စီးလောက်ပဲ ပြေးဆွဲပေးနေရပါတယ်။ မနှစ်က ထက်စာရင် ဒီနှစ် ခရီးသည်အရနည်းပါတယ်"ဟု ပြောသည်။

မုံရွာမြို့မှ အလောင်းတော်ကဿပဘုရားသို့ ပြေးဆွဲပေးနေသော ယာဉ်လိုင်းခြောက်ခုရှိပြီး ဘုရားဖူးများအား တစ်ဦးလျှင် ကားခ ကျပ်တစ်သောင်းခွဲဖြင့် နေ့ချင်းပြန် နေ့စဉ်ပုံမှန် ပို့ဆောင်ပြေးဆွဲပေးလျက်ရှိကြောင်း၊ နှစ်စဉ်တပို့တွဲလပြည့်ကာလသည် အလောင်းတော်ကဿပဘုရား ဗုဒ္ဓပူဇနိယ ပွဲတော်ကာလဖြစ်ပြီး အလောင်းတော်ကဿပဘုရား ပရိနိဗ္ဗာန်ပြုရာ စံကျောင်းတော် ကျောက်သားတံခါး ပွင့်ခြင်း၊ ထမနဲထိုးပူဇော်ပွဲရှိခြင်းတို့ကြောင့် လာရောက်ဖူးမြော်သူ များပြားတတ်ကြောင်း၊ ယခုနှစ်တွင်လည်း ဘုရားဖူးရာသီ စတင်ချိန်မှစ၍ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ လာရောက်လျက်ရှိသော်လည်း ဘုရားဖူးပို့ဆောင်ပေးသည့်လုပ်ငန်းများမှာမူ ယခင်နှစ်များထက် ခရီးသည်ရရှိမှုနည်းပါးနေကြောင်း ဘုရားဖူးပို့ဆောင်ပေးသည့် ယာဉ်လိုင်းများမှ သိရသည်။

**ဖိုးချမ်း(မုံရွာ)**



**အလောင်းတော်ကဿပတွင် စည်ကားလျက်ရှိသော ဘုရားဖူးပြည်သူများ။**




| သက်တမ်း | DATA ပမာဏ | ဈေးနှုန်း | အင်တာနက် နှုန်းထား | ဝယ်ယူရန် | |
|---|---|---|---|---|---|
| | | | | USSD Codeဖြင့် | SMSဖြင့် |
| (၁)ည | 250 MB | ၃၀၀ကျပ် | ၁ကျပ် ပြား၂၀/MB | *237*1# | 1N to 1332 |
| (၇)ည | 1 GB | ၁၀၀၀ကျပ် | ၁ ကျပ်/MB | *237*2# | 7N to 1332 |
| ညပေါင်း(၃၀) | 4 GB | ၃၂၀၀ကျပ် | ပြား ၈၀/MB | *237*3# | 30N to 1332 |

(၃၁-၃-၂၀၁၆)အထိ ရယူနိုင်ပါသည်။

ညစဉ် ည(၁၁) နာရီမှ နံနက်(၇)နာရီအတွင်း အသုံးပြုနိုင်ပါသည်။

- "ဆွေသဟာ" ရယူထားသည့် GSM/WCDMA (Postpaid နှင့် Pre-paid) အသုံးပြုသူများအားလုံး ရယူအသုံးပြုနိုင်ပါသည်။
- Promotion ကာလအတွင်း ညစဉ် ည (၁၁)နာရီ မှ နံနက် (၇)နာရီ အထိ နာရီပေါင်း (၈) နာရီကြာ အသုံးပြုနိုင်ပါမည်။
- ည (၁၁)နာရီ မှ နံနက် (၇) နာရီ အတွင်း အသုံးပြုရန်သတ်မှတ်ထားသော Data ပမာဏ ကုန်သွားပါက ထပ်မံဝယ်ယူ အသုံးပြုနိုင်ပါသည်။
- ည (၁၁)နာရီ မှ နံနက် (၇) နာရီ အတွင်း အင်တာနက်သုံးစွဲခများကို "Dataများနဲ့ည Package"မှသာ ကောက်ယူသွားမည်ဖြစ်ပါသည်။
- ဝယ်ယူထားသောPackageမှအင်တာနက်သုံးစွဲခများကျော်လွန်ပါက ပုံမှန်နှုန်းထားအတိုင်းဆက်လက် ကောက်ယူသွားပါမည်။
- MPT SIM ကဒ် ကို SIM Slot 1 တွင် ထည့်သွင်းအသုံးပြုပါက ပိုမိုကြည်လင်ပြတ်သားသောအသံနှင့် မြန်ဆန်သော 3G အင်တာနက် ဝန်ဆောင်မှုကို ရရှိနိုင်ပါမည်။

ဆွေသဟာ ရယူရန် "SWE" ဟုရိုက်၍ 1332 သို့အခမဲ့ SMS ပေးပို့ပြီး ဝန်ဆောင်မှုရယူနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက
http://www.mpt.com.mm https://facebook.com/mptofficialpage MPT OFFICIALသို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

CALL CENTER 106 (၂၄)နာရီအခမဲ့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

KBZ SC
KBZ STIRLING COLEMAN SECURITIES CO., LTD.

# ရန်ကုန်စတော့အိတ်ချိန်း၌ အစုရှယ်ယာအရောင်းအဝယ်ပြုလိုသူများအား ဖိတ်ခေါ်ခြင်း

၁။ ၂၀၁၆ခုနှစ် မတ်လတွင် ရန်ကုန်စတော့အိတ်ချိန်း၌ ရှယ်ယာများစတင်ရောင်းချရန် ပြင်ဆင်ဆောင်ရွက်နေသည့် အများပိုင်ကုမ္ပဏီများဖြစ်သော FMI နှင့် မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်တို့တွင် အစုရှယ်ယာဝယ်ယူထားသူများသာမက၊ အများပိုင်ကုမ္ပဏီများတွင် အစုရှယ်ယာဝယ်ယူထားခြင်း မရှိသေးသူများအပါအဝင်၊ ရန်ကုန်စတော့အိတ်ချိန်း၌ အစုရှယ်ယာအရောင်းအဝယ်ပြုလုပ်ရန်အတွက် လိုအပ်သည့်ငွေချေးသက်သေခံလက်မှတ်စာရင်း securities account ဖွင့်လှစ်နိုင်ပါရန် KBZ SC ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမှ လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါ securities account ဖွင့်လှစ်နိုင်ရေးအတွက် စာရင်းဖွင့်လှစ်လိုသူကိုယ်တိုင် (တစ်ဦးချင်းဖြစ်စေ/ အစုစပ်ဖြစ်စေ/ ကုမ္ပဏီအနေဖြင့်ဖြစ်စေ) အောက်ဖော်ပြပါ KBZ SC ရုံးချုပ်နှင့် KBZ ဘဏ်ခွဲများသို့ လာရောက်ပါရန်နှင့် သက်ဆိုင်ရာနိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဘဏ်တစ်ခုခု၌ ငွေစာရင်းဖွင့်လှစ်ထားသည့် ဘဏ်ငွေစာရင်းစာအုပ်၊ ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်၊ ဒါရိုက်တာအစည်းအဝေးဆုံးဖြတ်ချက်နှင့် FMI၊ မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်၏ အစုရှယ်ယာရှင်များအနေဖြင့် သက်ဆိုင်ရာကုမ္ပဏီကထုတ်ပေးသည့် အစုရှယ်ယာပိုင်ဆိုင်ကြောင်းထောက်ခံချက် တစ်ပါတည်းယူဆောင်လာရန် လိုအပ်ပါသည်။

၃။ Securities account ဖွင့်လှစ်ခြင်းကို စိတ်ပါဝင်စားသူ နိုင်ငံသားတိုင်းနှင့် မြန်မာကုမ္ပဏီများအနေဖြင့် FMI ကုမ္ပဏီ၏ အစုရှယ်ယာရှင်များအတွက် ၂၅-၁-၂၀၁၆ရက်နေ့မှစတင်ပြီးလည်းကောင်း၊ မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်၏ အစုရှယ်ယာရှင်များအတွက် ၂၅-၂-၂၀၁၆ ရက်နေ့မှစတင်၍လည်းကောင်း အောက်ဖော်ပြပါ KBZ SC ရုံးချုပ်နှင့် KBZ ဘဏ်ခွဲများတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

KBZ SC ရုံးချုပ် - အမှတ် (၁၀၅)၊ မြေညီထပ်၊ Strand Square၊ ကျောက်တံတား၊ ရန်ကုန်မြို့။

| | | |
|---|---|---|
| ၁။ မြန်မာစင်တာဘဏ်ခွဲ (ရန်ကုန်) | ၁၁။ သစ္စာလမ်းဘဏ်ခွဲ (ရန်ကုန်) | ၂၁။ လမ်း ၈၀ဘဏ်ခွဲ (မန္တလေး) |
| ၂။ အင်းလျားလမ်းဘဏ်ခွဲ (ရန်ကုန်) | ၁၂။ ထီးတန်းဘဏ်ခွဲ (ရန်ကုန်) | ၂၂။ မင်္ဂလာဈေးဘဏ်ခွဲ (မန္တလေး) |
| ၃။ ရန်ကင်းဘဏ်ခွဲ (ရန်ကုန်) | ၁၃။ အလုံ-ထော်လီကွေ့ဘဏ်ခွဲ | ၂၃။ ပြည်ကြီးတံခွန်ဘဏ်ခွဲ (မန္တလေး) |
| ၄။ တက္ကသိုလ်လမ်းဘဏ်ခွဲ-၂ (ရန်ကုန်) | ၁၄။ လှိုင်သာယာဘဏ်ခွဲ-၅ (ရန်ကုန်) | ၂၄။ ရတနာပုံဈေးဘဏ်ခွဲ (မန္တလေး) |
| ၅။ ဗိုလ်မြတ်ထွန်းလမ်းဘဏ်ခွဲ (ရန်ကုန်) | ၁၅။ ၇မိုင်ဘဏ်ခွဲ (ရန်ကုန်) | ၂၅။ မန္တလေးဘဏ်ခွဲ-၁ |
| ၆။ လှိုင်သာယာဘဏ်ခွဲ-၄ (ရန်ကုန်) | ၁၆။ ဗိုလ်အောင်ကျော်လမ်းဘဏ်ခွဲ (ရန်ကုန်) | ၂၆။ မန္တလေးဘဏ်ခွဲ-၂ |
| ၇။ ၉မိုင်ဘဏ်ခွဲ (ရန်ကုန်) | ၁၇။ မြောက်ဒဂုံဘဏ်ခွဲ-၃ (ရန်ကုန်) | ၂၇။ မန္တလေးဘဏ်ခွဲ-၄ |
| ၈။ ဒဂုံစင်တာဘဏ်ခွဲ (ရန်ကုန်) | ၁၈။ ခိုင်ရွှေဝါလမ်းဘဏ်ခွဲ (ရန်ကုန်) | ၂၈။ မန္တလေးဘဏ်ခွဲ-၈ |
| ၉။ လမင်းသာယာကွန်ဒိုဘဏ်ခွဲ (ရန်ကုန်) | ၁၉။ မြောက်ဥက္ကလာဘဏ်ခွဲ-၂ (ရန်ကုန်) | ၂၉။ မန္တလေးဘဏ်ခွဲ - ၉ |
| ၁၀။ စံပြဈေးဘဏ်ခွဲ | ၂၀။ သုမင်္ဂလာလမ်းဘဏ်ခွဲ (ရန်ကုန်) | ၃၀။ မန္တလေးဘဏ်ခွဲ-၁၀ |

၄။ အစုရှယ်ယာအရောင်းအဝယ်ပြုလိုသူများအနေဖြင့် securities account ဖွင့်လှစ်နိုင်ရေးနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုသည်များကို KBZ SC ရုံးချုပ်၏ ဖုန်း-၀၁-၂၃၀၇၃၀၀ ~ ၂၃၀၇၃၀၂၊ အီးမေးလ်- clientservices@kbzsc.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

**KBZ Stirling Coleman Securities Company Limited**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း၏ စီမံကိန်းဆိုင်ရာတည်ဆောက်မှုလုပ်ငန်းများအား နိုင်ငံတော်နှင့် ပြည်တွင်းတိုင်းရင်းသားကုမ္ပဏီတို့ ပူးပေါင်းပါဝင်ဆောင်ရွက်သော စနစ်အခြေခံ၍ အကျိုးတူဆောင်ရွက်သွားလိုပါသည်။

| | |
|---|---|
| ၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန်** | - ၂၄-၂-၂၀၁၆ရက်၊ ၀၉း၃၀နာရီ |
| **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်၊ အချိန်** | - ၂၉-၂-၂၀၁၆ရက်၊ ၁၆း၃၀နာရီ |
| **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်၊ အချိန်** | - ၁၁-၃-၂၀၁၆ရက်၊ ၁၆း၃၀နာရီ |

၃။ တင်ဒါအဆိုပြုလွှာ ပြန်လည်တင်သွင်းရာတွင် မြန်မာကျပ်ငွေ/အမေရိကန်ဒေါ်လာ နှစ်မျိုးလုံးဖြင့် အဆိုပြုတင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် ကျပ် ၅၀၀၀၀နှုန်းဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၈၁၀၄၁၈၄၊ ဖက်စ်-၀၆၇-၈၁၀၄၁၈၄**

လက်ရှိစီးပွားရေးပြုလုပ်နေဆဲဖြစ်သော
**SINGAPORE KITCHEN** စားသောက်ဆိုင်ကို
ပူးပေါင်းဆောင်ရွက်ရန်နှင့်
ဆိုင်နေရာသစ် လုပ်ဆောင်လိုသူများ ဆက်သွယ်နိုင်ပါသည်။
**ဖုန်း-၀၉-၄၂၀၁၈၅၅၃၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ဇရာထွန်းရပ်ကွက်၊ အကွက်အမှတ် (၁)၊ ဦးပိုင်အမှတ် (ခ/၄၀)၊ ကန်တော်ကြီးအနောက်ဘက်ခြမ်း၊ ကန်ပတ်လမ်းအရှေ့ဘက်ရှိ ဒေါ်သိန်းအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးမင်းမင်းထွေး ၈/ခမန(နိုင်)၀၁၅၇၆၇ မှ ဇရာထွန်းမြို့ကွက်သစ်နေရာချထားရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၂)ရပ်ကွက်၊ အကွက်အမှတ် (စ-၄)၊ ဦးပိုင်အမှတ် (၄၅)၊ ၆၅×၆၆ ကြား၊ ဇလပ်ဝါလမ်းနှင့် ခိုင်ရွှေဝါလမ်းကြားရှိ ဦးကျော်ခင်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးကိုကို ၉/မရမ(နိုင်)၀၇၂၂၅၆၊ ဒေါ်ကေစီဝင်း ၉/မရမ(နိုင်)၀၆၃၂၇၅၊ ဦးနိုင်ဝင်းဦး ၉/မရမ(နိုင်)၀၉၁၂၄၄ တို့မှ မြို့ကွက်သစ်နေရာချထားရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကွန်ဒို/တိုက်ခန်းသစ်ရောင်းမည် (စမ်းချောင်းမြို့နယ်)

၁။ မကြီးကြီးလမ်း၊ ပေ (၂၅×၅၀)၊ ငါးလွှာ၊ (4.F)၊ ကျွန်းပါကေး MBR(1), BR(2)၊ ဘိုထိုင်၊ ကြွေပြားပြည့်၊ ဂျက်ဆင်ဘုတ်၊ အထူးပြင်ဆင်ပြီး၊ တိုက်ခန်း(သစ်) သိန်း(၉၇၀)။

၂။ ငှက်ပျောတောလမ်း၊ ပေ (၁၂ ½×၅၀)၊ မြေညီ(ထပ်ခိုးပါ) MBR(1), BR(1), A/C(2) ရေပူရေအေး၊ ကြွေပြားပြည့်၊ အထူးပြင်ဆင်ပြီး၊ တိုက်ခန်း(သန့်) သိန်း(၉၈၀)။

၃။ အောင်တော်မူလမ်း၊ ပေ (၂၅×၅၀)၊ သုံးလွှာ (2.F)၊ ကျွန်းပါကေး MBR(1), BR(1) ဖုန်း၊ ဘိုထိုင်၊ ကြွေပြား၊ (Lift)ပါ၊ ပြင်ဆင်ပြီး၊ ကွန်ဒိုတိုက်ခန်း(သစ်) သိန်း(၁၄၇၀)။

**(ပွဲစားမလို) ဝယ်သူဆက်ရန် ဖုန်း- 09-73156494, 09-5071144**


## အယူတော်ခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားပြိုင်များသို့ ကြားသိစေသည့်
## အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
### ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
### ၂၀၁၅ ခုနှစ် တရားမပထမအယူခံမှုအမှတ် - ၃၅၃

| | | |
|---|---|---|
| ဒေါ်ခင်မေဝင်း | **နှင့်** | ၁။ ဒေါ်အေးမြစံ |
| (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမျိုးညွန့်) | | ၂။ ဒေါ်သန္တာကျော်စိန် |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်များ** |

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၄ ရက်စွဲပါ ရန်ကုန်အနောက်ပိုင်း ခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၄၅၆/၂၀၁၁ ၏ စီရင်ချက်နှင့်ဒီကရီကို အယူတော်ခံမှု။

အထက်အမည်ပါအမှုမှ အယူခံတရားပြိုင်များ သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်ပေးသည့်ဒီကရီကို ဒေါ်ခင်မေဝင်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမျိုးညွန့်)က အယူတော်ခံရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ဤအယူခံမှုကို ၂၀၁၆ ခုနှစ် မတ်လ ၁၄ ရက် (၁၃၇၇ ခုနှစ် တပေါင်းလဆန်း ၆ ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ရှေ့နေဖြစ်စေ၊ အယူခံမှုတွင် သင်တို့အတွက် ရွက်ဆောင်ရန် တရားဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးတော်သို့ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်တို့မရှိသည့်အခါတွင် တစ်ဖက်သတ် ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်တို့က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်း-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်း-၂၂အရ ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်တို့ကကန့်ကွက်ကြောင်း ဤအယူခံမှုရုံးတော်၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**
**(ခိုင်ခိုင်လေး)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

ASEAN Engineer (AE) နှင့် Associate ASEAN Engineer (AAE) လက်မှတ်များအတွက်
**အဆိုပြုလျှောက်လွှာများ ခေါ်ယူခြင်း**

၂၀၁၆ခုနှစ်အတွက်ASEAN Engineer (AE) နှင့် Associate ASEAN Engineer (AAE) မှတ်ပုံတင် လက်မှတ်များကို ၂၀၁၆ခုနှစ်၊ နိုဝင်ဘာလတွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပပြုလုပ်မည့် အာဆီယံအင်ဂျင်နီယာများ၊ အသင်းချုပ်ညီလာခံ (CAFEO-34)တွင် ချီးမြှင့်မည်ဖြစ်ရာ လျှောက်ထားလိုသော အရည်အချင်းပြည့်မီသည့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အသင်းဝင်များကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ စိစစ်၍ ထောက်ခံတင်ပြပေးမည် ဖြစ်ပါသဖြင့် လျှောက်ထားလိုသူများသည် ၂၀၁၆ခုနှစ်၊ မတ်လ(၂၈)ရက် နေ့ နောက်ဆုံးထား၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသို့ သတ်မှတ်ပုံစံဖြင့် လျှောက်ထားနိုင်ပါသည်။

လျှောက်ထားလိုသူများ၏ အရည်အချင်း သတ်မှတ်ချက်များကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (ဖုန်း-၅၁၉၉၆ရ၃-၆)တွင် စုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း


## အမြန်ရောင်းမည်

အင်းစိန်မြို့နယ်၌ရှိသော (75' x 90') အိမ်နှင့်ခြံ ရောင်းမည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၅၂၈၄၃၀၀၊ ၀၉-၄၂၈၁၈၂၉၇၉၊ ၀၉-၅၀၆၁၅၀၇**


## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ရဲမင်းပိုင် ၈/နမန(နိုင်)၁၆၀၆၅၇ ၏ နိုင်ငံကူးလက်မှတ် အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**မောင်ရဲမင်းပိုင် ဖုန်း-၀၉-၇၉၁၂၄၅၂၀၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ပဒေသာလမ်း၊ အမှတ် (၇၁)နေ ဦးမင်းမင်းထိုက် ၁၄/ပသန(နိုင်)၁၄၃၉၆၈ သည် ဒေါ်သီဂီစိုး ၁၂/အစန(နိုင်) ၀၀၀၇၃၆ ထံတွင် ရွှေပြည်သာမြို့နယ်ရှိ မြေကွက်(၃)ကွက်နှင့် လှည်းကူးမြို့နယ်ရှိ ခြံကွက် (၁)ကွက်တို့၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများအား ယုံကြည်အပ်နှံခြင်းစာချုပ်များ၊ အရောင်းအဝယ်စာချုပ်အလွတ်များအား ပြုလုပ်ချုပ်ဆိုအပ်နှံပေးခဲ့ကြောင်း၊ ယခုအခါ ဒေါ်သီဂီစိုးသည် အဆိုပါစာရွက်စာတမ်းများအား ပြန်လည်အပ်နှံခြင်းမရှိပါ။ ဒေါ်သီဂီစိုးထံ၌ အပ်နှံထားသော စာချုပ်များအား မမှန်မကန်ဖြည့်စွက်၍ မည်သည့်ကိစ္စမှမဆောင်ရွက်ရန်နှင့် ဒေါ်သီဂီစိုး၏ ပြုလုပ်မှုကြောင့်ဖြစ်ပေါ်လာသော မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမင်းမင်းထိုက်** | **ဦးထွန်းထွန်းဝင်း LL.B** |
| **၁၄/ပသန(နိုင်)၁၄၃၉၆၈** | **အထက်တန်းရှေ့နေ (စဉ်-၃၈၈၃၈)** |
| **အမှတ် (၇၁)၊ ပဒေသာလမ်း၊** | **အမှတ် (၂၂/က)၊ လှိုင်သီတာလမ်း၊** |
| **ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်** | **(၁၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်** |

## ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန်စာမေးပွဲ ဝင်ခွင့်လျှောက်လွှာများ ခေါ်ယူခြင်း

ဒေါက်တာခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော ပိဋကသုံးပုံ ပါဠိတော် မြန်မာပြန်စာမေးပွဲကို ၁၃၇၈ခုနှစ် (၂၀၁၆)ခုနှစ်၌ စတုတ္ထအကြိမ် ကျင်းပမည်ဖြစ်ပါ၍ ဝင်ရောက်ဖြေဆိုလိုသော ပုဂ္ဂိုလ်များ (ရဟန်းရှင်၊ လူ မည်သူမဆို) ၁၃၇၇ခုနှစ် တပို့တွဲလပြည့်နေ့ (၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၂၃ရက်) အင်္ဂါနေ့မှ စတင်၍ ၁၃၇၇ ခုနှစ် တပေါင်းလကွယ်နေ့ (၂၀၁၆ ခုနှစ် ဧပြီ ၇ ရက်) ကြာသပတေးနေ့ကို နောက်ဆုံးထားကာ စာမေးပွဲဝင်ခွင့်လျှောက်လွှာများ တင်သွင်းနိုင်ကြပါသည်။ စာမေးပွဲဝင်ခွင့်လျှောက်လွှာပုံစံများကို ဓမ္မဗိမာန်၊ (ရှိုင်းဟုပ်ကုမ္ပဏီ၊ ပရဟိတရုံးခန်း)၊ အမှတ် ၂၅၊ ယုဇနစီးပွားရေးစင်တာ၊ ဒုတိယထပ်၊ ဓမ္မစေတီလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန် ဖုန်း-၀၉-၂၅၀၉၀၄၉၇၂၊ ၀၉-၄၉၂၂၀၇၂၁၊ ၀၉-၂၅၆၀၇၁၃၉၀ တို့သို့လည်းကောင်း၊ အောင်မင်္ဂလာ ဓမ္မသိပ္ပါလယဗုဒ္ဓစာပေ သင်တန်းကျောင်း တောင်စလင်းတိုက်၊ ချမ်းအေးသာစံမြို့နယ်၊ ၆၂လမ်း၊ ၃၂လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း-၀၉-၂၀၀၅၆၉၇၊ ၀၉-၉၁၀၂၄၀၅၉တို့သို့လည်းကောင်း၊ သာမဏေကျော်စာသင်တိုက်၊ ဥဿာမြို့သစ်၊ (၁၈)ရပ်ကွက်၊ ပဲခူးမြို့၊ ဖုန်း-၀၉-၅၃၀၁၅၆၁ သို့လည်းကောင်း ဆက်သွယ်ထုတ်ယူနိုင်ပါသည်။

## ရန်ကုန်မြို့ စေတနာရှင်များ၏ သတ္တမအကြိမ်မြောက် စုပေါင်းရေစက်ချ ဓမ္မသဘင် ဖိတ်ကြားလွှာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ ယင်းမာပင်မြို့နယ်အတွင်းရှိ အလောင်းတော်ကဿပ မူလပင်မလမ်း ကျေးရွာပေါင်း ၆၀ ကျော် မိုင်ရာဖြစ်သော ရွှေဆံပင်တံတားလမ်းများအတွက် ရွှေဆံပင်နှင့်လစဉ် အာစိဏ္ဏကံအလှူတော်ငွေများ လှူဒါန်းကြသော စေတနာရှင်များအား ရွှေဆံပင်တံတားလမ်းဦးစီးနာယကဆရာတော် အရှင်ဝေပုလ္လ (သာသနဓဇ ဓမ္မာစရိယ၊ ဥဘတောဝိဘင်္ဂရေ)မှ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားချီးမြှင့်ပေးမည်ဖြစ်ပါ၍ တရားတော်နာ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**တရားပွဲကျင်းပမည့်အစီအစဉ်**

**နေ့ရက်** - ၁၃၇၇ခုနှစ်၊တပေါင်းလဆန်း ၅ရက်၊(၁၃-၃-၂၀၁၆ရက်)
**အချိန်** - မွန်းလွဲ ၂ နာရီ
**နေရာ** - ရေကူးမြို့မကျောင်းတိုက်၊ ဂန္ဓမာလမ်း၊ ကမ္ဘာအေး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

**ရွှေဆံပင်တံတားလမ်းများနှင့် ရန်ကုန်မြို့တွင်တည်ဆောက်မည့် ရွှေဆံပင်ပရဟိတပညာရည်မြှင့်တင်ရေးစင်တာ ငါးထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေများ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါသည်။**

## (၁၁)ကြိမ်မြောက် ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်း (၆-၃-၂၀၁၆ - ၂၀-၃-၂၀၁၆) ဓမ္မရတနာသာသနာ့ရိပ်သာ

နန္ဒင်းကုန်းရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၇၁၆၄၂၊ ၀၉-၇၉၅၅၇၀၂၇၅
သင်တန်းတက်ရောက်လိုသူများ အမည်စာရင်းပေးသွင်းနိုင်ပါပြီ။

**သင်တန်းဖြစ်မြောက်ရေးအဖွဲ့**
**ဓမ္မရတနာသာသနာ့ရိပ်သာ**

## မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

၁၉၉၈-၂၀၀၇ ခုနှစ် (TU မှော်ဘီ) EC ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာကန်တော့ပွဲကို ၃-၄-၂၀၁၆ ရက် (တနင်္ဂနွေနေ့) ညနေ ၅း၀၀နာရီတွင် ရွှေရှမ်းကန်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၁။ ကိုကြည်လွင် - ဖုန်း-၀၉-၇၃၁၈၂၀၉၃
၂။ မမေဖူး - ဖုန်း-၀၉-၇၉၉၉၆၃၁၆၀
၃။ မခိုင်ခင်ထွန်း - ဖုန်း-၀၉-၇၉၁၄၂၄၁၄၈
၄။ မစုလှမွန် - ဖုန်း-၀၉-၄၂၁၁၂၀၄၅၁
၅။ မခိုင်အိဖြူ - ဖုန်း-၀၉-၄၀၁၆၀၁၃၁၇

**KBZ Bank Account (Hladen) Branch 02 11220094735**

## ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ တပင်ကောင်း(မ)ရွာတွင် နေထိုင်သော ဒေါ်ဝင်းမာ ၅/ခဥန(နိုင်)၀၁၂၆၄၄သည် ၎င်း၏ဆန္ဒအလျောက် ၂၁-၈-၂၀၁၃ရက်မှစ၍ နေအိမ်မှထွက်ခွာသွားပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စမှန်သမျှကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးတင်မောင်ဆန်း ၅/ခဥန(နိုင်)၀၁၈၆၄၉**

## ခရီးစဉ်နှင့် ဈေးနှုန်းများ (ဘုရားဖူးခရီးစဉ်များ)

မန်းရွှေစက်တော်ဘုရားပွဲတော်သို့ (11-2-16)နေ့မှစ၍ အပတ်စဉ် အင်္ဂါ၊ သောကြာနေ့တိုင်းထွက်ပြီ

▲ ရွှေစက်တော်နှင့် လမ်းဘုရားစုံ
▲ ရွှေစက်တော်နှင့် ပုဂံ၊ ပုပ္ပါး (စွယ်တော်လေးဆူ)
▲ ရွှေစက်တော်နှင့် ပုဂံ၊ ပုပ္ပါး၊ အလောင်းတော်ကဿပ
▲ ရွှေစက်တော်နှင့် ပုဂံ၊ ပုပ္ပါး၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
▲ ရွှေစက်တော်နှင့် ပုဂံ၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကံ့လုံ
▲ ရွှေစက်တော်နှင့် အထက်ဘုရားစုံဖူး ခရီးစဉ်
▲ ရွှေစက်တော်နှင့် အလောင်းတော်ကဿပ
▲ ရွှေစက်တော်နှင့် ရခိုင်၊ မြောက်ဦး၊ ကျောက်တော်၊ စစ်တွေ
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကံ့လုံ၊ မွေတော်ကက္ကူ၊ ထမ်စမ်းလိုဏ်ဂူ (၄)ရက်။ လွိုင်ကော်ပါ (၅)ရက်။
▲ ပုပ္ပါး၊ ပုဂံ (စွယ်တော်လေးဆူ)၊ မန္တလေး၊ ပြင်ဦးလွင် (၅)ရက်
▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ (၅)ရက်
▲ မန္တလေး၊ ပြင်ဦးလွင်အနှံ့၊ ဒီးဒုတ်ရေပြာအိုင်၊ ကျောက်စိမ်းစေတီ
▲ အလောင်းတော်ကဿပနှင့် မုံရွာ ဘုရားစုံ (၃)ရက်
▲ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန် ခရီးစဉ်
▲ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ ခရီးစဉ် **အပတ်စဉ် သောကြာ**
▲ မော်တင်စွန်းဘုရားပွဲတော်
▲ ကျိုက်ထီးရိုး (နေ့စဉ်) ▲ ဇလွန် (တနင်္ဂနွေ)
▲ ထုံးဘို အကောက်တောင်နှင့် ပြည်ဘုရားစုံ (စနေ)

အမှတ်-၂၇၅၊ ပန်းဆိုးတန်းလမ်း(အပေါ်လမ်း)၊ ကျောက်တံတား၊ ရန်ကုန်မြို့။ 01-249871,255553,09-5137245,09-5122511

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၄၃၉၄၉ ယာဉ်အမည်ပေါက်သူ ဒေါ်စန်းစန်းမြင့် ၁၄/မအပ(နိုင်)၀၁၂၁၄၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)၊ (မအူပင်မြို့)**

## ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ ရန်ကုန်ပုံနှိပ်စက်ရုံများ၊ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)နှင့် နေပြည်တော်ပုံနှိပ်စက်ရုံတို့မှ ထွက်ရှိသော အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ရောင်းချပါမည်။

၂။ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)နှင့် နေပြည်တော်ပုံနှိပ်စက်ရုံ (ဇေယျာ သီရိ)တို့မှ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၂၂-၂-၂၀၁၆ရက်မှ ၂၅-၂-၂၀၁၆ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၂၅-၂-၂၀၁၆ရက် ညနေ ၄နာရီဖြစ်ပါသည်။

၃။ ရန်ကုန်ပုံနှိပ်စက်ရုံများမှ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့် တင်ဒါပုံစံလျှောက်လွှာနှင့်စည်းကမ်းချက်များကို ၂၂-၂-၂၀၁၆ရက်မှ ၂၉-၂-၂၀၁၆ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန် မှာ ၂၉-၂-၂၀၁၆ရက် ညနေ ၄နာရီဖြစ်ပါသည်။

၄။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၂၅၁၉၀၈၊ ၀၂-၆၂၉၃၂၊ ၀၆၇- ၄၁၂၂၀၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မန္တလေးခရိုင်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၄၈၂**

| | | |
|---|---|---|
| ဒေါ်ခင်မေဝင်း | **နှင့်** | ၁။ ဒေါ်မြမြရှိန် |
| | | ၂။ ဒေါ်မိုးမိုးရှိန် |
| | | ၃။ ဦးဖွဲ့ထက်အောင် |
| **တရားလို** | | **တရားပြိုင်များ** |

ဦးဖွဲ့ထက်အောင် (ဘ) ဦးအောင်မျိုးရှိန် ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ လမ်း(၅၀)၊ ငါးလွှာ၊ အထက်ဘလောက်၊ အမှတ်(၁၅၅)နေ (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်၌တရားလိုက "ငွေကျပ် ၆၃၂၃၀၀၀၀ ရလိုကြောင်း" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၆ခုနှစ် မတ် ၁၆ရက် (၁၃၇၇ခုနှစ် တပေါင်းလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်မြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မန္တလေးခရိုင်တရားရုံး**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ပြသာဒ်ကြီးဘုရားပေါ်တွင် မိမိတို့ကုမ္ပဏီအကြောင်းကို Facebook လူမှုကွန်ရက်ပေါ်တွင် ရေးသားထားသောကိစ္စနှင့်ပတ်သက်၍ တောင်းပန်ခြင်း

ပုဂံညောင်ဦးဒေသရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း၌ ၁၇-၂-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၀၀နာရီဝန်းကျင်တွင် ပြသာဒ်ကြီးဘုရားပေါ်၌ ကျွန်တော်များကုမ္ပဏီ၏ ခရီးစဉ်ပြီးဆုံးပြီဖြစ်သဖြင့် ပုဂံ၏အလှအပနှင့် ရှုခင်းများကို ခွဲခွာရခါနီး နှုတ်ဆက်ရင်းဖြင့် ပျော်ရွှင်ကခုန်မိခဲ့ပါသည်။ ဤအပြုအမူသည် ဘာသာရေးအရလည်းကောင်း၊ ယဉ်ကျေးမှုအရလည်းကောင်း လျော်ကန်မှုမရှိခဲ့ခြင်းအပေါ် အနူးအညွတ်တောင်းပန်အပ်ပါသည်။

**Lucky Time Trading Co.,Ltd.**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (ဓဓ-၂၄)၊ ဦးပိုင်အမှတ်(၇၃)၊ ၅၅×၅၆၊ နှင်းဆီ×မြတ်လေးကြားရှိ ဦးလှမောင်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးခင်မောင်တူး ၉/မရမ(နိုင်)၀၁၅၇၈၉မှ မြေစလစ်၊ မြေကွက်ဖိုးပေးသွင်းခြင်းငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ် ဆ-၂၊ ဦးပိုင်အမှတ် ၅၇၊ ၇၀×၇၁ ကြား၊ ခိုင်ရွှေဝါ×ဇလပ်ဝါကြားရှိ ဦးအေးကိုအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးမြင့်လွင် ၅/ရဥန(နိုင်)၀၆၉၃၀၆၊ ဒေါ်ခင်ညွန့်မေ ၁/မကန(နိုင်)၀၂၆၈၃၂ တို့မှ မြို့ကွက်သစ်နေရာချထားရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင်မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (ဖဖ-၁)၊ ဦးပိုင်အမှတ် (၃၅)၊ ၅၃×၅၄၊ မနော်ဟရီ×နှင်းဆီကြားရှိ ဒေါ်သိန်းတင်အမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးထွန်းမြင့် ၁၀/မလမ(နိုင်)၁၂၄၄၄၁မှ မြို့သစ် တိုးချဲ့ဖော်ထုတ်ရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံး ဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ် ဆဆ-၁၄၊ ဦးပိုင်အမှတ် ၁၆၈ (ခဲစင်း)၊ အနောက်ဘက်ခြမ်း၊ ၄၅×၄၆၊ အောင်ဆန်း×အောင်ဇေယျကြားရှိ ဒေါ်ဝင်းမာအမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်ဝင်းမာ ၉/ခမစ(နိုင်)၀၁၄၅၆၄မှ မြေစလစ်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ ဂရန်သစ်၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၅) ဦးပိုင်အမှတ်(၉၂-က) ၅၉×၆၀လမ်းကြား၊ ကျန်စစ်သားလမ်းနှင့် ဗန္ဓုလလမ်းကြားရှိ ဦးလူလေးအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးစိုးဝင်းအောင် ၉/မရတ(နိုင်)၀၉၂၈၀၀မှ မြေချထားမိန့်မူရင်း၊ လမ်းဖိုး၊ မြေဖိုးပေးသွင်းသည့်ငွေရပြေစာမူရင်းများ ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်းအမှုတွဲ ဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၈)၊ ဦးပိုင်အမှတ်(၂၂) ၄၆×၄၇၊ ခတ္တာ×ဂန္ဓာမာကြားရှိ ဦးသန်းစိန်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးခိုင်စိုးဦး ၉/မဟမ(နိုင်)၀၃၄၆၀၇မှ မြို့သစ်တိုးချဲ့ဖော်ထုတ်ရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့်ဂရန်သစ်၊အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၁)ရပ်ကွက်၊ စွယ်တော်လမ်းတို၊ အမှတ် ၁၄၁၀ နေ ဦးမောင်မောင်အေး ၁၂/ဥကတ(နိုင်)၀၂၇၇၁၀၊ ဒေါ်ငွေငွေကြည် ၁၂/ဥကတ(နိုင်)၀၂၉၀၀၅ တို့၏သား မောင်ထက်လင်းအောင် ၁၂/ဥကတ(နိုင်)၁၈၁၉၁၉ သည် ဖခင်၊ မိခင်၊ မိသားစုအား စိတ်ဆင်းရဲအောင် အမျိုးမျိုး(အကြိမ်ကြိမ်) ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ အမွေစား၊ အမွေခံသားအဖြစ်မှ ရာသက်ပန်စွန့်လွှတ်လိုက်သည်။ နောက်နောင် မောင်ထက်လင်းအောင်နှင့်ပတ်သက်သည့် ကိစ္စရပ်အားလုံး ကျွန်တော်၊ ကျွန်မ၊ မိသားစုနှင့် မသက်ဆိုင်၊ တာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

**ဖခင်-ဦးမောင်မောင်အေး၊ မိခင်-ဒေါ်ငွေငွေကြည်နှင့် မိသားစု**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်း၀(၇)လမ်း၊ အမှတ်(၈၇၁)နေ ဦးမြင့်စိုး ၁၂/ဥကတ(နိုင်)၀၂၇၀၈၉၏သား မောင်ထက်လင်းအောင် ၁၂/ဥကတ(နိုင်)၁၈၁၉၁၉သည် ဖခင် မိသားစုနှင့် ရပ်ကွက်ပြည်သူများကို စိတ်ဆင်းရဲအောင် အမျိုးမျိုး(အကြိမ်ကြိမ်)ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ အမွေစား၊ အမွေခံသားအဖြစ်မှ ရာသက်ပန်စွန့်လွှတ်လိုက်သည်။ နောက်နောင် မောင်ထက်လင်းအောင်နှင့်ပတ်သက်သည့် ကိစ္စရပ်အားလုံး ကျွန်တော် မိသားစုနှင့်မသက်ဆိုင်၊ တာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

**ဖခင် ဦးမြင့်စိုးနှင့်မိသားစု**

**ပြည်သူ့လွှတ်တော် အစည်းအဝေး**

## အယ်နီညိုရာသီဥတုနှင့်ပတ်သက်သည့်အရေးကြီးအဆိုအား လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

စာ » ၇

**အမျိုးသားလွှတ်တော် အစည်းအဝေး**

## ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီကို လွှတ်တော်ကအတည်ပြုဖွဲ့စည်းခြင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းရေးတို့ကို ဆောင်ရွက်


စာ » ၇

# ဒို့တာဝန်အရေးသုံးပါးနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်နိုင်ရန်အတွက် တပ်မတော်က ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ဆန်၊ ကျောက်မဲမြို့နယ်များအတွင်း ရှင်းလင်းလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်၊ ကျောက်မဲမြို့နယ်များအတွင်း SSA (ရွှက်ဆစ်) အဖွဲ့နှင့် TNLA သောင်းကျန်းသူအဖွဲ့များ တိုက်ပွဲဖြစ်ပွားမှုကြောင့် ဒေသခံပြည်သူများ ဒုက္ခများကြုံတွေ့နေမှုအပေါ် တိုက်ပွဲများအမြန်ဆုံးရပ်ဆိုင်းနိုင်ရေးနှင့် စစ်ဘေးရှောင်ပြည်သူများ၏ လူမှုဒုက္ခများ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးတို့အတွက် ဖေဖော်ဝါရီ ၁၇ ရက်က ပြုလုပ်ခဲ့သော ပြည်သူ့လွှတ်တော်အစည်းအဝေး၌ နိုင်ငံတော်အစိုးရ၊ ရှမ်းပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးအား တိုက်တွန်းကြောင်း အရေးကြီးအဆိုတင်သွင်း၍ ဆွေးနွေးဆုံးဖြတ်ပြီး အတည်ပြုခဲ့သည့်အတွက် တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒို့တာဝန်အရေးသုံးပါးနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် တိုက်ပွဲဖြစ်ပွားရာဒေသများသို့ ဝင်ရောက်လှုပ်ရှားရှင်းလင်းလျက်ရှိသည်။

ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ဆန်၊ ကျောက်မဲမြို့နယ်များအတွင်း SSA (ရွှက်ဆစ်) အဖွဲ့နှင့် TNLA သောင်းကျန်းသူအဖွဲ့များသည် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၅ ရက်မှ ယခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်အထိ တိုက်ပွဲ အကြိမ် ၂၀ ဖြစ်ပွားခဲ့ပြီး အဆိုပါ လက်နက်ကိုင်အဖွဲ့များသည် ကျေးရွာများကို မီးရှို့ခြင်း၊ ရဟန်းသံဃာများကို ဖမ်းဆီးခြင်း၊ ရွာသူရွာသားများကို ဖမ်းဆီးသတ်ဖြတ်ခြင်းများပြုလုပ်ခဲ့ရာ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၅ ရက်အတွင်း ကျောက်မဲခရိုင်အတွင်းမှ ဒေသခံပြည်သူ အမျိုးသား ၁၄၆၇ ဦး၊ စာမျက်နှာ ၅ ကော်လံ ၁ ☆




**ယနေ့ ⟶ ဖတ်စရာ**

**AFC Cup ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ တိုက်ရိုက်ထုတ်လွှင့်မည်** စာ » ၁၀

**ပျဉ်းမနား-တောင်တွင်း လော်ကယ်ရထားပေါ်မှ စရိုက်စုံနှင့် အတွေးပုံရိပ်များ** စာ » ၁၁

**မင်းတပ်မြို့ စံပြရပ်ကွက်ရှိ စည်ပင်သာယာဈေးမီးလောင်** စာ » ၁၃


# ငွေကျပ် ၁၅ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးများဖမ်းမိ



**တာချီလိတ် ဖေဖော်ဝါရီ ၂၃**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ) ကျေးရွာအုပ်စု ပါခုတ်ကျေးရွာ ပူးပေါင်း စစ်ဆေးရေးစခန်း၌ ငွေကျပ်သန်းပေါင်း ၁၅၇၅၀ (၁၅ ဘီလီယံကျော်) တန်ဖိုးရှိ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားသိန်း ၆၀ ကျော်အား ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁၀ နာရီခွဲက ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၃၀) တာချီလိတ်မှ ရဲအုပ် ရဲဝင်းထွန်း ဦးစီးအဖွဲ့ စစ်ဗျူဟာအဖွဲ့(အခြေချ) တာချီလိတ်မှ စာမျက်နှာ ၁၃ ကော်လံ ၃ ■

# ရန်ကုန်အသင်းနှင့် တောင်တရုတ်အသင်း ပွဲစဉ်အတွက် သတင်းစာရှင်းလင်း

သတင်း-ညီမြတ်သော်တာ

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

၂၀၁၆ ရာသီ AFC Cup ပြိုင်ပွဲအုပ်စု အဖွင့်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားမည့် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဟောင်ကောင်ကလပ် တောင်တရုတ်အသင်းတို့၏ ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက MFF ရုံး၌ ကျင်းပသည်။

ရန်ကုန်အသင်းနှင့် တောင်တရုတ်အသင်းတို့သည် ဖေဖော်ဝါရီ ၂၄ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး MRTV နှင့် For Sports ရုပ်သံလိုင်းတို့မှ တိုက်ရိုက်ပြသမည်ဖြစ်သည်။ မြန်မာကလပ်အသင်း တစ်သင်းဖြစ်သည့် ရောဝတီအသင်းသည် အဝေးကွင်းပွဲစဉ်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး လက်ရှိချန်ပီယံ မလေးရှားကလပ် ဂျိုဟိုဒါရူးလ်အသင်းနှင့် မြန်မာစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် မလေးရှားနိုင်ငံ၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ❍






mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS